၄၇၀

ဆရာကြီး
ဦးကြီးစိန်
ရေးသားပြုစုသည်

တနင်္သာရီတိုင်း
မြိတ်ရာဇဝင်တော်ကြီး

ခဲရာခဲဆစ်၊ အမြစ်အခြေ၊ သေချေပေါင်းစည်း၊ အနှည်းနှည်း တို့ဖြင့်၊ တန်ဆာဆင်အပ်သော၊ ရှေးပညာရှိ၊ ကဝိအဆို ထိုထိုရာဇဝင် ကျမ်းအစုစုတို့မှ ဗဟုသုတသိမ္ပတိုးပွား အကျိုးများစေခြင်းငှာ ဇာယာအကနု်၊ တစ်သန့်တစ်ပုံ၊ ရှဋ္ဌိသာဓက၊ အဓိပ္ပါယတ္ထအဖြာဖြာ၊ ဧကဝါစကားပြေ၊ အထွေထွေမချန်၊ သဖြန်ဖြန်ဂဟတ်၊ တေးထပ်သံပေါက်၊ ပါဠိလျှောက်အနက်၊ အချက်ကျရာ၊ အက္ခရာပုဒ်သားဖြင့်၊ မမှား မယွင်းစေရ၊ ရှင်းလင်းသေသပ်စွာ ထုတ်နုတ် စီရင်ရေးသားအပ်သော

တနင်္သာရီတိုင်း

မြိတ်ရာဇဝင်တော်ကြီး

ပထမတွဲ

၁၂၉၁ ခု၊ တန်ဆောင်မုန်းလတွင်း
ပုံနှိပ်လုပ်ဆောင်ခြင်း၏။

မူပိုင်ရှင် ဆရာဦးဘိုးစိန်

—၀—

ပြည်သူ့ ဆက်သံရေး...
စာအမှတ် ....
ရက်စွဲ ....
မြိတ်မြို့

အင်္ဂလိပ်-မြန်မာစာပုံနှိပ်တိုက်၊ မြိတ်မြို့။
1929

မာတိကာ

ခန်း	အကြောင်းအရာ	စာမျက်နှာ
၁။	ယောနကတိုင်း ကျမိုင်းမင်းကြီးနှင့်တကွ သားတော်၊ မြေးတော် အစဉ်အဆက် မြို့ရွာတည်တော်မူခြင်းအကြောင်း	၃
၂။	အငယ်ဆုံးဖြစ်သော ဗြမ္မဒတ္တရီမင်းသည် ထောင့်ကွာမြို့တည်တော်မူခြင်းအကြောင်း	၅
၃။	ဗျန်စက္ကပိတ်မင်းကြီးသည် မြို့ရွာအစဉ်အဆက် တည်တော်မူခြင်းအကြောင်း	၇
၄။	ပရမရာဇာမင်းသားငယ်ကို ပူလုယကျွမ်းထွေးတော် တိုင်းပြည်သို့စေလွှတ်ခြင်းအကြောင်း	၈၃
၅။	ဘုရားထွက်၊ ဘုရားထန်၊ ဘုရားကိုင်တို့ ဖြစ်ပေါ်ခေါ်တွင်ခြင်းအကြောင်း	၁၇
၆။	ရွှေမုတ်ထီးဘုရားသမိုင်းအဆက် အမြွက်မျှ ဖော်ပြခြင်းအကြောင်း	၂၁
၇။	ပရမရာဇာမင်းသားငယ်သည် မိထွေးတော် တိုင်းပြည်ကပြန်၍ ဖခမည်းတော် နေပြည်တော်သို့ ပြန်ရောက်ခြင်းအကြောင်း —	၂၅

မာတိကာ

ဦးရေ　　အကြောင်းအရာ　　စာမျက်နှာ

၈။ အောင်သာဝရမြို့တော်ဟောင်းကပြောင်းရွှေ့၍
ခရင့်းသာအရပ်၌ တရင်းသေမြို့တည်တော်မူခြင်း
အကြောင်း — ၂၆
၉။ ဗျာဒိတ်သိုက်သမိုင်းအကြောင်း — ၂၉
၁၀။ မြရာမသွ တိဿမင်း မာရိတ်မြို့တည်ခြင်းအကြောင်း၊
ဇေတဝန်ဘုရားဖြစ်ပေါ်ခေါ်တွင်ခြင်းအကြောင်း ၃၉
၁၁။ ဆန်လှတောင်ခေါ်တွင်ခြင်းအကြောင်း — ၄၅
၁၂။ နဝထပ်ဘုရားကြီး မြစ်ရေထဲသို့ ကြွဆင်းခြင်း
အကြောင်း — ၅၀
၁၃။ အလောင်းမင်းတရားကြီးဦးအောင်ဇေယျသည်
ယိုးဒယားပြည်သို့ စစ်ချီခြင်းအကြောင်း ၅၅
၁၄။ အလောင်းမင်းတရားကြီး၏ သားတော်၊ မြေးတော်
အစဉ်အဆက်မြို့ရွာတည်ခြင်းအကြောင်း ၅၆
၁၅။ မြန်မာမင်း မြိတ်မြို့ကို အသစ်ထပ်မံတည်တော်မူခြင်း
အကြောင်း — ၅၇
၁၆။ ဆင်ဖြူရှင်မင်းတရားအကြောင်း ၅၈
၁၇။ မြိတ်မြို့ကို ခေမာရာဇာဝန်စိုးအုပ်သည့်အခါ
စီမံခန့်ခွဲတော်မူခြင်းအကြောင်း ၅၈
၁၈။ မြိတ်မြို့ဝန်ခေါ်တော်ကြီးအကြောင်း ၆၂
၁၉။ တနင်္သာရီမြို့ဝန် ဗလကျော်ထင်ကို နေမျိုးနော်ရထာ
ဘွဲ့တော်ဖြင့် မြိတ်မြို့၌ ခန့်ထားသည့်အကြောင်း— ၆၂
၂၀။ ပုဂံမြို့ဝန်မင်း မဏိစန္ဒာကို မြိတ်မြို့ဝန်
ခန့်ထားသည့်အကြောင်း ၆၃
၂၁။ ပဲတောင်စားမင်းကို မြိတ်မြို့၌
ခန့်ထားခြင်းအကြောင်း ၆၄
၂၂။ ဘိုးတော်ဘုရားကြီး အမရပူရမြို့သစ် တည်တော်
မူခြင်းအကြောင်း — ၆၅

မာတိကာ

ဦးရေ	အကြောင်းအရာ	စာမျက်နှာ

၂၃။ ဘိုးတော်ဘုရားလက်ထက် နရသမန်ကျော်ကို မြို့ဝန်ခန့်ထားသည့်အကြောင်း — ၆၆

၂၄။ စစ်ရာချီကို မြို့ဝန်ခန့်ထားသည့်အကြောင်း ၆၈

၂၅။ မင်းလှကျော်ကိုမြို့ဝန်ခန့်ထားသည့်အကြောင်း ၆၉

၂၆။ မင်းရန်ကူးကို မြို့ဝန်ခန့်ထားသည့်အကြောင်း ၆၉

၂၇။ ဦးမြတ်လေးကို မြို့ဝန်ခန့်ထားခြင်းအကြောင်း ၇၀

၂၈။ ကုန်းဘောင်မင်း ၁၁ ဆက်တွင် နောက်ဆုံးဖြစ်သော သီပေါမင်း၏ ဖွားတော်မူသောသက္ကရာဇ်နှင့် နန်းစည်းစိမ်သက်တော်အကြောင်း ... ၇၈

၂၉။ မြို့ပျက်မြို့ဖြစ်ပျက်မည့်အကြောင်း ... ၇၉

၃၀။ အင်္ဂလိပ်ဝိတိုရိယဘုရင်မဖုရားကြီးနှင့် သားတော်မြေးတော် အစဉ်အဆက် ရာဇဝင်အကျဉ်းချုပ်အကြောင်း — ၈၂

၃၁။ ပဉ္စမတွဲဆက်လက်ခြင်းအကြောင်း ... ၈၆

၃၂။ တနင်္သာရီတိုင်းမင်းတို့၏ စံပျော်ရာ မြို့တော် အစဉ်အဆက်ရာဇဝင်သက္ကရာဇ်အကျဉ်းချုပ် — ၈၉

ပြန်လည်ရိုက်နှိပ်ထုတ်ဝေရခြင်း၏ ရည်ရွယ်ချက်

သက္ကရာဇ် ၁၂၉၁ခုနှစ်တွင် စက်တင်ပုံနှိပ် ဖြန့်ချိခဲ့သော ဆရာကြီးဦးကြီးစိန်ရေးသားခဲ့သည့် တနင်္သာရီတိုင်း မြိတ်ရာဇဝင် တော်ကြီးမှာ နှစ်ပေါင်း(၆၄)နှစ်ခန့်ကာလ ကြာမြင့်လာခဲ့သည် နှင့်အမျှ အလွန်ရှားပါးသော စာအုပ်တစ်အုပ်အဖြစ်သို့ ရောက် ရှိသွားပြီဖြစ်ရာ—

၁။ ဗဟုသုတ ရှာမှီး လိုသူများ အတွက် လွယ်လင့်တကူ ပြန်လည် ဖတ်ရှုမှတ်သား နိုင်စေရန်။

၂။ ဘိုးတော်ဘုရားလက်ထက် သက္ကရာဇ် ၁၁၇၅ ခုနှစ်တွင် မြိတ်မြို့ဝန်အဖြစ် ခန့်ထားခြင်းခံရသော မြန်မာမြို့ဝန် ပဲတောင်စားမင်း၏ ကောင်းမှုတော် ဖြစ်သော 'မင်းကျောင်းတိုက်'ကြီးမှာ ပျက်စီးယိုယွင်းလာပြီ ဖြစ်သဖြင့် ဆောလျင်စွာ ပြန်လည်ပြုပြင်ဆောက်လုပ်ရန် အလွန်လိုအပ်နေပြီ ဖြစ်သည့်အတိုင်း အလှူတော်ငွေများ ရရှိနိုင်စေရန်။

၃။ ထိုကျောင်းတိုက်ကြီးရှိ ရှေးဟောင်းလက်ရာများ၊ ရှေးဟောင်းပစ္စည်းများ၊ ပေပုရပိုဒ်များ ကျမ်းစာများကို စနစ်တကျ ထိန်းသိမ်းထားရှိရေးအတွက် အလှူတော် ငွေများရရှိနိုင်စေရန်။

စသည်တို့ကို ရည်သန်၍ တစ်ဦး တစ်ယောက်တည်း၏ အကျိုးအတွက် မဟုတ်မူဘဲ အများအတွက် လောကီ လောကုတ် မယုတ်တိုးပွား အကျိုးများနိုင်စေခြင်းငှာ ပြန်လည် ရိုက်နှိပ်ထုတ်ဝေဖြန့်ချိခြင်းဖြစ်ပါကြောင်း။ ။

အကျိုးဆောင်များ

နေ့စွဲ၊ ၂၅.၀၂.၉၃

တနင်္သာရီတိုင်း
မြိတ်ရာဇဝင်တော်ကြီး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁။ ယောနကတိုင်း၊ ကျမိုင်းမင်းကြီးနှင့်တကွ သားတော် မြေးတော်အစဉ်အဆက် မြို့ရွာ တည်ဆောက်တော်မူခြင်း အကြောင်း။

ကောဇာသက္ကရာဇ် ၇၅-ခုနှစ်။ ယောနကတိုင်း သာရဂပြည်ကျမိုင်း မြို့တော်တွင် ကျမိုင်းဟာမည်ရှိသော မင်းသည် ထီးနန်းအုပ်ချုပ် မင်းလုပ်တော်မူသည်။ ထိုကျမိုင်းမင်းကြီး၏ တောင်နန်းမတော် မိဖုရားဝမ်း၌ ဖွားမြင်တော်မူသော သားတော်တစ်ကျိပ်။ မြောက်နန်းမတော်က ဖွားမြင်တော်မူသော သားတစ်ကျိပ်၊ ပေါင်း သားတော် နှစ်ကျိပ်ရှိလေ၏။ ထိုသားတော်များသည် အရွယ်သို့ရောက်ကြသော် ခမည်းတော် မယ်တော်တို့ကို ရှိခိုးပြီးလျှင်မြို့ရွာ အသစ် တည်ရန် လျှောက်ထားကြ၍ အခွင့် ရလျှင် သက္ကရာဇ် ၁၁၇ ခုနှစ်တွင် ကောဘိန်းအရပ်၌ မြို့တည်၍ နောင်တော်ကြီးသည် ထီးနန်း အုပ်ချုပ် မင်းလုပ်တော်မူ၏။ ထိုမြို့

အမည်မှာ ရမ္မာပူရ–ရမ္မာဝတီ နှစ်မည်တွင်လေသည်။ ထိုမြို့တော်၌ တောင်နန်းမတော် မိဖုရားကြီးဝမ်းမှ ဖွားမြင်တော်မူသော သားတော် တစ်ကျိပ်ရှိလေ၏။ ထိုမင်းသား တစ်ကျိပ်တို့သည် ဤဇမ္ဗူဒီပါတောင်ကျွန်းတွင် ရေမြေ ကျယ်ဝန်းလှ၏။ မြို့ရွာ တည်လို၍ မြေရှာထွက်ရန် တိုင်ပင်ကြပြီးလျှင် လှေ၊ ကတ္တူ၊ ရွက်သင်္ဘောတို့ကို စီမံကြ၍ နောင်တော် ညီတော် မင်းသား တစ်ကျိပ်တို့ ထွက်လာကြရာ ရေစောင့်နတ်တို့ စောင့်မကြည့်ရှု ကြ၍ တောင်အရပ်သို့ လှေ၊ ကတ္တူ၊ ရွက်သင်္ဘောတို့ကို လွင့်စေသည်။ ရှေးဦးစွာ ကျွန်းသို့ ရောက်လျှင်တက်၍ မြို့တည်ရန် ဌာနကိုကြည့်ရှုကြရာ မြေပြင်ညီညွတ်စွာ တည်၍ စည်မျက်နှာ ကဲ့သို့ တွေ့ရှိလေသောအခါ နောင်တော် ညီတော်မင်းတစ်ကျိပ် တို့တိုင်ပင်ကြ၍ သက္ကရာဇ် ၁၄၅ ခုနှစ်တွင် မြို့တည်လေသည်။ ထိုမြို့ကို နောင်တော်ကြီး ထီးနန်းအုပ်ချုပ်၍ မင်းလုပ်တော် မူ၏။ ထိုမြို့ကို ကြက္ကလင်းမြို့တော်ဟု တွင်လေသည်။

ထိုမြို့တော်တွင် တစ်ကျိပ်သော မင်းသားတို့သည် အစဉ် အဆက် ထီးနန်းအုပ်ချုပ် မင်းလုပ်တော်မူကြလေ၏။ ထို ကြက္ကလင်းမြို့အရှေ့ကျသော တောတောင်တို့၌ အကျော်၊ စမွာ၊ ကရမက် အစရှိသော နံ့သာတောတို့သည် များစွာ ပေါများ သော တောကြီးတောင်ကြီးတို့သည် ရှိ၏။ ခဲမဖြူ၊ ရွှေ၊ ငွေ၊ ကျောက်၊ သံ၊ ပတ္တမြား အစရှိသော ရတနာတို့ ထွက်သော ချောင်းမြောင်း ရှိုင်ကြီး မြိုင်ကြီးတို့သည် များစွာရှိကုန်၏။ ထို မြို့၏ မြောက်ဘက်ကျသော ကျွန်းကြီး ကျွန်းငယ်တို့မှာ ရေမှ ဖြစ်သော မုတ် ပုလဲရတနာနှင့်တကွ လက်ယာရစ် ခရုသင်းတို့ သည် များစွာပေါများ၏။ ရှမ်းပသျှူးလူမျိုးတို့သည် ပင်လယ် ရေမှဖြစ်သော ပုလဲရတနာတို့ကို လှေ၊ ကတ္တူ၊ ရွက်သင်္ဘောတို့ နှင့် ကိရိယာတန်ဆာအမျိုးမျိုးများဖြင့် ဥဿုံဆင်ငုပ်ယူကြပြီး လျှင် သူဌေး သူကြွယ်တို့ကို ရောင်းချ၍ အသက်မွေးခြင်းအမှု ပြုကြလေသည်။ သူဌေး၊ သူကြွယ်တို့သည် အချို့သောပုလဲရတနာ တို့ကို မင်းအား ဆက်ကြလေ၏။ အချို့သော ပုလဲရတနာတို့

ကို လှေ၊ ကတ္တူ၊ ရွက်သင်္ဘောတို့နှင့် အရပ်ရပ်သော တိုင်းကြီးပြည်ကြီး မြို့ရွာတို့ကို လှည့်လည်ရင်းနှီး ကုန်သွယ်လုပ်ကိုင်ခြင်းပြုပြီးလျှင် နေထိုင်ကြလေသည်။ ထိုကြက္ကလင်းမြို့တော်တွင် မင်း ၁၀ ဆက် နှစ်ပေါင်း ၁၄၅ နှစ် ထီးနန်းအုပ်ချုပ်၍မင်းလုပ်တော်မူကြလေ၏။

၂။ အငယ်ဆုံးဖြစ်သော ဗြမုဒ္ဒရီမင်းသည်ထောင့်ကွာ မြို့တည်တော်မူခြင်း အကြောင်း

တစ်ကျိပ်သောမင်းတို့တွင် အငယ်ဆုံးဖြစ်သော ဗြမုဒ္ဒရီမင်းသည် နောင်တော်များ၏ အမွေဖြစ်သော ထီးနန်းကို အုပ်စိုးတော်မူ၍ ၂ နှစ်ရှိသောအခါ ဤသို့အကြံရှိသည်မှာ လူတို့မည်သည် လယ်ယာ စပါးဆန်ရေ ပေါများ၍ သူဌေးသူကြွယ် ကုန်သွယ်လယ်လုပ် အစရှိသောသူတို့ပေါများခဲ့လျှင် တိုင်းပြည်ကြီးသည် အစဉ်ထာဝရ သာယာနိုင်မည်ဟု အကြံတော်ဖြစ်ပြီးလျှင် ထိုကြက္ကလင်းမြို့၏ အရှေ့သို့တက်၍ မြို့သစ်တည်လိုသည်ဟု မှူးမတ်ပညာရှိတို့နှင့် တိုင်ပင်၍ သက္ကရာဇ် ၂၆၃-ခုနှစ် စစ်သည်ဗိုလ်ပါတို့နှင့် မြို့တည်ရန်မြေကိုရှာကြလေသော် အကျော်၊ စမွာ၊ ဧရမက်မှစ၍ နုံ့သာတောသို့ ရောက်ကြလေ၏။

ထိုတောသို့ရောက်ကြလေလျှင် တောင်စောင့်နတ်သည် ကြံ့ကြီးယောင်ဆောင်၍ မင်းကြီးနှင့်တကွသော စစ်သည်ဗိုလ်ပါတို့ကို ပြလေ၏။ ထိုအခါ မင်းနှင့် တကွသော လူအပေါင်းတို့သည် ထိုကြံ့ကြီးကိုလိုက်ကြလေလျှင် မြို့တည်ရန် ညီညွတ်စွာရှိသောမြေပြင်သို့ရောက်သောအခါ ကြံ့ကြီး တဖြည်းဖြည်း ကွလှမ်း၍ကွယ်လေ၏။ ထိုအခါ မင်းနှင့်တကွ အတူပါလာသော

မှူးမတ်ပညာရှိတို့သည် ငါတို့အရှင်သခင် မင်းတရားကြီး၏ အကြံတော်ကို နတ်တို့သိ၍ ဤနေရာရောက်အောင် ကြံ့ယောင် ဆောင်၍ ပြလာပေသည်။ သို့ဖြစ်၍ ထိုနေရာ၌ မြို့တည်ရန် သင့်လျော်ပေသည်ဟု တိုင်ပင်ကြ၍ မင်းကြီးအား လျှောက်ထားကြလေသည်။ မင်းကြီးလည်း မှူးမတ် ပညာရှိတို့လျှောက်ထားသောစကားကို ကြားသိတော်မူရလျှင် များစွာ ဝမ်းမြောက်အားရတော်မူ၍ သက္ကရာဇ် ၂၆၃ ခုနှစ်ကစ၍ မြို့သစ် တည်တော်မူပြီးလျှင် ထီးနန်းစိုက်ထူ မင်းလုပ်တော်မူလေသည်။ ထိုမြို့ကို ကြံ့ကြီး တဖြည်းဖြည်း ကွာလှမ်း၍ ပျောက်သောကြောင့် ထောင့်ကွာမြို့ဟု သမိုင်းတွင်လေသည်။ နောင်စကားရွေ့လျော၍ ထောင့်ကွယ်မြို့ဟု ယခုအထိ ခေါ်ဝေါ်ခြင်း ပြုကြလေသည်။ ထိုထောင့်ကွာမြို့ကြီးတွင် အကျော်၊ စမ္ပါ၊ နံ့သာ၊ ကရမက်၊ ခဲ၊ ကျောက်သံပတ္တမြား အစရှိသောရတနာတို့သည် ယူ၍မကုန်နိုင်အောင် ပေါများလေသည်။ ယိုအခါ အနောက်မဇ္ဈိမတိုင်း သာဝတ္ထိ၊ ရာဇဂြိုဟ်၊ ကပိလဝတ်၊ ကောသမ္ဗီ အစရှိသော တိုင်းကြီးပြည်ကြီးတို့က သူဌေးကုန်သည်ကြီးတို့သည် လှေ၊ ကတ္တူ၊ ရွက်သင်္ဘော တို့ဖြင့် လာရောက်၍ အဖိုးတန်သော နံ့သာ အမျိုးမျိုး၊ ပုလဲအစရှိသော ရတနာ အမျိုးမျိုးတို့ကို ဝယ်၍ အနောက်မဇ္ဈိမတိုင်းသို့ ဆောင်ယူသွားကြလေသည်။ မဇ္ဈိမတိုင်းကထွက်သော အဝတ်ပုဆိုးအမျိုးမျိုး၊ ခေါမ၊ ရောမ၊ ကောတုန်ပရစ်တိုင်းမှထွက်သော အဝတ်ကောင်း၊ အထည်ကောင်းများကို ဆောင်ယူလာကြ၍ ထိုထောင့်ကွာမြို့ကြီးတွင် ကုန်သည်သူဌေးကြီးတို့သည် အသီးသီး တိုက်ကြီးအိမ်ကြီးတို့ကို ဆောက်လုပ်၍ ကုန်များစွာတို့ကို ကူးသန်းရောင်းချလျက် နေထိုင်ကြလေသည်။ ထိုထောင့်ကွာမြို့တွင် ယခုအထိ ထင်ပေါ်ကျော်စောလျက်ရှိသော ကောသမ္ဗီ တိုက်ကြီးသည် အနောက်မဇ္ဈိမတိုင်းပြည်က ကုန်သည်သူဌေးတို့ဆောက်လုပ်သော တိုက်ဖြစ်၏။ ထိုတိုက်သည် ယခု ဥစ္စာတိုက်ဖြစ်လျက် ပဝချောင်းဖျားတွင် ကောသမ္ဗီ တိုက်ဟု ယခုအထိရှိလေသည်။ ထိုထောင့်ကွာမြို့တွင်

ဖြမုဋ္ဌရိမင်းမှစ၍ မင်းပေါင်း ၄၉ ယောက်သော မင်းတို့သည် နှစ်ပေါင်း ၂၅၀ ထီးနန်းမညှိုး စိုးအုပ်တော်မူကြလေသည်။

၃။ ဗျန်စက္ကပိတ်မင်းကြီးသည် မြို့ရွာအစဉ်အဆက် တည်းတော်မူခြင်းအကြောင်း

သက္ကရာဇ် ၅၁၃ ခုနှစ်ကျသောအခါ ၄၉ ယောက်သော မင်းတို့တွင် ဗျန်စက္ကပိတ်မင်း လက်ထက် ထောင့်ကွာမြို့သည် မြို့ဟောင်း မြို့ကြာဖြစ်၍ ပျော်မွေ့တော် မမူသောကြောင့် ပြောင်းရွှေ့ပြီးလျှင် ခရီးလမ်းစဉ် ထွက်တော်မူသည်မှာ ယခု တနင်္သာရီမြစ်ခေါ်သောမြစ်ဝကမ်းနားလွင်ပြင်သို့ ရောက်တော်မူ၍ ထောင့်ကွာမြို့တော်ကြီး၌ စိုးစံတော်မူခဲ့ကြသည့် ၄၈ ယောက်သော တေးလောင်းတော်၊ ဘိုးလောင်းတော်၊ ခမည်းတော်၊ မယ်တော်၊ နောင်တော်တို့ကို လွမ်းဆွတ်တော်မူ၍ ဗျန်စက္ကပိတ်မင်းသည် ထောင့်ကွာမြို့တော်ကြီးကို လက်အုပ်တင် ရည်မှန်းပြီးလျှင် ကန်တော့ပန်း ဆင်တော်မူသောကြောင့် ကန်တော့ကမ်းဟု ယခုအထိတွင်လေသည်။ ထိုဗျန်စက္ကပိတ် မင်းကြီးသည် ယခုခေါ် ကန်တော့ကမ်းက မြန်းကြွတော်မူပြီးလျှင် ကမ်း တစ်ဘက်သို့ကူးခဲ့သော် လွင်ပြင်ကြီးစွာတွေ့၍ တဲနန်းနှင့် ခေတ္တ နားနေ အပန်းဖြေ၍နေတော်မူရာ စားဖိုသည် စားတော်ကဲတို့က ပွဲတော်တည်ရန် ထမင်းချက်ကြသော် အိုးတော်ကွဲ၍ နောက်ထပ် ချက်ရန် အိုးတော်ရှာကြသော်လည်း ရှတ်တရက် မရသော ကြောင့် ဗျန်စက္ကပိတ်မင်း သိတော်မူ၍ အမိန့်တော် မှတ်လိုက် သည်မှာ ထိုနေရာကို မှတ်ထုန်တွင်စေရမည်ဟု ကမ္ပည်း မော်ကွန်း ထိုးလေသည်။ ရှမ်းတို့အခေါ်နှင့် အဓိပ္ပာယ် ပေါ်အောင် ခေါ်ပြခဲ့သော် မှတ်ဆိုသည်မှာ–မရှိ။ ထုန်ဆိုသည်မှာ–အိုး။ အဓိပ္ပာယ်နှစ်မျိုး စပ်၍ပေါင်းလိုက်သော် မရှိအိုးဟု ရှမ်း အခေါ်ဖြစ်သည်။ မြန်မာအခေါ်မှာ အိုးမရှိသောနေရာ ခေါ်

ရမည်။ ရှေးရှမ်းအခေါ် ရွှေလျော၍ မှတ်တုန်ကို မြန်မာအခေါ်နှင့် မော်တုန်းရွာဟုခေါ်ဆိုသမုတ်ကြလေသည်။ ထိုနေရာတွင် ယခုထက်တိုင် ရွာကြီးတည်၍ ဥယျာဉ်လယ်တော ပေါများပြီးလျှင် စည်ပင်သာယာသောအခါ ထိုရွာအလယ်၌ ဇလုံတောင်ဟု ယခုအထိ ရှိလေသည်။ ဇလုံတောင်ခေါ်ခြင်းသည်ကား ရှေးအခါက ထိုတောင်ကမ်းပါး၌ ရွှေငွေများစွာ ဥစ္စာတိုက်ကြီးနှင့်တကွ ဇလုံ၊ ပန်ကန်း၊ လင်ပန်း၊ အိုးခွက်များစွာရှိ၍ ဇလုံတောင်ဟုခေါ်သည်။ ရှေးစကားရွှေလျော၍ ဇလုံးတောင်ဟု ယခုအထိ ခေါ်ကြလေသည်။ ဗျန်စက္ကပိတ်မင်းကြီးသည် ထိုနေရာ၏ ထွက်စံတော်မူသော် ‘ယခုခေါ်တွင်သော မော်တုန်း၊ ဇလုံးအရှေ့မြောက် ၂ မိုင်အကွာ၌ သက္ကရာဇ် ၄၈၄ ခုနှစ်တွင် ဘန်ရှောင်မြို့အမည်နှင့် မြို့တည်လေသည်။’ မြို့တည်၍ပြီးလျှင် တစ်နှစ်သာ စံနေတော်မူ၍ သားတော်များ ထားခဲ့တော်မူလေသည်။ ဗျန်စက္ကပိတ်မင်းကြီးမှာ မြစ်ညာသို့ ဆန်တက်တော်မူ၍ ယခုခေါ် စတိန့်သောင်၊ မမသောင်၊ ဘန်လော၊ သိန္ဒေ့ရွာအထက်၌ သက္ကရာဇ်၄၈၈ခုနှစ်မော်စွန်းကြီးတွင် မြို့တည်၍လေသည်ဘန်ရှောင်တွင် ထားခဲ့သော သားတော်များလည်းအရှည်မနေဘဲဘခမည်းတော် ထံသို့ လိုက်ကြ၍ ဘန်ရှောင်မြို့ဟောင်းဟု ယခုထက်တိုင် မြို့ရိုး၊ မြို့တာ၊ ကျုံးမြောင်းတို့နှင့် အပြည့်အစုံရှိလေသည်။ ထိုမင်းကြီးသည် မော်စွန်းကြီး မြို့တည်၍ပြီးလျှင် တစ်နှစ် ရှိသောအခါ အထက်မြစ်ညာမှ နဂါးမင်းကြီးနှင့် မိတ်ဖြစ်ကြ၍ ထိုနဂါးမင်းကြီးက ဤနေရာဌာန မော်စွန်းကြီးတွင် မြို့တည်၍ ထာဝရမြို့ကြီးမဖြစ်နိုင်ပါ။ အထက် ဘုရားထွက်အနီးတွင် ပတ္တမြားရွာကို မြို့တော်တည်ရလျှင် ဘုန်းတန်ခိုးကြီး၍ သက်တော် ရှည်မည်။ သားညွှန့်၊ မြေးညွန့်အဆွန့်ရှည်စွာ ထွန်းကားပေါ်လိမ့်မည်ဟု နဂါးမင်းကြီးက ပြောကြားလေလျှင် နဂါးမင်းနှင့်အတူ လိုက်၍ မြို့တည်မည့်နေရာကို ကြည့်ရှုတော်မူသည်။ ထိုအခါ နဂါးမင်းကြီးက အသင်မင်းကြီးသည် ဤနေရာဌာနတွင် မြို့တည်မည်ဖြစ်ဗုံ။ အကျွန်ုပ်တို့ ကူညီ၍ တည်ပေးမည်။ သို့သော် မောင်းမ

မိသံ ခြေရှိ မိဖုရားများကို မခေါ်လာနှင့်။ မိန်းမတို့မည်သည်မှာ အလွန် ထိတ်လန့်ခြင်းများပါသည်ဟု ပြောလေလျှင် မိဖုရားကို မခေါ်လာပါဟု မင်းကြီးက ကတိသစ္စာထားလေသည်၊ ထိုအခါ နဂါးမင်းကြီးသည် နဂါးအပေါင်း ထောင်သောင်းတို့ကိုခေါ်၍ ကျောက်တန်း၊ ကျောက်မြို့ရိုး၊ ကျုံးမြောင်းပတ်လည် လူ့ရာ နဂါးပါ မြို့တည်ကြလေသည်။ ထိုအခါ မြို့သူမြို့သား နန်းတွင်းသူ နန်းတွင်းသားတို့သည် ပတ္တမြားရှာ၍ မြို့တည်ရာတွင် အလွန် သာယာသည်။ အလွန်ပျော်ပါးဖွယ် ကောင်းပေသည် စသည်ဖြင့် သူရောင်ပါပါပြောဆိုကြရာ တောင်ညာဒေဝီ မဟေသီမိဖုရားကြီးသည် အရှင်မင်းကြီးကို သံတော်ဦးတင်သည်မှာ အရှင်မင်းကြီးနှင့်အတူ မြို့တည်ရာသို့ လိုက်ပါရစေဟု အကြိမ်ကြိမ် သံတော်ဦးတင်လေ၏။ မိဖုရားတင်လျှောက်သည်ကို ဟန့်တားတော် မူသည်။ မင်းကြီးက ဟန့်တားတော်မူသော်လည်း လိုက်ပါရစေဟု အခါခါတင်လျှောက်၍ မင်းကြီးက မိဖုရားကို ချစ်မြတ်နိုးတော်မူလှသောကြောင့် လိုက်လေတော့ဟု ခွင့်ပြုလေ၏။

မင်းကြီးက မိဖုရားသည် နဂါးအပေါင်းထောင်သေစင်းကိုမြင်ရသော် ကြောက်ရွံ့မည်စိုးသောကြောင့် ဖောင်တော်တွင် ဖန်ချပ်စီရင်စေ၍ ထိုဖန်ချပ်အတွင်း မိဖုရားကြီးကို ထည့်၍ ခေါ်ဆောင်လေသော် မြို့တည်သောနေရာသို့ ရောက်လေလျှင် နဂါးမင်းကြီးနှင့် တကွ နဂါးအပေါင်းတို့သည် ရေထဲမှ ကျောက်လုံးကြီးငယ်တို့ကိုသယ်ယူကြ၍ ကျောက်တန်း၊ ကျောက်မြို့ရိုးတို့ကို စီကြလေသည်။ ထိုအခါ ဖန်ချပ်အတွင်းမှ ကြည့်နေသော မိဖုရားကြီးသည် အလွန်ကြောက်လန့်သည်ဖြစ်၍ မနေဝံ့မထိုင်ဝံ့ကြောက်ရွံ့တုန်လှုပ်၍ အော်လေလျှင် နဂါးမင်းကြီးသိလေသော် ထိုမင်းကြီးသည် မိဖုရားကြီးကို မခေါ်လာနှင့်ဟု ပြောထားသည်ကို ယခုခေါ်လာသည်။ ကတိသစ္စာပျက်သောကြောင့် နဂါးတို့၏မျက်စောင်းနှင့် အကြောင်းမရွေး၊ သေဘေးသို့ရောက်အောင် ပေါက်သတ်ဖို့ကောင်းသည်ဟု နဂါးမင်းကြီးက မျက်စောင်းမာန်ဖြင့်ကြည့်လေသော်မင်းကြီးသည် ဘုန်းကံသမ္ဘာ

နှင့် ပြည့်စုံသော ဓာဇာနည်အရှင်မျိုးဖြစ်၍ တန်ခိုးကြွယ်လက်တော်တွင် စွဲကိုင်လျက်ရှိသော ရွှေကွပ်သည့် ခံရင်းခွတန်ခိုးနှင့် ပွဲချင်းပြီး ထိုးလိုက်ရာ နဂါးမင်း၏ နောက်ဆက်တွင်ထိ၍ ဆွေ့ဆွေ့ ခုန် တုန်လှုပ်ကာ လူးလဲပြီးလျှင် မြန်မကြာ ခန္ဓာရုပ်စဲလျက် သေပွဲသို့ ဝင်ရှာရလေ၏။ ရေနဂါးအပေါင်းတို့သည် သောင်းသောင်းအုတ်အာ ပရမ်းပတာ ဖြစ်ကြ၍ ရေမြေ တောတောင် တို့သို့ ပြေးရှာကြလေကုန်၏။

ထိုရောအခါ သက္ကရာဇ် ၅၁၄ခုနှစ်တွင် လူရော နဂါးပါ တည်သောမြို့ကြီးဖြစ်၍ ထိုမြို့ကိုဗျန်စက္ကပိတ်မင်းကြီးသည် နဂါး အပေါင်းတို့ကို အောင်တော်မူသောကြောင့် အောင်သာရမြို့ တော်ဟု သမိုင်းမော်ကွန်းတင်၍ ထီးနန်းစိုက်ပျိုး စိုးစံတော်မူ လေသည်။ ထိုမြို့တော်၌ မင်းကြီးသည် ထီးနန်းအုပ်ချုပ်၍ စိုးစံ တော်မူသည့်တစ်နှစ်အတွင်း ကျေးဇူးရှင်ဖြစ်သော နဂါးမင်းကို ရွှေခရင်းခွနှင့် ထိုးသတ်မိသောကြောင့် စိတ္တဇရောဂါစွဲကပ်လေ သည်။ ထိုရောအခါ မင်းကြီးက အမတ်ပညာရှိတို့ကိုခေါ်တော် မူ၍ ယခုစိတ်ထဲ၌ စွဲကပ်သော ဝေဒနာကို ပြေလေအောင် အဘယ်သို့ပြုရအံ့နည်းဟု မေးလေသော် မင်းဆရာတော်ပညာ ရှိတို့က သံတော်ဦးတင်ကြသည်မှာ ကျေးဇူးရှိသော နဂါးမင်း ကို သတ်မိပါသောကြောင့် ဤကဲ့သို့ဖြစ်ပါသည်ဟု လျှောက် ထားကြလေ၏။

ထိုအခါ မင်းကြီးက ဘယ်ကဲ့သို့ပြုလုပ်စီမံရသော် တော် ပါမည်နည်းဟု မေးသောအခါ ပုဏ္ဏားပညာရှိ မင်းဆရာများက သံတော်ဦးတင်လျှောက်ထားကြသည်မှာ ရွှေလှေ၊ ရွှေလောင်း ဖောင်တော်များတွင် နဂါးမင်း၏ရုပ်သဏ္ဌာန်ကို စီမံထည့်တော်မူ ရလျှင် ယခုစွဲကပ်သော စိတ္တဇရောဂါသည် မကြာခင်ပျောက် ကင်းပါလိမ့်မည်ဟု လျှောက်ထားကြလေသည်။ လျှောက်ထား သည့်အတိုင်း မင်းကြီးသည် မနှောတနှစ်ခြိုက် စိတ်နှလုံးပိုက်မိ သည်ဖြစ်၍ ရွှေလှေ ရွှေလောင်းတို့ကို နဂါးခေါင်း နဂါးမြီးတပ် စေ၍ ပြုပြင်စီမံကြပြီးလျှင် နဂါးလှေပွဲကြီး ပြုလုပ်၍လှော်

စေမှ စိတ္တဇရောဂါသည် ပျောက်ခြင်းကင်းကွာ၍ ဟဒယရှင်ပြုံးစိတ်နှလုံးအေးခြင်းသို့ ရောက်ပေသည်။ ထိုအခါမှစ၍ ယခုထက်တိုင် တနင်္သာရီပိုင်နက်ခရိုင်အလုံး မဆုံးနိုင်ဘဲ နှစ်စဉ်အမြဲမလွဲအဟုတ် နဂါးလှေလုပ်၍ လှေလှော်ပွဲ ပေါ်လေသတည်း။ ထိုနဂါးမင်းကြီးသည် သေဆုံးခြင်း ရောက်ရှာ၍ အောက်သို့မျောလာရာ ယခုနဝထပ်ခေါ်သော တောင်မှာ ကပ်လေ၏။ ရှေးအခါက ထိုတောင်ကို နဂါးကပ်တောင်ဟု ခေါ်ကြလေသည်။ ထိုနောက်စကားရွေ့လျောသဖြင့် နဝထပ်တောင်ဟု ယခုအထိခေါ်ကြလေသည်။ ထိုတောင်မှတစ်ဖန် မျောပြန်သော် ယခုဝတ်ဆင်ဟု ခေါ်သော တောင်ခြေရင်း ကျောက်မှော်တွင်တင်၍နေသည်။ ရှေးအခါက ထိုမှော်ကို နဂါးမှော်ဟု ခေါ်ကြလေသည်။ ယခုတနင်္သာရီမြို့တည်သောနေရာတွင် ရှေးကရွာငယ်ဖြစ်၍နေသည့်နောက် နဂါးမင်းကို ခရင်းနှင့် ထိုး၍သေပြီးလျှင် မျောလာ၍တင်သောကြောင့် ခရင်းသေရွာဟု တွင်လေသည်။ နောက်စကားရွေ့လျောသဖြင့် တရင်းသေရွာဟု တွင်လေသည်။ ထိုအောင်သာဝရမြို့တော်တွင် ဗျန်စက္ကပိုတ်မင်းကြီးသည် ထီးနန်းအုပ်ချုပ်၍ မင်းလုပ်တော်မူသည်။ ထိုမင်းကြီးတွင် လှပတင့်တယ် ရှုချင်ဖွယ်ရှိသော မိဖုရား ၅ ယောက် ရှိသည်။ ထိုမိဖုရား ငါးယောက်တို့တွင် အငယ်ဆုံး ဖြစ်သော မိဖုရားတို့ထက် သာလွန်၍ အဆင်းအင်္ဂါလက္ခဏာနှင့် ပြည့်စုံသော မိဖုရားဖြစ်၏။ ထိုမိဖုရားသည် ပူလယက္ခ တိုင်းပြည်ကို အစိုးရသော ဘီလူးမင်း၏သမီးတော် ဘီလူးမတည်း။ ထိုဘီလူးမသည် လူမိန်းမစင်စစ်ဖြစ်သော မိဖုရား ၄-ယောက်တို့၏ မျက်စိကို ဘီလူးတို့၏ ဣဒ္ဓိပါဒ်တန်ခိုးနှင့် ထုတ်ယူ၍ ဘူးနှင့် ထည့်ပြီးလျှင် ဖခမည်းတော် ဘီလူးတို့၏တိုင်းပြည်တွင် သူ၏အစွယ်နှင့်တကွ ထားခဲ့လေသည်။ စက္ခုကွယ်လျက် နေရသော မိဖုရား ၄-ယောက်တို့မှာ ဖွားလေသမျှသော သားတို့ကိုလူယောင်ဆောင်သည့် ဘီလူးမဖြစ်သော ထိုမိဖုရားသည် ဖွားတိုင်း ဖွားတိုင်းသော သားတို့ကို စားလေ၏။

အခါတစ်ပါး၌ လေးယောက်သောမိဖုရားတို့တွင် အငယ်ဆုံးဖြစ်သောမိဖုရားသည် ကိုယ်ဝန်ရှိ၍ငါးလခြောက်လရှိသောအခါ မင်းကြီးမှာ အခွင့်တောင်း၍ ဆင်းရဲသော မိန်းမ အသွင်ဖြင့် မြို့တော်မှဝေးသော ခရီးသို့သွား၍ကိုယ်ဝန်ကို ကောင်းစွာစောင့်ထိန်းပြီးလျှင် ဆယ်လစေ့သောအခါ ချမ်းသာစွာဖွား၍ သားတော်သည် ငါးလ ခြောက်လ အရွယ်သို့ရောက်မှ နန်းတော်သို့ဝင်လေ၏။ ထိုအခါ ငါးလ ခြောက်လ ရှိသော မင်းသားကို ဘုန်းကံသမ္ဘာနှင့်ပြည့်စုံ၍ မစားနိုင်ဖြစ်လေ၏။ ထိုမင်းသားငယ်သည် ဘုန်းသမ္ဘာ အာဏာကြီး၍ တိုင်းပြည်ကြီးကို အစိုးရ၍ မင်းဖြစ်အံ့သည်။ ဘုန်းလက္ခဏာနှင့် ပြည့်စုံသော မင်းသားကို အမည်တော်မှည့်ရာ ပရမရာဇာ–မဟာဓမ္မရာဇာဟု နှစ်မည် ခေါ်ဝေါ်ခြင်းပြုကြသည်။ ထိုအခါ ဘီလူးမသည် မင်းသားကို စားလို၍ နေ့စဉ် ကြံစည်လျက်သာနေသည်။ ထိုမင်းသားငယ်သည် ဘုန်းလက်ရုံးနှင့်တကွ ခုနစ်နှစ်သား အရွယ်သို့ ရောက်လေသော် မင်းသား၏ ဘုန်းကံသမ္ဘာသည် တက်သစ်သော နေလုလင်ကဲ့သို့ ရှိသတည်း။

ထိုအခါ ဘီလူးမသည် ကြောက်ရွံ့သော သဘော ရှိလေ၏။ သို့သော် ဘီလူးမသည် အကြံကိုမလျော့ပဲ အားခဲ၍ မင်းသားငယ် မရှိမှ ငါသည် ချမ်းသာစွာ နေထိုင် နိုင်တော့မည်။ ယခု ငါသည် မင်းသားငယ်အား စားမည် ဆိုသော် မစားနိုင်ပြီ။ မိန်းမတို့ မာယာဖြင့်ကြံ၍ ငါ၏ ဖခမည်းဘော်ထံသို့ ပို့ပြီးလျှင် ဘီလူးအပေါင်းဘို့ကို စားစေအံ့ဟုကြံ၍ မင်းကြီးကို မိန်းမတို့ မာယာပရိယာယ်ဖြင့် 'ဘုရားနှမသည် နေပြည်တော်နှင့် တကွ မယ်တော် ခမည်းတော်တို့ထံမှ ခွဲခွာ၍ နေရသည်မှာ နှစ်ပေါင်းများစွာ ကြာရှည်လေပြီ၊ သို့ဖြစ်ပါ၍ ဘုရားနှမကိုယ်တိုင် သွားလိုပါသည်။ အခွင့်ပေးသနားတော်မူပါဟု လျှောက်ထားလေလျှင် မင်းကြီးသည် အလွန်တရာမှ လှပတင့်တယ်သော မိဖုရားနှင့် ကွေကွင်းရမည်ကို စိုးရိမ်လှသဖြင့် မိဖုရားအား သွားရန် အခွင့်မပြုဘဲရှိလေ၏။ ထိုအခါ ဘီလူးမက ဘုရားနှမ မသွား

ရလျှင် သေဖွယ်ရာ အကြောင်း ရှိပါသဘေ့သည်ဟု အပ်မှံ၍ သံတော်ဦးတင်လေလျှင် မင်းကြီးက မိဖုရား ကိုယ်စား သား တော်ကို စေလွှတ်ပါ အမိန့်တော်ရှိလေ၏။ ထိုအခါ ဘီလူးမ သည် ငါ၏ အကြံ အောင်မြင်ပြီဟု များစွာအားရလေ၏။ ခုနစ်နှစ်အရွယ်ရှိသော မင်းသားငယ်ကို ခေါ်တော်မူ၍ မင်းကြီး က အမိန့်တော်ရှိသည်မှာ 'ငါ့သား၏ မိထွေးတိုင်းပြည်သို့ သွား ချေ'ဟု စေလွှတ်၏။

၄။ ပရမရာဇာ မင်းသားငယ်ကို ပူလယကျွမိထွေးတော် တိုင်းပြည်သို့ စေလွှတ်ခြင်းအကြောင်း

ထိုအခါ မိထွေးတော်ဘီလူးမက 'ငါ့သားတော်သည် မိထွေး တော် ကျန်းမာကြောင်းကို ငါ့သားတော်က ငါ၏ မယ်တော် ခမည်းတော်တို့အား လျှောက်ထားပါချေ။ ငါပေးလိုက်သော စာကို ငါ၏မယ်တော် ခမည်းတော်တို့ကို ပေးပါ'ဟု မှာထား ပြောဆိုပြီးလျှင် ရွှေပြားဖြင့်ပြီးသော စာချွန်တော်ကို သေချာစွာ လိပ်၍ မင်းသားငယ်၏ လည်တော်မှာ ဆွဲပြီးလျှင် မိထွေးတော် ဘီလူးမသည် မင်းသားငယ်ကို မာယာဖြင့် ချစ်ယောင်ဆောင်၍ ပွေ့ပိုက်နမ်းရှုတ်ကာပြုပြီးမှ ပူလယကျွ တိုင်းပြည်သို့ စေလွှတ် လေ၏။ ထိုအခါ မင်းသားငယ်သည် ရွှေဂူမှထွက်သောခြင်္သေ့ မင်းကဲ့သို့ ရဲရင့်သော စိတ်မာန်ဖြင့် မယ်တော် ခမည်းတော်ကိုရှိခိုး ၍ နန်းတော်မှဆင်းပြီးလျှင် မြင်းတင်းကုပ်သို့ သွား၍ ကြံအင် လက္ခဏာနှင့် ပြည့်စုံသော မြင်းကို ကောင်းစွာ တန်ဆာဆင် ယင်စေပြီးမှ ပူလယကျွမိထွေးတော် တိုင်းပြည်သို့ ထွက်လေသည်။

ယခု မြိတ်မြို့တည်သော တောကြီးထဲသို့ရောက်လေလျှင်၊ မြင်း ရော ကိုယ်ပါ မောပန်းလှသောကြောင့်၊ တောင်ထိပ် ပေါ်တွင် မြင်းကို ချည်ထား ပြီးသော် အိပ်၍နေလေ၏။ ထိုမြိတ်မြို့၏ အနောက်ဘက်၌ ယခုရှိသော ... တောင်ကို ... တောင် ဟု ခေါ်ဝေါ်ကြသည်။ ၎င်းတောင်ပေါ်တွင် ပြဒါးဝိဇ္ဇာဓိုရ်

တစ်ယောက်ရှိ၏။ ထိုတောင်ကြီး၏ အနီးတွင်ရှိသော တောင်ငယ်မှာ ပြဒါးဝိဇ္ဇာဓိုရ်တစ်ယောက်ရှိသည်။ ထိုပထော်တောင်ကို ရွာ တပြင်တောင်ဟု ခေါ်ကြသည်။ ပြင်တောင်ခေါ်ခြင်းမှာ ပြဒါး ဝိဇ္ဇာဓိုရ်နှင့်တောင်စောင့်နတ်တို့ဘုရားတည်ရန် ကျောက်လုံးကြီး ငယ်တို့ကိုပလ္လင်စီသည့်အခါမပြီးခင်လူနှင့်တွေ့၍ ၎င်းနေရာတွင်မ တည်ပုံပြောင်းရွှေ့၍ပြင်ပြီးလုပ်သောကြောင့်၊ ပြင်တောင်ဟုခေါ် လေသည်။ ယခု ဘုရားနှင့်တကွ စေတီရှိရာက အရှေ့မြောက် ထောင့် ၂၅ လံအကွာတွင် ပထမလုပ်သော ပလ္လင်ရာဟောင်း တင်ခု ယခုထိရှိသည်။ ထို့နောက် ကာလရွေ့လျောသဖြင့် အချို့ သောလူများက ပြင်တောင်၊ ရွှေတူးတောင်ဘုရားဟု ယခုအထိ ခေါ်ဆိုလျက် ရှိကြသည်။ ယခု ပထော်ဟုခေါ်သော တောင်မှာ နေသော ဝိဇ္ဇာဓိုရ်သည် မင်းသား အိပ်နေသော တောင်သို့ လာရာ၊ မင်းသားငယ် အိပ်နေသည်ကို တွေ့လေ၏။ ထိုအခါ မင်းသား၏လည်တော်မှာ ချည်ထားသော ရွှေစာလိပ်ကိုမြင်၍ မင်းသားမသိအောင် ယူပြီးလျှင် ဖတ်ကြည့်သော်၊ စာနှင့်လာ သောသူငယ်ကို စားလိုက်ပါဟု ပါရှိလေသည်။ ထိုအခါဝိဇ္ဇာဓိုရ် က မင်းသား၏နှုလုံးရည်နှင့် လက်ရုံးရည်၊ လက်ဖဝါး၊ ခြေဖဝါးတို့ကို ကြည့်ရှုလေရာ၊ ဘုန်းတန်ခိုး အာနုဘော် ကြီး၍ တိုင်းကြီးပြည်ကြီးတို့ကို စိုးပိုင်အုပ်ချုပ် မင်းလုပ်နိုင်သော လက္ခဏာတို့ကို မြင်သောကြောင့် မင်းသား၏ လည်တော်မှာရှိသော စာကိုယူ၍ တစ်ခုသောရွှေပြားပေါ်တွင် တစ်မျိုး ပြောင်းလဲ၍ ရေးပြီးသော်၊ လည်တော်မှာ ချည်ထားမြဲ ချည်ထားပြန်၏။ မင်းသားသည် အိပ်ရာမှနိုးလျှင် မြင်းကိုစီး၍ သွားလေသော်၊ ပုလယက္ခဘီလူးမင်း၏ တိုင်းပြည်သို့ရောက်လေလျှင် နန်းတော် သို့ဝင်၍ သမီးတော်ပေးလိုက်သော ရွှေစာချွန်တော်နှင့် တကွ ရွှေပန်း ငွေပန်းတို့ကို ဆက်သပြီးသော်၊ သမီးတော် မှာလိုက် သော စကားဖြင့်၊ ကျန်းမာ ချမ်းသာစွာရှိသော အကြောင်း အရာများကို လျှောက်ထား လေလျှင် ဘီလူးမင်းကြီးသည် အလွန် ဝမ်းမြောက်တော် မူလေ၏။ ထိုအခါ မင်းသားသည်

လည်တော်မှာ ချိတ်ထားသောစာကို ဘီလူးမင်းအား ဆက်သ သောအခါ ဖတ်ကြည့်ရာတွင် မျက်စိ ၄ စုံထည့်သော ဘူးနှင့် သမီးတော် အစွယ် ထည့်ထားခဲ့သော ဘူး ၂ ခုပေးလိုက်ပါဟု စာတွင်ပါလေ၏။ မျက်စိဘူးနှင့် အစွယ်ဘူးတို့ကို မင်းသား ငယ်အားပေးအပ်လေသည်။ မင်းသားငယ်သည် ထိုပူလယက္ခမြို့ ကိုလှည့်လည် ကြည့်ရှုပြီးလျှင် နေရင်းဖြစ်သော ဖခမည်းတော် တိုင်းပြည်သို့ ပြန်သော်၊ သွားသောအခါက အိပ်သော တောင် ကို ရောက်ပြန်လျှင် မြင်းကိုချည်၍အိပ်ပြန်လေသည်။ ကိုပထော် တောင်မှာနေသော ပြဒါးဝိဇ္ဇာဓိုရ်သည် မင်းသားအိပ်နေသော တောင်သို့လာ၍ မင်းသား အိပ်နေသည်ကို နိုးပြီးလျှင် မျက်စိ ထည့်သောဘူးကိုမြင်၍ ၄ စုံသော မျက်စိတို့ကို တစ်စုံစီယူပြီး သော်၊ ဝိဇ္ဇာဓိုရ်က မင်းသားအား ပြောပြသည်မှာ အသင် မင်းသား၏ မယ်တော်နှင့်တကွ ၃ ယောက်သော မယ်တော်ကြီး များ၏ မျက်စိ ဖြစ်ကြောင်းကို ပြောပြလေ၏။ ထိုမျက်စိတို့ကို သင်မင်းသား၏ မယ်တော်နှင့် မယ်တော်ကြီးတို့၏မျက်ကွင်းတွင် ထည့်၍ ပြဒါးလုံးနှင့်ပွတ်ပေတော်မူပါ။ ရှေးကအတိုင်း မြင်ပါ လိမ့်မည်ဟု ဝိဇ္ဇာဓိုရ်က ပြဒါးသေလုံးကို မင်းသားအားဆက် သလေ၏။ အစွယ်ဘူးကိုပြ၍ သေကြောင်းကြံသော ဘီလူးမ သည် အသင်မင်းသား၏ ဖခမည်းတော်ယူ၍ထားသော သင်၏ မယ်တော်နှင့်တကွ မိဖုရား ၅ ယောက်တို့တွင် အငယ်ဆုံးဖြစ် သော မိဖုရားသည် မိန်းမလှယောင် ဆောင်၍နေသောဘီလူးမ၏ အစွယ်တည်းဟု ပြောပြလေသော်၊ ထိုအခါ မင်းသားက ဆရာ အဘယ်ကဲ့သို့ သေကြောင်း ကြံသနည်းဟု မေးလေလျှင်၊ မင်း သား၏လည်တော်တွင်ပါသော စာကိုပြလေ၏။

ထိုအခါ မင်းသားက ယခုကျွန်ုပ်သွားသော ပူလယက္ခ မြို့၌ ဘီလူးတွေ မတွေ့ပါ၊ လူအများကိုသာ တွေ့ပါသည်ဟု ပြောသောအခါ ဝိဇ္ဇာဓိုရ်က အသင်မင်းသား လာသည်ကို တင်းစောင့်နေသော ဘီလူးတို့မြင်ကြ၍ ဘီလူးမင်းကြီးကို လ မြန်စွာ လျှောက်ထားကြလေ၏။ ထိုအခါ မြို့တော်မှာစည်င

စေ၍လူယောင်ဆောင်ပြီး နေကြလေသည်ဟု ဝိဇ္ဇာဓိုရ်ဆရာပြောပြသောအခါမှ မင်းသားငယ်က ယို့မြို့သည် ဘီလူးမြို့ဖြစ်ကြောင်းကို သိရလေသည်။ သို့အတွက် ဆရာကျွန်ုပ်၏မယ်တော်နှင့်တကွ ၃ ယောက်သောမယ်တော်ကြီးများ၏ မျက်စိကိုအဘယ်အတွက် ထုတ်ယူ၍ မျက်စိကန်းအောင်ပြုလုပ်ရသနည်းဟု မေးလေသော် ထိုအခါ ဝိဇ္ဇာဓိုရ်က ဤဘီလူးမသည် သင်မင်းသား၏ မယ်တော်နှင့်တကွ မယ်တော်ကြီးများမှာ ဖွားတိုင်းဖွားတိုင်းသောသားတို့ကိုစားလို၍ မျက်စိကန်းအောင်ပြုလုပ်ထားသည်ဟုပြောလေ၏။ အသင်မင်းသား၏မယ်တော်မှာ အသင်မင်းသားကို ပဋိသန္ဓေနေ၍ ၅လ-၆လ ရှိသောအခါမှ ဆင်းရဲသော မိန်းမအသွင်ဆောင်ပြီးလျှင် ဝေးလှစွာသော ဘောရွာတွင် မင်းသားကို ဖွားမြင်ပြီး၍ ၆ လသားအရွယ်ရောက်မှ နန်းတော်သို့ ပြန်လာသည်ဟု သေချာစွာပြောပြလေ၏။ ထိုအခါမင်းသားငယ်သည် ဆရာဝိဇ္ဇာဓိုရ်ပြောပြသော အထုပ္ပတ္တိစကားမျိုးစုံ အကုန်မကြွင်းသိရ၍ ကျေးဇူးတင်ပြီးလျှင် အကြိမ်ကြိမ် ရှိခိုးကန်တော့၍ ဝိဇ္ဇာဓိုရ်နေသော တောင်သို့ မင်းသားငယ်သည် လိုက်သွားပြီးလျှင် ဆရာတပည့်ဖြစ်ကြ၍ ကန်တော့ဝပ်တွား အသနားခံသည်မှာ အကျွန်ုပ်သည် ဆရာဝိဇ္ဇာဓိုရ်ကို အသက်ထက်ဆုံး မမုန်းမမေ့ဘဲ အမြဲအားကိုးပါရစေဟု ကန်တော့ပြီးလျှင် နေပြည်တော်သို့ ပြန်လေ၏။ ထိုမင်းသားငယ်သည် အသွားအပြန်မြင်းကိုချည်ထားသောကြောင့် ထိုတောင်ကို ရှေးလူတို့သည် ခယ်တောင်ဟု ခေါ်ကြလေသည်။ ရှေးကျသော လူကြီးများမှာ ယခုကာလ လူများကဲ့သို့ စကားပြောင်းလွဲ ပြောဆိုလိမ့်မည်မဟုတ်ပေ။ ဥပမာဆိုသော် ကျွဲ၊ နွား၊ ဆင်၊ မြင်းများ ချည်ထားပါ ဆိုသောစကားကို ရှေးလူတို့က ကျွဲ၊ နွားများကိုခယ်တိုင်မှာ ကြိုးနှင့် ခိုင်အောင် ခယ်ထားပါဟု ပြောဆိုကြလသည်။ ယခုလည်း အချို့သော ရွာများမှာ ရှေးစကားအတိုင်း 'ခယ်' ဟူသော အသုံးအစွဲ မပျောက်ဘဲ ရှိသေးသည်။ လူတို့ခေါ်ပုံ- ဟေ့ရဲ၊ ယခုလူတို့ခေါ်ပုံ မရှိရ] ပြောဆိုကြ

သကဲ့သို့ ဖြစ်ပေသည်။ ယခု ပထော်တောင်ကို ရှေးကအမည်မှာ ဝိဇ္ဇာဓိုရ်သည် ကျောက်ပလ္လင်နှင့်တကွ ၇တောင် ၂ မိုက်ရှိသော စေတီကို တည်ထားကိုးကွယ်လေ၏၊ ထိုစေတီ၌ထီးမရှိ၍ ပုထိုးဟု ရှေးလူတို့ခေါ်ဆိုကြသည်။ ထီးတော်ရှိမှ စေတီခေါ်ကြသည်။ ဤပုထိုးကို အစွဲပြု၍ ပုထိုးတောင်၊ နောက် စကားရွှေ့လျော သဖြင့် ပထော်တောင်ဟု ခေါ်ဆိုကြလေသည်။

သက္ကရာဇ် ၁၄၈ခုနှစ်ကကြက္ကလင်းမြို့အနီးတွင် အုတ်ဖို မော်၊ ကန်မော်ခေါ်သောရွာသည် ရှေးအခါက ကျမိုင်းရှမ်း မင်းသားတို့ ရေကန်တူး၍ ရေကစားသည်ကို အကြောင်းပြုပြီး လျှင် နောက် အုတ်ဖိုမော်ပျောက်၍ ကန်မော်ဟု ခေါ်ကြ သကဲ့သို့တည်း။

မြိတ်မြို့ခေါ်ဆိုခြင်းအကြောင်းမှာ သက္ကရာဇ် ၁၀၉ခုနှစ် မြင်းခယ်တိုင်ကို အစွဲပြု၍ မာရိတ်ကျွန်းဟု ခေါ်လေ၏၊ မာ– ဆိုသည်ကား မြင်း၊ ရိတ်–ဆိုသည်ကား ခယ်တိုင် ခေါ်သည်။ နှစ်မည်ပေါင်းသော် မြင်းခယ်တိုင်ဟု ရှမ်းအခေါ် ဖြစ်သည်။ ကာလရွှေ့လျောသဖြင့် မရိတ်မြို့ကို မြန်မာအခေါ်နှင့်မြိတ်မြို့ဟူ၍ ခေါ်တွင်ကြလေသည်။ ရှမ်းအခေါ် မာရိတ်ကျွန်း အမည်နှင့် သဘောဆိပ်ပြုလုပ်ရန် မြို့တည်၍ ရှမ်းမင်းများ ခန့်ထားသည့် မင်းပေါင်း ၁၃ မင်းအုပ်ချုပ်နေ၍ ၂၈နှစ် ကြာသည့်အတွင်း သက္ကရာဇ် ၁၁၂၁ နှစ်ရောက်လျှင် အလောင်းဘုရားကြီးဦးအောင် ဇေယျ စစ်ချီလာ၍ ရှမ်းမင်းဆက် ဆုံးလေသည်။ ရှမ်းမင်း အုပ်ချုပ်သော နှစ်ပေါင်း ၃၀။

၅။ ဘုရားထွက်၊ ဘုရားထန်၊ ဘုရားကိုင်တို့ဖြစ်ပေါ် ခေါ်တွင်ခြင်းအကြောင်း။

အောင်သာဝရမြို့ အနီးတွင်ရှိသော ဘုရားထွက် ဘုရား ထန်ဟု ရွာနှစ်ရွာရှိသည်မှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံယူပြီး

သည်နောက် သက္ကရာဇ်၂၃၇ ခုနှစ်ရောက်လတ်သော် သီဟိုဠ်ကျွန်းကို ထီးဖြူအုပ်ချုပ်၍ မင်းလုပ်တော်မူသော ဒေဝနံပိယတိဿမင်းကြီးသည် မြတ်စွာဘုရား၏ သာသနာတော် တည်ထွန်းတော်မူသော အရပ်ဌာန တို့၌ မြတ်စွာဘုရား သဏ္ဌာန်တော်ကို တစ်ရံတစ်ခါမျှမမြင်ဖူးသောကြောင့် မည်ကဲ့သို့ သဒ္ဒါတရားထား၍ ကြည်ညိုရမည်ကို မသိသဖြင့် ဘုရားရှင် ကိုယ်တော်မြတ်၏ သဏ္ဌာန်တော်ကို မမြင်ဖူးသည်အတွက် ကြည်ညိုခြင်းနည်းပါးပါလိမ့်မည်။ သို့ဖြစ်ပါ၍ ရုပ်ပွားတော်များကို တကာတော် ထုလုပ်လိုပါသည်။ အရှင်မြတ်များက သာသနာစတည်ထွန်းရာ မြန်မာပြည်သို့ ရောက်ပါအောင် ဆောင်ရွက်တော် မူပါဟု သီရိဓမ္မာသောကမင်းကြီး သားတော် အရှင်မဟိန္ဒ ရဟန္တာ အရှင်မြတ်အား လျှောက်ထားလေလျှင် ကောင်းပြီဟု ဝန်ခံ၍ သီဟိုဠ်ကျွန်းမှ ရဟန္တာဖြစ်တော်မူသော ဥပတိဿမထေရ်မြတ်အား တာဝန်ထားတော်မူလေသည်။ မင်းကြီးသည် နန်းတော်သို့ ပြန်၍ စက်တော်ခေါ်လေ၏။

ထိုအခါ တာဝတိံသာနတ်ပြည်၌ သိကြားမင်းစံရာ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာသည် တင်းမာသောကြောင့် လူ့ပြည်သို့ ရှုကြည့်တော်မူလေလျှင် ဒေဝနံပိယတိဿမင်းကြီးသည် သက်တော်ထင်ရှားရှိသော ရုပ်သဏ္ဌာန်ကဲ့သို့ ကိုယ်စား ရုပ်ပွားတော်များကို အလိုရှိသောအချင်းအရာတို့ကို သိတော်မူ၍ ဥာဏ်တော် တစ်တောင်တစ်ဆယ့်နှစ်သစ်ခန့် စန္ဒကူးသားကို ရုပ်ပွားတော် အသွင် ပုံပြင် ဖန်ဆင်းပြီးသော် ရုပ်ပွားတော် တစ်ဆူလျှင် မြတ်စွာဘုရား၏ခေတ်တော်စစ် ၇ ဆူစီ ဌာပနာပြီးမှ ၄ ဆူသော ရုပ်ပွားတော်များကို ဒေဝနံပိယတိဿမင်းကြီး၏ ရာဇပလ္လင်ပေါ်တွင် သိကြားမင်းဖန်ဆင်း၍ ထားလေ၏။ မိုးသောက်ထ၌ မင်းကြီးသည် ရုပ်ပွားတော် ၄ ဆူကို အံ့သြဘနန်း ရှုမခန်းမျှ မြင်ရလေလျှင် အလွန်ဝမ်းမြောက်ဝမ်းသာ ပီတိသောမနဿဖြစ်ပွားတော်မူသောကြောင့် များစွာသော ရဟန္တာ အရှင်မြတ်တို့ကို ပင့်ဖိတ်၍ များစွာသော အလှူတော်ကြီးတို့ကို ပေးပြီး

လျှင် ၁၅ ရက် တပေါင်းလုံး ရုပ်ပွားတော်မြတ် ၄ ဆူကို အထူးထူးသော ပူဇော်ခြင်းတို့ဖြင့် ပူဇော်၍အထူးထူးသော ပွဲသဘင်တို့ကို စီရင်ခင်းကျင်းပြီးမှ မဟိန္ဒရဟန္တာအရှင်မြတ်က ဥပတိဿ ကိုယ်တော်မြတ်ကို ပေးအပ်တော်မူလေ၏။ ဥပတိဿရဟန္တာ အရှင်မြတ်က ရုပ်ပွားတော်မြတ် ၄ ဆူကို တစ်ဆူမှာ ကျွန်းတုံးပေါ်၌တင်တော်မူသည်။ တစ်ဆူမှာ ကျောက်လုံးဘီးပေါ်၌ တင်တော်မူသည်။ တစ်ဆူမှာ သင်္ကန်းတုံးပေါ်၌ တင်တော်မူသည်။ တစ်ဆူမှာ ဒုတိယ သင်္ကန်းတုံးပေါ်၌ပင် တည်ထားတော်မူပြီးလျှင် ဇမ္ဗူဒီပါလာဟလသင်္ဘောဆိပ်မှ သာသနာတည်တွန်းရာ မြန်မာပြည်၌ တည်တံ့စေသတည်းဟု မိန့်ခွန်းတော်မူပြီးလျှင် ပင်လယ်ကြောသို့ မျှောတော်မူလေ၏။ ထိုအခါ ကျွန်းတုံးနှင့်မျှောလိုက်သော ရုပ်ပွားတော်တစ်ဆူသည် ရခိုင်ပြည်ကြီးမှာ ကိန်းဝပ်တော်မူလေ၏။ ကျောက်လုံးဘီးနှင့် မျှောလိုက်သော ရုပ်ပွားတော်တစ်ဆူသည် ကျိုက်ထိုမြို့မှာ ကိန်းဝပ်တော် မူလေ၏။ သင်္ကန်းတုံးနှင့်မျှောလိုက်သောရုပ်ပွားတော် တစ်ဆူသည် ကျိုက္ခမီမြို့ ရေလယ်ကျွန်းမှာ ကိန်းဝပ်တော်မူလေ၏။ ဒုတိယ သင်္ကန်းတုံးနှင့်မျှောလိုက်သော ရုပ်ပွားတော်တစ်ဆူမှာ တနင်္သာရီ မြို့နယ်ခရိုင်ပိုင် အညင်း၊ ညောင်းဘီး၊ ပဲယာ၊ ဇေးကမီတဇင်ရွာအနီး ယခု ဘုရားထွက်ခေါ်သော ရွာသို့ ကြွတော်မူလေ၏။ ထိုရွာသူရွာသားတို့သည် မကြုံစဖူးအကြုံထူး၍ဖူးမြော်ကန်တော့ကြပြီးလျှင် ကမ်းပေါ်သို့ ပင့်တင်ပို့ရန်ပြုလုပ်ကြသော် ပြန်ကြွ၍ ထွက်တော်မူလေ၏။ ဘုရားရုပ်ပွားတော်ပြန်ထွက်၍ ထိုရွာကို ရှေးလူကြီးတို့အမှတ်ပြုပြီးလျှင် ယခုထက်တိုင် ဘုရားထွက်ရွာဟု ခေါ်ဝေါ်ခြင်းပြုကြလေ၏။ ထိုမှတစ်ဖန်ဘုရား ရုပ်ပွားတော်သည်ရေလယ်ကျောသို့ မျှော၍ ကြွသွားပြန်သော်ယခု ဘုရားထန်ခေါ်သော နေရာသို့ ရောက်တော်မူ၍ နီးကပ်လျက် ရှိသော ရွာအများတို့က မြင်ကြလေလျှင် ရွာသူ ရွာသားတို့သည် ဘုရားရုပ်ပွားတော်မြတ်ကို မမြင်စဖူး အမြင်ထူး၍ လှော်လှေ လှော်လျက် ကိန်းဝပ်တော်မူသော မုတ္တမကျွန်းကြီး၌ ညီးညီးထိန်ဝါ

စိုက်ထူတော်မူသော သင်္ကန်းတုံးကို လောင်းတို့နှင့် ဘုရားရုပ်ထုတော် စံတော်မူသော သင်္ကန်းတုံးကို လှေကြီးအများတို့ဖြင့် ဝိုင်းဝန်း၍ဆွဲကြရာ လှေကြီးပြတ်သဖြင့် ဖတ်ဖတ်မောပြီးလျှင် သောသောလျှ ဆူညံကြသည့် အတွင်း တစ်ယောက်သောလူက ဘုရား ကုန်းပေါ်သို့ ရောက်ပြီလားဟု မေးလေလျှင် တစ်ယောက်သောလူက ဘုရားထန်၍ သွားသည်ဟု ပြောဆိုသောစကားကိုအမှတ်ပြုလျက် ထိုနေရာကို ဘုရားထန်ရွာဟု ခေါ်ဆိုခြင်းပြုကြလေသည်။

ထိုမှတစ်ဖန် ရုပ်ပွားတော် မှတ်မှန်သည် ထွက်စံတော်မူပြန်၍ ယခု ဘုရားကိုင်ခေါ်တွင်သော ပင်လယ်အော်ပိုက်ထဲသို့ ရုပ်မစဲကြွတော်မူလေသော် လူတစ်ယောက်သည် နောက်က လှေနှင့် အမြဲလိုက်၍ ဘုရားကို ကိုင်အားရာ ကိုင်ရာကလွတ်ပြီးလျှင် ကြွတော်မူသောကြောင့် ထိုနေရာသည် ယခုပင်လယ်တိမ်ချောင်းဖြစ်၍ ဘုရားကိုင်ချောင်း၊ ဘုရားကိုင်ရွာဟု ခေါ်တွင်ကြလေသည်။

ထိုမှတစ်ဖန် ထွက်စံတော်မူပြန်လျှင် ထားဝယ်မြို့ မုတ္တမချောင်းသို့ ဝင်ရောက်သောအခါ ရှင်ဥပတိဿရဟန္တာအရှင်မြတ်က သီဟိုဠ်ကျွန်းမှ ရရှိသော ဗောဓိပင်က ပွင့်သီးသည့် အစေ့ကို သင်္ကန်းတုံးပေါ်၌ အမိဋ္ဌာန် စိုက်ပျိုး၍ မျှောတော်မူလိုက်၏။ ထိုအခါ ယခုခေါ်တွင်သော ညောင်စင်ရွာကြီးသို့ ရှုမညီးရောက်တော်မူရာ ညောင်စင်ရွာ ဒါယကာ အပေါင်းတို့သည် သောင်းသောင်းညီညာ ကြည်ညိုသော စေတနာနှင့် ကုန်းပေါ်သို့ ဆွဲကြလေသော် ရုပ်ပွားတော်နှင့် အတူ ပါလာသော ညောင်ဗောဓိသည် အခြားသော သစ်ကိုင်း သစ်ခက် တို့နှင့် ငြိရှက်၍ပြတ်ပြီးလျှင် စင်ကျသော နေရာကို ညောင်စင်ရွာဟု ခေါ်ခြင်းပြုကြလေသည်။ စကား ရွေ့လျောသဖြင့် ညောင်စင်ရွာကို ညောင်းစင်ရွာဟူ၍ ခေါ်ဆိုကြ၏။

ထိုမှတစ်ဖန် ကြွသွားပြန်သော် ယခု တည်တံ့ ခိုင်ခန့်

ရောင်ရှိန်မြာလျှက်ရတနာအစစ်ဖြစ်တော်မူပြီးလျှင်ကိန်းအောင်း
မွှေ့လျော် စံပျော်တော်မူလေသတည်း။

၃၄၈၄

၆၊ ရွှေမုတ်ထီးဘုရားသမိုင်း အဆက်၁ အမြွက်မျှ
ရေးထည့်လိုက်ပါဦးအံ့၊

လေးဆူသော ရုပ်ပွားတော်တို့သည် လေး ဖြာ သော
အဆင်း ရူပကာယတော်နှင့် ရောင်ခြည်တော် ခြောက်သွယ်
ထွက်တော်မူ၍ ထန်းနှစ်ဖျားခန့် ကောင်းကင်ပေါ်ဝယ် စကြံ
ကြွလူး ကွန့်မြူးတော်မူသည်ကို မင်းကြီးနှင့် တကွ ပြည်သူ
အပေါင်း ဖူးမြင်ကြ၍ မရေ မတွက်နိုင်သော ရဟန်းရှင် လူ
အပေါင်းတို့သည် သောင်းသောင်းညီမျှ ပူဇော်ကြ၍ ရင်လက်
ခတ်တီး၊ အံ့ချီးမကုန် လုံးစုံပူဇော် ဆွမ်းတော်ကပ်ရန် စီမံ ချက်
ပြုတ်ပြီးလျှင် လေးဆူသောအရှင်နှင့် တစ်သောင်း ငါးထောင်
နှစ်ကျိပ် ငါးပါးသော သံဃာတော်တို့ကို ဆွမ်း၊အာဝတ်သက်နှုန်း၊
ပရိက္ခရာ ရှစ်ပါးတို့ဖြင့် လှူဒါန်းပြီးလျှင် လေးဆူသော ရုပ်ပွား
တော်တို့ကို ရဟန်းရှင် လူအပေါင်းတို့သည် အထူးထူးသော
ပူဇော်ခြင်းတို့ဖြင့် ပူဇော်နေကြသည်အတွင်း မဟာအရဟံအမည်
ရှိတော်မူသော ရဟန္တာ မထေရ်ကြီးနှင့်တကွ ရဟန္တာ အရှင်
မြတ်တို့ မဟာသုဒ္ဓ သင်္ဘောဆိပ်သို့ ဆင်းသက်တော် မူကြ၍
မဟာနာမမင်းကို အပါးတော်၌ ထားပြီးလျှင် မထေရ်ကြီးသည်
ဤသို့ အမိန့်ရှိသနား ပြုလေ၏။

စတုဓာတုဗုဒ္ဓပိမ္ဗာ၊ သီဟဠဒီပနသိဃ်၊ ဗုဒ္ဓသာသနာ
ပတိဋ္ဌံ။ ရဋ္ဌနဂရဂါမဠ၊ ဣခကာပ္ပပဉ္စဗုဒ္ဓါ၊ ကေံတနပဘူ
ဝုံသိ၊ အမာကဋ္ဌ၊ မဟာထေရော၊ တေနသစ္စဝဇ္ဇေန သိဃ
ပါဝိသိဘဂဝါ။

ဣမကပ္ပေ၊ ဤဘဒ္ဒကမ္ဘာ၌။ ပဉ္စဗုဒ္ဓါ၊ ငါးဆူသော
ဘုရားရှင်တို့သည်။ ကေံတေန၊ စင်စစ်အားဖြင့်။ ပဘူဝုံသိ၊

ဆင်တော်မူလေပြီ။ ယခုတနင်္သာရီတိုင်း၊ ဤသို့ မှန်သောစကားကို ပွင့်တော်မူလေပြီ။ ဧတေနသစ္စဝဇ္ဇေန၊ ဤသို့ မှန်သောစကားကို ဆိုပါဘိမူထား၊ စတုဓာတု ၄ ဆူကုန်သော ဗုဒ္ဓပိမ္ဗာ၊ မြတ်စွာ ဘုရားရုပ်ပွားတော်သည် အမာကဋ္ဌ၊ အကျွန်ုပ်တို့၏ သီဟဠ ဒီပေန၊ သီဟိုဠ်ကျွန်းမှ ဗုဒ္ဓသာသနပတိဋ္ဌ။ ဘုရား သာသနာ ငါးထောင်သာလျှင် တည်ရာဌာနမြို့ဒေသသို့။ ဘဂဝါ၊ ရွှေဘုန်း တော်သခင်အရှင်မြတ်ဘုရားသည်။ ရဋ္ဌနဂရဂါမဥ္စ။ တိုင်းပြည် မြို့ရွာသို့။ သီယံ၊ လျင်စွာ။ ပါဝိသိ၊ ကြွသွားတော် မူလေ သတည်း။ ဤသို့မဟာထေရ် သစ္စာပြုပြီးသည်နှင့် တပြိုင်နက်။ လက်အုပ်ချီငင် ဦးတင်ကန်တော့ကြလေလျှင် ၄ ဆူသောအရှင် တို့သည် စက်တင်ယန္တရား ခုတ်လုပ်သွားသို့၊လျင်လျားသောစွာ။ သာသနာကောဇာ ၉၃၈ ခု၊ ဥတုဂိမ္မန္တ တပေါင်းလပြည့်နေ့ သာသနာတည်တံ့ရာ။ ပင်လယ်ပြင် ရေအလျဉ်သို့ ကြွသွား တော်မူလေသတည်း။ ထိုသို့ကြွသွားတော်မူ၍ သိကြားမင်းသည် ၄ ဆူသော ရုပ်ပွားတော်တို့ကို ၄ ဂါထာတို့ဖြင့် သစ္စာအဓိဋ္ဌာန် ပြုပြီး ဆုတောင်းသည်မှာ–

၁။ ဇိနသေဋ္ဌော၊ ငါးမာရ်အောင်မြင် မြတ်ချစ်ရှင်၏။ ကေဗုဒ္ဓရူပေ၊ တစ်ဆူသောရုပ်ပွားတော်ဖြစ်သော။ ဘဂဝါ၊ ရုပ်ပွားမြတ်စွာ စိန္တေယျာသည်။ ယောနကရဋ္ဌေ။ ယောနက တိုင်း၏ မဟာဇေယပူရသို့။ မဟာဇေယပူရ ပြည်တော်သို့။ သီဃံ၊ လျင်စွာ။ ပါဝိသိ။ ကြွသွားတော်မူလေပြီ။

၂။ ဇိနသေဋ္ဌော၊ ငါးမာရ်အောင်မြင် မြတ်ချစ်ရှင်၏ ကေဗုဒ္ဓရူပေ။ တစ်ဆူသောရုပ်ပွားတော်ဖြစ်သော။ ဘဂဝါ၊ ရုပ်ပွားမြတ်စွာ စိန္တေယျာသည်။ ရက္ခပူရ၊ ရဋ္ဌဓညဝတီပူရသာ။ ရက္ခပူရတိုင်း ဓညဝတီပြည်ကြီး၏။ သံတွဲနာမနဂရသို့။ သံတွဲ အမည်ရှိသော မြို့တော်သို့။ သီဃံ။ လျင်စွာ။ ပါဝိသိ၊ ကြွသွား တော်မူလေပြီ။

၃။ ဇိနသေဋ္ဌသာ။ ဝါးမာရ်အောင်မြင် မြဘ်ချစ်ရှင်၏ ကောဗုဒ္ဓရူပေါ။ တစ်ဆူသောရုပ်ပွားတော်ဖြစ်သော။ ဘဂဝါ။ ရုပ်ပွားမြတ်စွာစိန္တေယျာသည်။သုဝဏ္ဏဘုမ္မိ ရဋ္ဌသာသုဝဏ္ဏဘုမ္မိ တိုင်း သထုံပြည်ကြီး၏။ ဘီးလင်းနာမ နဂရသိမ့်။ ဘီးလင်းမြို့ တော်သို့၊ သီဃံ။လျင်စွာ။ ပါဝိသိ။ ကြွသွားတော်မူလေပြီ။

၄။ ဇိနသေဋ္ဌသာ။ ငါးမာရ်အောင်ပြီး မြတ်စေခတီး၏ စတုပိမ္မာ ၄ ဆူရုပ်ပွား ရှင်ခေတ် ဘုရားတို့သည် ဗုဒ္ဓသာသန ပဋ္ဌသဟာသ တိဋ္ဌသိမ့်။ ဘုရားသာသနာငါးထောင် သခလျှင် တည်ရာဌာနမြို့ဒေသသို့။ သီဃံမေဝ။လျင်စွာသာလျှင်။ပါဝိသိ။ ကြွသွားတော်မူပါကုန် အရှင်ဘုရား။ တုမေ။ ရှင်ပင်ဘုရားတို့ကို အရဟံ။ အကျွန်ုပ်မည်သား။ မိုးသိကြားသာလျှင်။ ဝန္ဒာမိ။ သဒ္ဓါရိုကျိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။ ။တေန။ ထိုသို့ရှိခိုးပူဇော်ရသော အကျိုးအားဖြင့်။ ဗုဒ္ဓသာသနံ။ ဘုရားသာသနာငါးထောင်သာလျှင်။ တည်လာသမျှ ကာလပတ်လုံး။ မေ။ အကျွန်ုပ်သည်။ ရက္ခတု။စောင်မကြည့်ရှုနိုင်ပါစေသတည်း။

သိကြားမင်းသည် ဤသို့သော နတ်ပန်း၊ နတ်ဆီမီးတို့ဖြင့် ပူဇော်၍ သစ္စာအဓိဋ္ဌာန်ပြုပြီး ဆုတောင်းလေလျှင် လေအဟုန် ကဲ့သို့ ကြွတော်မူ၍။တစ်ဆူသံတွဲ။တကွဲ ယောနကတိုင်းလောမြို့။ သံးဘိုဘီးလင်း၊ လေးဆင့် ထားဝယ်။ သွယ်သွယ် လေးမည်။ ဇိနနာမ။ ယောနကမှာ။ ဇိနကောက္ကသံ။ တဖန်သံတွဲ။ တွင်မြဲ တစ်ဖုံ။ ဒကောဏဂုံလျှင်။ မြို့တွင်ဘီးလင်း။ ရှင်ရင်းစာသပ၊ မြို့မ ထားဝယ် အံ့ဖွယ်မည်သာ။ ဇိနဂေါတမ။ မုတ်ကြဗိုလ်ခြေ။ မျိုးလေးထွေတို့ဟူ၍ ရှေးပညာရှိတို့ စပ်ဆိုထားကြသည်။

ဤ ၄ ဆူသောရုပ်ပွားတော်တို့သည် အသီးသီးသာသနာ ဘည်ရာ တိုင်းပြည်မြို့ရွာတို့သို့ ကြွဝင်လေလျှင် ဇိနဂေါတမ သိကြားထုသည့်သရက္ခန်သား ရွှေအဆင်းခတ်တော်ဗောဓိပင် ၊ကျောက်ကမ္ပည်း သင်္ကန်းတုံးနှင့်တကွ သာသနာတော် ကောဇာ

သက္ကရာဇ် ၉၃၂ ခု ထားဝယ် သာဂရမြို့ဘော် ဒေဝီကင်းတပ်ရွာသူကြီး လက်ျာပုံချီ မောင်မှန်က လူပေါင်း တစ်ရာကျော် လှေကြီးလှေငယ် အသွယ်သွယ်တို့နှင့် ကမ်းဆိပ်သို့ ပင့်ပါသော်လည်း၊ မပါရှိသည့်အချင်းရာကို နန္ဒယမင်း ရှင်ဇ ဘုရင်၏သားတော် ဗလဒေဝစောရန်နိုင် မင်းတရားထံ လျှောက်ထားရာ ဆရာတော် သံဃာတော်၊ ပုဏ္ဏားတော်၊ မှူးတော်၊ မတ်တော်တို့ပါ တောင်သောင်းမကသော ပြည်သူဗိုလ်ပါများစွာတို့နှင့်တကွ ခပ်လှေ လှော်လှေရာထောင်မက ဆွဲငှင်ကြပါသော်လည်း၊ မပါ၊ သုံးရက်တိုင်တိုင် ကြံ့ခိုင်နေတော်မူ၍ မယ်တော် စောမြဒေဝီ ကုသိုလ်တော်အနှီး သေတစ်ရွာကုန်းတန်းအငူ၌ ဆိုက်လေလျှင် သူတော်စင် သီလရှင်၊ မယ်အေသီ၊ လူအမည် မန်းမွှီး၊ မယ်တေသီမန်းသာ၊ မယ်ဥတ္တမမန်းအောင်၊ မယ်ပညာမယ်သူ၊ မယ်ညာဏမန်းထွီး၊ မယ်ကိတ္တိမန်းအေးတို့၏ ဆရာမ မယ်အေသီ မန်းမွှီးကို အိပ်မက်ပေးသည်မှာ ချည်ဝင် ခုနစ်မျှင်ကို ခုနစ်ဖန်ကျစ်၍ သင်္ကန်းတုံး၌ချည်ပြီးလျှင် အရှင်ဘုရား လိုရာအရပ်သို့ ကျိန်းဝပ်တော်မူပါဘုရားဟု လျှောက်၍ ယခုတပေါင်းလပြည့်နေ့ ရေပြည့်သောအခါ ဆွဲတင်လေဟု အိပ်မက်မြင်လျှင် နတ်ပွဲခုနစ်ပွဲပြင်၍ နတ်ကောင်း နတ်မြတ်တို့ကို ပူဇော်ပသပြီးလျှင် ရုပ်ပွားတော် အရှင်မြတ်များကိုလည်း ဆွမ်း ရေချမ်း ဆီမီး ပန်းပေါက်ပေါက်တို့ဖြင့် လှူဒါန်း ပူဇော်ကန်တော့ကြ၍ သုံးဆူသော တီးဖြူကို ဘုရင်မင်းမြတ်အုပ်မိုးထားသည့်အတိုင်း သပ်ရပ်စွာ ပြုလုပ်စီမံပြီးမှ ချည်ခုနစ်မျှင်ကြိုးကို သင်္ကန်းတုံး၌ ချည်ပြီးလျှင် သစ္စာအဓိဋ္ဌာန်ပြု၍ သူတော်စင်ခုနစ်ပါး ဆွဲလေလျှင် အလိုလိုပင်ပါလိုက်လာ၍ ယခုစေတီတော်တည်ရာအရပ်သို့ကျလျှင် ရပ်တော်မူလေသတည်း။

၇။ ပရမရာဇာမင်းသားငယ်သည် မိထွေးတော်တိုင်းပြည်က ပြန်၍ ဖခမည်းတော် နေပြည်တော်သို့ ပြန်ရောက်ခြင်း အကြောင်း။

ထိုပရမရာဇာမင်းသားသည် ဖခမည်းတော်စံမြန်းသော နေပြည်တော်သို့ရောက်လေလျှင် မယ်တော်နှင့်တကွ မိကြီးတော်တို့အား ဆရာဝိဇ္ဇာဓိုရ်ကပြောပြသော စကားမျိုးစုံကို အကုန်လင်းပြ၍ မျက်စိကို ထည့်ပြီးလျှင် ပြဒါးလုံးနှင့် ပွတ်လေရာ မယ်တော် လေးယောက်တို့သည် ရှေးပကတိအတိုင်း မြင်ကြလေ၏။ အစွယ်ဘူးမှာ မိန်းမလှယောင်ဖန်ဆင်းသော ဘီလူးမကို ပေးလေလျှင် ဘီလူးမ၏ အသွင်အပြင် အမူအရာနှင့် တကွ အစွယ် ၂ ချောင်းပြူး၍ထွက်သဖြင့် ထိုဘီလူးမကို မင်းကြီးက အဆုံးစီရင်လေ၏။ ထိုမြို့တည်နန်းတည်မင်းတရားကြီးသည် ၄၅ နှစ်နန်းစံတော်မူ၍ အသက် ၉၀ တွင် နတ်ရွာစံလွန်တော်မူလေ၏။ မင်းတရားကြီးသားတော် ပရမရာဇာမင်းသည် ထီးနန်း စိုးစံတော်မူပြီးလျှင် ထိုမင်းလက်ထက် ပုလယက္ခတိုင်း ဘီလူးတို့ကို စစ်ချီ၍တိုက်ဖျက်သောကြောင့် ဘီလူးအပေါင်းတို့သည် ထောင်သောင်းမက သေကြေပျက်စီးကြသဖြင့် ကျန်သော ဘီလူးတို့သည် မော်လမြိုင်မြို့ ဘီလူးကျွန်းသို့ ပြေးသွားကြလေကုန်၏။ ဘီလူးတို့မရှိလျှင် လူနေရာဌာနဖြစ်၍ ထိုပုလယက္ခမြို့ကို စကားရွှေ့လျောသဖြင့် ပုလောဟု ခေါ်တွင် ကြလေသည်။ ပုလောနန်းတောင်ကို ဘီလူးမင်းကြီး တီးနန်းစိုက်သော နေရာဟု ပြောဆိုကြ၏။ ပရမရာဇာမင်းသည် ထိုဘီလူးမြို့၌ ခေတ္တ စံနန်းဆောက်လုပ်ဖူးလေသည်။ ထိုနောက် သက္ကရာဇ် ၁၁၂၁ခုနှစ်တွင် မုဆိုးဘိုမြို့ကို တည်ထောင်သော ဦးအောင်ဇေယျ ခေါ်သည့် အလောင်းမင်းတရားကြီးသည် မော်လမြိုင်မြို့၊ ရေးမြို့၊ ထားဝယ်မြို့၊ မြိတ်မြို့တိုင်အောင် ရုတ်တရက် သိမ်းတော်မူလေသည်။ ဗျန်စက္ကပိတ်မင်းမှ စ၍ ၎ါးဆက်သော မင်းတို့သည် အောင်သာဝရမြို့၌ (၁၁၇) နှစ်ထီးနန်းစိုးစံတော်မူသည်။ နောက်

သက္ကရာဇ် ၆၃၀ ပြည့်နှစ်တွင် ကျမိုင်း အဆက်ဖြစ်သော ရှမ်းမင်းမျိုး ဆုံးလေ၏။

၈။ အောင်သာဝရမြို့တော်ဟောင်းကပြောင်းရွှေ့၍ခရင်းသေ အရပ်၌ တရင်းသေမြို့တည်တော်မူခြင်း အကြောင်း။

ထိုအခါသမီးတော်တစ်ပါးသာရှိသောကြောင့် မှူးမတ်ပညာရှိ ပုဏ္ဏားပညာရှိတို့နှင့် တိုင်ပင်ကြ၍ အရှင်ဇွတိုင်း သာဂရပြည်သို့ သွားပြီးလျှင် မင်းလောင်းတောင်းကြလေ၏။ ထိုအခါ လင်းဇင်းမင်းကြီးက သားတော်သုံးပ းတွင် အလယ်သားတော်ကို အမတ်တို့အား အပ်လေ၏။

ထိုမင်းသားသည် အမတ်တို့နှင့်တကွ အောင်သာဝရမြို့တော်သို့လိုက်၍ သမီးတော်ကို သိမ်းပိုက်တော်မူပြီးလျှင် ထိုအောင်သာဝရမြို့တော်၌ ခေတ္တထီးနန်းစိုက်၍ မကြာမီပင် ထိုမင်းသည် ခရင်းသေအရပ်တွင် မြို့တည်တော်မူသဖြင့် ရေဖျက်၍ မအောင်နိုင်သည်နှင့် ပုဏ္ဏားပညာရှိတို့ကို ခေါ်တော်မူ၍ မေးမြန်းစုံစမ်းတော်မူရာ အမတ်ပညာရှိ ပုဏ္ဏားတို့က ကိန်းခန်းမရောက်သည်နှင့် မြို့တည်၍မဖြစ်နိုင်သေးပါဟု လျှောက်ထားကြ၏။ ထိုအခါ မင်းကြီးက အဘယ်အခါမှ မြို့တည်၍ဖြစ်နိုင်မည်နည်းဟုမေးရာ နောက်ကို ၂ နှစ် သက္ကရာဇ် ရောက်သောအခါ မှမြို့တည်လျှင်အောင်ပါလိမ့်မည်ဟု တင်လျှောက်ကြ၏။ သက္ကရာဇ် ၆၃၅ ခုနှစ်တွင် ထိုခရင်းသေအရပ်၌ စ၍ မြို့ဘည်လေသည်။ ထိုအခါ ရေကြီး၍ မြို့တွင်း၌ ကြပ်တည်းစွာ ဖြစ်ကြသောကြောင့် ပညာရှိအပေါင်းတို့က စနည်းကောင်းတဘောင်ကို နာယူကြသော် ဆင်ဖြူတံခါးအနီးတွင်သူငယ်ဘိုသည်လေးယောက်ငါးယောက်စုပြီး တေးသီချင်းဆို၍ ကခုံ ပျော်မြူးကြသည်မှာ (အောင်ပါလေကျောက်စတေးမှ တိုင်းအမည်သစ်လိမ့်မယ်လေး သေဆိုအာကာပေးတယ် ခမ်းချောက်လို့ပြေး) ဆို၍ ကခုံကြ၏။

ထိုတဘောင်သီချင်းကို ပညာရှိတို့ကောက်ယူကြ၍ မင်းကြီးကို တဘောင်သံအရ လျှောက်ထားကြလေ၏။ ထိုအခါ အရပ်စု အရပ်ကွက်တို့၌ လူအမည်စာရင်း ကောက်ယူကြလေသည်။ ထို စာရင်းတွင် အောင်ပါသော အမည်တို့ကို ရွေးကောက်ပြီးလျှင် မြို့တော်မှာ စည်မောင်းလှည့်စေ၍ သန်းခေါင်ယံ အချိန်တွင် အောင်ပါသောအမည်ကိုခေါ်မည်။ မထူးကြနှင့်ဟု မင်းအမိန့် အာဏာထုတ်ပြန်လေ၏။ အကယ်၍ ထူးသောသူကို ကျောက်တိုင် စတေးမည်ဟု မြို့ဝန်၊ ထောင်မှူး၊ အာဏာသားတို့က ကြော်ငြာ ထားလေသည်။ ထိုအခါ ယိုးဒယား တံခါးအနီး ပွဲစား ကြီးတွင် မအောင်သာအမည်ဖြင့် လုပတင့်တယ် ရှုချင်ဖွယ်ရှိ၍ တစ်ယောက်တည်းသော သမီး ရှိလေ၏။ ထိုသမီးကို သူဌေး သားနှင့် ထိမ်းမြားမင်္ဂလာ လက်ထပ်၍ လနှစ် ရှည်ကြာသော် သားတစ်ယောက် ဖွားမြင်၍ ၇ နှစ်အရွယ် ရောက်သော သားတစ်ယောက်ရှိ၏။ ကျောက်တိုင်စတေးရန် စည်မောင်းလှည့် လည်စေ၍ ကြော်ငြာသံကြားလျှင် ထိုကြားသည့်နေ့က စ၍ မအောင်သာမှာ ဝမ်းမြောက်ဝမ်းသာရွှင်လန်းစွာဖြင့် သနပ်ခါး လိမ်းခြင်း၊ ဆံပင်ကိုတောင်းစွာဖြီးလိမ်းခြင်း၊ ဆံပင်ဖားလျား ချ၍ ရှန်နီကိုပေါင်းပြီးလျှင် ပန်းကိုဇောက်ထိုးပန်၍ နေခြင်း၊ မည်သူမျှ မခေါ်ဘဲ တော်၊ ရှင် ဟူသောအသံဖြင့် ထူးလေ၏။ ထိုအခါ လင်၊ မိဘဆွေမျိုးတို့သည် မထူးရအောင် ဝိုင်းဝန်း စောင့်ရှောက်ကြသော်လည်း ထိုမအောင်သာက သူ့ကို မိန်းမ တစ်ယောက် လာခေါ်နေသည်ဟု ပြောပြလေ၏။ ထိုမိန်းမ မခေါ်ရအောင် အိမ်ခန်းတွင်းသို့ ပိတ်ပင် ဆီးတား ကြသော် လည်း မရမနေ မသေမလွတ်ဆိုသကဲ့သို့ မိန်းမ တစ်ယောက်က နှစ်ယောက်လာခေါ်နေသည်ဟု ပြောပြလေရာ လင်နှင့်တကွ မိဘ ယောက္ခမဆွေမျိုးတို့သည် အထူး ဝီရိယစိုက်ကြ၍ မထူးရ အောင် ကြပ်တည်းစွာ စောင့်ရှောက် ကြသော်လည်း မရဖြစ် လေသည်။ ထိုညသန်းခေါင်ယံအချိန်သို့ ရောက်လေလျှင် မြို့ဝန် နှင့် ထောင်မှူး အာဏာသားတို့သည် မြို့တော်သို့လှည့်၍ အောင်

ပါသောအမည်ကို လှည့်ပတ်ခေါ်ကြ၍ ယိုးဒယား တံခါးသို့ ရောက်သော် မအောင်သာဟုသုံးကြိမ်ခေါ်လိုက်ရာ မအောင်သာသည် ဝမ်းသာအားရသောစိတ်ဖြစ်၍ တော်၊ ရှင်ဟု ထူးလိုက်ပြီးလျှင် အိမ်ပေါ်က အတင်းဆင်းပြေး၍ မည်သူမှ ဆွဲငင်မရကြဘဲ မြို့ဝန်ရှိရာသို့လာပြီးလျှင် ကျွန်မကို ကျောက်တိုင် စတေးပါဟု အခါခါ လျှောက်ထားလေ၏။ ထိုအခါ မြို့ဝန်၊ ထောင်မှူး၊ အာဏာသားတို့က ကျောက်တိုင်ရှိရာသို့ ခေါ်လာ၍ တွင်းကို ပြလေ၏။ မအောင်သာသည်တွင်းထဲသို့အတင်းခုန်ဆင်း၍နေပြီးမှ ကျောက်တိုင်ကို ထိုးချလိုက်ပါဟု ပြောသောအခါ မြို့ဝန်မင်း၊ ထောင်မှူး၊ အာဏာသားတို့နှင့်တကွ များစွာသော လူအပေါင်းတို့သည် သောင်းသောင်းအုတ်အုတ် ပရမ်းပတာ ရင်လက်ခတ်တီးကြပြီး ကျောက်တိုင်စိုက်ထူလိုက်ရသဖြင့် ကျောက်တိုင်ထိပ်၌ လက်လေးသစ်ခန့်သေးသည် တည်လျက်ယခုနေ့အထိ ရှိသေး၏။ ထိုကျောက်တိုင်မှာ ယခုမြေပေါ်ကရှိသည့်အတိုင်း မြေထဲသို့ ဝင်လျက်ရှိသည်။ ထိုတရင်းသေမြို့ကို တနင်္သာရီမြို့ တနင်္သာတိုင်းဟု သမိုင်းတွင်လေသည်။

တောဒယ်ရာဇ်.မင်းသည်ယိုတနင်္သာရီမြို့ကို သုံးနှစ်တိုင်တိုင် တည်ရလေသည်။ သက္ကရာဇ် ၆၃၈-ခုနှစ်ရောက်၍ ကျောက်တိုင် စတေးပြီးမှ ရေမဖျက်နိုင်ဘဲ အမြဲ တည်တံ့၍ ယခု ထက်တိုင် ရှိလေ၏။ ထိုမင်းလက်ထက် ထားဝယ်မြို့၊ ရေးမြို့၊ မော်လမြိုင်မြို့ များတွင် မြန်မာဘုရင် ခန့်ထားသော မြို့ဝန်များကို နုတ်သိမ်း၍ ရှမ်းအမတ်တို့ကို မြို့ဝန်ခန့်ထားသည်။ ၆ ၈-ခုနှစ်ကစ၍ ယောနကတိုင်းအမည် ပျောက်စေပြီးလျှင် သံလွင်မြစ် အရှေ့ဘက်ရှိ မြို့များကို တနင်္သာရီတိုင်းဟု တွင်လေသည်။

၉။ ဗျာဒိတ်သိုက်သမိုင်းအကြောင်း

မြတ်စွာဘုရားသခင်သည် သတ္တဝါတို့ နေသောနေရာတွင် မနောင်ဖြစ်ပျက်မည့်အကြောင်းကို မြင်တော်မူ၍ ဗျာဒိတ် ရွှေခွန်း ညွှန်ကြားတော် မူလိုသောကြောင့် ဒေသစာရီ ကြွချီတော်မူရာ ဒွါရာဝတီပြည်သို့ ရောက်လျှင် ကောသမ္ဗီပြည်သို့ ရောက်တော် မူ၍ တနင်္သာရီကျွန်းတွင် နေထိုင်ကြသော လူတို့ကိုမြင်တော်မူ လေလျှင် ကိုယ်တော်တိုင် တစ်ပါးတည်း ကြွချီတော်မူကြောင်းကို ရဟန္တာတို့က လျှောက်ထားကြသောအခါ ငါ၏ချစ်သားရဟန်း များတို့ကောသမ္ဗီပြည်ကြီးပျက်ပြားတိမ်းပါးခဲ့ပါလျှင်တနင်္သာ ရီကျွန်းကိုရာဇဌာနီ မင်းနေပြည်တော်ဖြစ်မည့် အကြောင်းမိန့် တော်ရွှေခွန်း ညွှန်ကြားတော် မူလေသည်။ ထိုနောက်လိုက်ဂူ ၉၉-ပေါက်နှင့်တူသော ကြွက်မင်း နေပြည်တော်ကို မြင်တော်မူလျှင် နောင်မြိုတ်မြို့ဖြစ်မည်ဟု မိန့်တော်မူလေ၏။ ကောသမ္ဗီပြည်ကြီး ပျက်ပြားခဲ့လျှင် တနင်္သာရီကျွန်းကို ရာဇဌာနီ မင်းနေပြည်ကြီး သမုတ်တော်မူ၍ ဘာဟီကနောင်တော် စိုးစံတော်မူသည့်အတွင်း ပဲခူးပြည်နှင့် စစ်ထိုးခြင်းငှာပူသဖြင့် စစ်ရှုံး၍ ဂိဒါတိုင်းပြည်သို့ ထွက်သွားတော်မူသည်။ ညီတော်ဖြစ်သော ဘာဟီကရာဇာသည် တောနေလူတို့ကို သိမ်းရှန်း၍ တနင်္သာရီပြည်ကို စိုးစံတော်မူသည့် အတွင်း ဒွါရဝတီဘုရင်ကမြို့နယ်နိမိတ်ကို လုယက်သိမ်းယူလေ၏။ ထိုဘာဟီက ရာဇာမင်းသည် ဧဉဝတီပြည်ကြီးကိုအမှီပြု၍ သက္ကရာဇ် ၃၃၅-ခုနှစ်၊ ကဆုန်လဆန်း ၅-ရက် ဗုဒ္ဓဟူးနေ့ ပြိဿ လက် မေထုန်စန်းနေ့ဝန်းပေါ် အချိန် ထပ်မ ပြီး တနင်္သာရီမြို့သစ် တည် ထောင်တော်မူသည်။ ထိုမြို့အကျယ် ခုနစ်ထောင်၊ တာပေါင်း (၇၅၀) တနင်္သာရီမြို့သစ်ရာဇဝင် တစ်မျိုးကလာသည် နှစ်သက် ရာ ယူကြပါကုန်။

ထိုဘာဟီကရာဇာမင်းသည် သားတော်အစဉ် မြေးတော် အဆက်က စ၍ စိုးစံတော်မူသည့် သက္ကရာဇ် ၉၀၀ ပြည့်နှစ် ဥဓဒေါင်းဘုရင် စိုးစံတော်မူနေစဉ် နယ်ခြားမှုကြောင့် ဒွါရဝတီ

ခမောင်းသွယ်ချောင်းဆာ ရပ်တန့်ဘုရင်ကိုယ်တော်တိုင် ချီလာ၍ တနင်္သာရီမြို့ကိုပေးအပ်မည် မအပ်မည်ကို လာဇသံ တော်မူပြီးလျှင် တနင်္သာရီမြို့ကိုပေးအပ်မည် မအပ်မည်ကို လာဇသံ တော်မူပြီးလျှင် မအပ်ပေးကြောင်း သိတော်မူ၍ ချီတက် ရွေ့ပေနှင့် မေးတော်မူရာ မအပ်ပေးကြောင်း သိတော်မူ၍ ချီတက် ရွှေပေနှင့် မေးတော်မူရာ သာရီဘုရင်ကို ကုပ်ညှပ်တော်မူပြီး ပီဖုလားနှင်းနွယ် တော်မူပြီးလျှင် သာရီဘုရင်ကို ကုပ်ညှပ်တော်မူပြီး ပီဖုလားနှင်းနွယ် တော်မူပြီးလျှင် သာရီဘုရင်ကို ကုပ်ညှပ်တော်မူပြီး ပီဖုလားနှင်းနွယ် ဒေဝီကို ယူသွားလေ၏။ တနင်္သာရီတိုင်း ဒွါရဝတီမင်း စိုးအုပ် တော်မူသည့်အခါ သက္ကရာဇ် ၁၁၉-ခုနှစ်ကစ၍ ၁၉၂-ခု ဗလ ချေတောက်မင်းအဆုံး မင်းကိုးဆက်မြောက် နှစ်ပေါင်း ၇၃ နှစ် စံတော်မူသည်။

မှမ်းငင်းဆက် တနင်္သာရီမြို့တွင် ဘဒ္ဒဟိကရာဇာမင်းအမိန့် တော်နှင့် သာရီမြို့အရံ မှာ ၃၂–မြို့ရှိသည်။ ၁၂-သေးမား အမည် မှာ ပုလော၊ပုလောက်၊ မြိတ်တောင်၊ သေးမားတောင်၊ တောင်ဖိ လာ၊ကလင်ဘန်း၊ တညက်၊ တမုတ်၊ လုန်းခရန်းတောင်၊ပြင်ဝန်း၊ ပန်းသုံးတောင်၊ သန္တုပ်၊ ၁၂–ဖြစ်သည်။ သာရီမြို့ကို ထပ်မံ တည်လုပ်သည်မှာ မြို့တိုင် မြေဝင် သုံးတောင်၊ မြေပေါ်အရပ် ရှစ်တောင်၊ မြို့လုံးပတ် ရှစ်ဆယ့်တစ်ကြိုး၊ အတာ နှစ်ဆယ်ကို တစ်ကြိုး၊ ခုနှစ်တောင်ကို တစ်တာခေါ်သည်။ မြို့တံခါး ရှစ် ပေါက်၊ မလွယ်တံခါး နှစ်ပေါက်၊ သာရီမြို့၏ ပိုင်းခြားခြင်းမှာ အရှေ့မြောက်က လားသော် ခမောင်းသွယ် ချောင်းအထိ၊ အရှေ့ကလားသော် ဝင်းဖလုံးအထိ၊ အရှေ့တောင်ကလားသော် သာလင်မြို့အထိ၊တောင်က ဆိုင်းလအထိ၊ အနောက်က ကွမ်းသီး ကွမ်းရွက်ကျွန်း အထိ၊ မြောက်က မလိလေးကျွန်း ငှက်သိုက် ပဲ့ တံခါးကျောက်တရန်ပြည်ခြား မီးလောင်ချောင်းအထိ နယ်ဆုံး အခြားဖြစ်သည်။

တနင်္သာရီမြို့က မြစ်ညာသို့ ဆန်တက်သွားသော် စတိန့် သောင်၊ မမသောင်၊ သူတော်ငို၊ ဘန့်လော၊ ဘန့်လင်၊သမီးလှ၊ ဝမ်းနာ၊ကျောက်စရစ်၊ တကူ၊ လမိုင်းတော၊ တရဘွင်၊ပတ္တမြား သူဌေးကွင်း၊ လိပ်ဆင်း၊ ရေပူ၊ ဟိန်းလပ်၊ ကောဇပြင်၊ကျောက် ဆင်၊ပစတ်၊ ဖောင်ဆိပ်၊ ပြောင်ချောင်း၊မရှန်း၊စလယ်တောင်း၊

တပ်မှူး၊ ငါးသေး၊ ဗျတ်အော၊ ဗျတ်ယောင်း၊ ကျောက်ဆောင်ဇလိုက်ပုံ၊ စန္ဒပိချောင်း၊ ကျောက်လုံးကြီး၊ တီ၊ တလုပ်ချောင်း၊ ဆင်မကျွန်း၊ စလဝ၊ ပဲ့တောင်၊ သဘော်ဦး၊ ဖားချောင်း၊ ဘုရားထန်း၊ ကျခပ်ဒရယ်၊ ရန်ဝ၊ တရဇင်း၊ တရဇူး၊ သင်္ကန်းငုတ်၊ တနင်္သာရီမြို့ နယ်ခြားဖြစ်၏။ ထားဝယ်နယ်ပိုင် အောင်သာဝရမြို့တော်ဟောင်းရောက်၍ ထိုမှသွားသော် မယ်ခငါ၊ မယ်ဖျား၊ သုံးတောင်ခတင်၊ သမိုင်း၊ အထူး၊ အယူး၊ အများ၊ ဆင်ဖြူချည်တိုင်၊ မေတ္တာမြို့သို့ရောက်၏။ ၎င်းတသွားသော် ကျောက်တုံး၊ ဇင်းမယ်မြို့၊ အလံလေးချက်သံလွင်မြစ်သို့ ရောက်လေ၏။

ပထမပိုင်းပြီး၏။

ရှေးအခါက ထောင့်ကွာမြို့ ယခုအခါ ထောင့်ကွယ်မြို့ မော်တုန်းအရှေ့မြောက်တွင်ရှိသော ဘန်ရှောင်မြို့ကို မြို့ဟောင်းမော်စွန်းကြီးမြို့၊ အောင်သာဝရမြို့၊ တနင်္သာရီမြို့တိုင်အောင် ယခုကာလရှေ့လျော၍တောနေ့ကဲလယ်ခေါ်သော သန်းဒုတ်ရွာကို ရှေးအခါက ဆင်တုပ်မြို့ဟု သမုတ်တော်မူ၍ ၆၃၉ ခုနှစ်တွင် သဘော်ဆိပ်တည်ထားပြီးလျှင် သမုဒ္ဒရာကင်းမြို့လည်းခေါ်၏။ ကန်ဂလက်ခေါ်သော နေရာတွင် ယခုတောကြီးဖြစ်၍နေ၏။ ရှေးအခါက သူဌေးသူကြွယ်နှင့် ဆင်းရဲသားများ လယ်ယာလုပ်ကိုင်စားသောက်သော နေရာဖြစ်လေသည်။ ရှေးက လယ်လုပ်သားများသည် လူသူကျွန်သားများ သောက်သုံးရန် ရေကန်များတူး၍ထားကြသည်။ သက္ကရာဇ် ၇၁၀ ပြည့်တွင် အင်းဝမြို့ဘုရင်မင်းခေါင်ကြီးလက်ထက်ရှမ်းများဘင်ကြိမ်လာ၍ဖျက်ရာ မပျက်ဘဲရှိ၏။ ထားဝယ်မြို့သည် ထိုအခါ ခြားနားစွာနေပြီးနောက် ဆယ်နှစ်ကျော်သောအခါ ရှမ်းများပြန်၍ သိမ်းယူလေသည်။ သက္ကရာဇ် ၉၀၀ ပြည့်နှစ်တွင် ဟံသာဝတီရှေ့လက်ဘော်၌တစ်ကြိမ်ပြန်၍ရပြန်လေ၏။ မင်းတရားကြီး ရှေ့ထီး နတ်ရွာစံလွန်တော်

မူသော် တစ်ဖန်ခြားနား၍နေပြန်သည်။ သက္ကရာဇ် ၉၂၅ ခုနှစ် ဟံသာဝတီဆင်ဖြူရှင် မင်းလက်ထက်က ရေး၊ ထားဝယ်၊ မြိတ်၊ တနင်္သာရီမြို့များကို အောင်တော်မူသောကြောင့် ၎င်းမြို့များ၌ ဘုရားရုပ်ပွားတော်၊ စေတီတော်များ တည်ထားခဲ့လေသည်။ ယင်းသည် သက္ကရာဇ်ကစ၍ ဒွာရဝတီတိုင်း ယိုးဒယားပြည်တိုင်အောင် သာသနာပြန့်ပွားကော်မူပြီးလျှင် ထိုဆင်ဖြူရှင် နတ်ရွာစံလွန်တော်မူသည့်နောက် သားတော်ငါးထပ်ဘုရား ဒါယကာမင်းမြတ်လက်ထက် ရေး၊ ထားဝယ်၊ မြိတ်၊ တနင်္သာရီမြို့များသည် တစ်ကြိမ်ခွဲထွက်၍ နေပြန်သော်လည်း ဟံသာဝတီဆင်ဖြူရှင်လက်ထက်ကစပြီး ကနင်္သာရီဘိုင်း ယိုးဒယားပြည်တိုင်အောင် သာသနာမဆုတ်မယုတ်ပြန့်ပွား၍ ဘုရားရုပ်ပွားတော် စေတီတော်များစွာ ထွန်းကားနေသောကြောင့် သူဌေးသူကြွယ် ကုန်သွယ်လယ်လုပ် လူများအပေါင်းတို့သည် ကျောင်းကန်ဘုရားများစွာ တည်ထားခြင်းပြုကြလေ၏။ သာသနာတော်ထမ်း ရဟန်း၊ အရှင် ဘုန်းတော်ကြီးများမှာ မြေပေါ်တွင် သိမ်သမုတ်၍ ဥပုသ်မပြုကြဘဲ ရေထဲ၌ ရေသိမ်လုပ်ပြီး ဥပုသ်ပြုကြလေသည်။ ရှမ်းဘာသာ သာသနာတွင် ရေသိမ်ကိုသာ စင်ကြယ်ကုန်သည်ဟု ယခုထက်တိုင် ရှမ်းဘုန်းတော်ကြီးများပြောဟောလျက်ရှိသေးသည်။ ကြက္ကလင်းမြို့မှစ၍ အဆက်ဆက်သောမင်းတို့နှင့်တကွ တိုင်းသူပြည်သား အပေါင်းတို့သည် ရသေ့ကိုသာ ကိုးကွယ်ကြသည်။ ထောင့်ကွယ်မြို့ စည်ပင်သာယာစဉ် မဇ္ဈိမတိုင်းပြည်မှ ကုန်သည် သူဌေးကြီးတို့ လာပြီးရောင်းဝယ်ဖောက်ကား၍ စည်ပင်သာယာသည့်အခါ သူဌေး သူကြွယ်တို့ ကိုးကွယ်တော်မူကြသော မြရုပ်ပွားတော်များစွာပင် ရှိကြသော်လည်း၊ သာသနာတည်တံ့ပြီး စည်ပင် ထွန်းကားသော အခါကာလသို့ မရောက်သေးသဖြင့် ထိုတိုင်းပြည်သူ ပြည်သားမှစ၍ မင်းအမတ်စစ်သူကြီး သူဌေး သူကြွယ်တို့သည် မြကျောက်ကို သူ့တက်ငါကြီးအောင် ပြုလုပ်၍ အိမ်မှာ တိုက်မှာ များစွာထားကြသော်လည်း ယုံကြည်ကိုးကွယ် အားထားနှစ်သက်ခြင်း မပြု

ကြပေ။ ရခေသ့တပသီတို့ကိုသာ ယုံကြည်အားထား ကိုးကွယ်ခြင်း ရှိကြလေသတည်း။

၁၀။ မြိတ်မြို့တည်ခြင်းအကြောင်း

တနင်္သာရီမြို့မှာ ကောဒယ်မင်းမှစ၍ ၅၃ ယောက်သော မင်းတို့သည် ၂၅၄ နှစ် ထီးနန်းစိုးစံကြ၏။ သက္ကရာဇ် ၇၉၃ ခုသို့ ရောက်လျှင် မင်းပေါင်း ၅၃ ဆက်တို့၌ နောက်ဆုံး ကျောက်ဘုရားမြစောစံမင်း လက်ထက်တွင် ယိုဒယားပြည် ဆင်တစ်သန်းရှင်၏သားတော် ဗြဟ္မာမသွန်တီသာမင်း သားသည် စစ်သည်ဗိုလ်ပါများစွာတို့နှင့် ချီလာ၍ တိုက်သိမ်းတော်မူပြီးလျှင် တနင်္သာရီမြို့ကို ထီးနန်းအုပ်ချုပ် မင်းလုပ်စိုးစံတော် မူလေ၏။ ထိုသောအခါ ယခုသန်းဒုပ်ခေါ် ဆင်ထုတ်မြို့သင်္ဘောဆိပ်သည် သောင်များစွာထွန်းလာပြီး ရေတိမ် သောကြောင့် ရွက်သင်္ဘောများ သွားလာဝင်ထွက်ရန်ကျပ်တည်းစွာဖြစ်လာ၍ထိုဗြဟ္မာမသွန်တီသာမင်းသည် သက္ကရာဇ် ၁၀၉၃ ခုနှစ် ခယ်တောင်နေရာသို့ ပြောင်းရွှေ့ပြီးလျှင် သင်္ဘောဆိပ် တည်လေသည်။ ရှေးအခါက ခယ်တောင်ခြေရင်း၌ တံငါလုပ်ကိုင်၍ စားသောက် နေထိုင်လျက်ရှိကြသော လူများမှာ အိမ်နှစ်ဆယ်ခန့်သာရှိ၏။ သင်္ဘောဆိပ်တည်ရန် လူအပေါင်းတို့ကို အရပ်ရပ်သောရွာတို့မှ ခေါ်ယူလာပြီး နေရာချထားသည်မှာ ပထမ တနင်္သာရီ ချောင်းကြီးဘက်က ဘန်လော၊ သမီးလှ၊ ဝမ်းနာ၊ ကျောက်စရစ်၊ တကူ အစရှိသော ရွာများမှ လူအိမ်ထောင်စုတို့ကို ခေါ်ယူလာ၍ ချထားသောကြောင့် မြစ်မရပ်ဟုယခုအထိခေါ်သည်။ သံထောင်းတောင်လကျ်ာက ဝင်ပြီး မော်တုန်းရွာသို့ အထိ မြစ်ကြီးနှင့် မြစ်ငယ်ပေါင်းဆုံ၍ မြစ်ငယ်အနီးတွင် နေသော ဇဝဲ၊ ဆင်တင်၊ ဘန်းတမွတ်၊ ဆလွတ်၊ ပနပ်ငယ်၊ ထုန်နွယ်၊ ထိုခြောက်ရွာတို့က ခေါ်လာသော လူများကို ချထားသည်အတွက် မြစ်ငယ်ရပ်ဟု ခေါ်

သည်။ မော်တွန်းရွာကြီးမှာ ရွာမဖြစ်၍၊ ကင်းတပ်အတည်ထားပြီးလျှင် မပြောင်းမရွှေ့ပဲ အမြဲ စောင့်ရှောက် နေရသောကြောင့် မော်တွန်းရွာအောက်၌ ကင်းတပ်မော်ဟု ယခုအထိတွင်ကြလေသည်။ ထားဝယ်မြို့မှ ယူလာ၍ချထားသော နေရာကို ထားဝယ်စုရပ်၊ တနင်္သာရီမြို့ချောင်းငယ်ဘက်က ခေါ်ယူလာပြီး ချထားသောနေရာကို ဆိပ်ငယ်ရပ်၊ ရေးမြို့ မော်လမြိုင်မြို့များမှ တလိုင်းတို့ကို ခေါ်ယူလာ၍ ချထားသောနေရာကို တလိုင်းစုရပ်၊ ဈေးဆောက်လုပ်ထားသောနေရာကို ဈေးတန်းရပ်၊ ရေကန်ထိပ်တွင် နေကြသော အရပ်ကွက်ကို ကန်ခေါင်းရပ်၊ ဈေးတန်းတောင်ဘက်က နေရာကို ဈေးခေါင်းရပ်၊ ရေကန်အဖျားဘက်မှာနေသော လူများကို ကန်ဖျားရပ်၊ ရှမ်းခြေသလုံးကြီးတွင်နေသော လူများကို လေးတောင်၊ ပဲတောက်မင်းရေကန်ကို စွဲ၍ ကန်ကြီးရပ်၊ ကဟန်း၊ စလွန်း၊ မင်းသန်း၊ မောင်းခလှော် အစရှိသော လယ်တောသားများနေသောကြောင့် လယ်ကျွန်း၊ အလယ်ကျွန်းဟု နှစ်မည် တွင်သည်။ ရွှေဒုပ်၊ သန်းဒုပ်ခေါ် တောနောက်လယ်သားများ နေသည်အတွက် နောက်လယ်ရပ်၊ မြစ်မရပ်တွင် ပန်းဘဲဖိုတည်၍ ထားသောနေရာကိုနောက်ပန်းဘဲ ပျောက်ပြီး သံဖို နောင်သံဖိုရပ်ဟု တွင်လေသည်။ ဈေးကြီးတောင်ဘက်တွင် နွားလှည်းတို့နှင့် လုပ်ကိုင်စားသောက်ခနထိုင်ကြသော သူတို့၏နေရာကို လှည်းထိန်စုဟု ယခုအထိတွင်လေ၏။ ဈေးကြီးအနောက်မြောက်၌ နောက်အမည်တွင်သည်မှာ မြန်မာမင်းတို့ အုပ်စိုးသောလက်ထက် စပါးတစ်ဆယ်လျှင် တစ်တင်း ဆယ်ခိုင်တစ်ခိုင် လယ်ခွန်များကောက်ခံ၍ စပါးကျီ ဆောက်လုပ်ပြီး တည်ထားခြင်းကြောင့် ကျီကုန်းဟု ခေါ်သည်။

ဆိပ်ငယ်မှာ ပင်လယ်ကမ်းခြေအနီး တစ်စိတ်တစ်ဒေသတွင် ကြက္ကလင်းမြို့မှ ကသဲလူမျိုးများလည်း နေ၏။ ကမ်းခြေတစ်လျှောက်၌ သဲဖြူများရှိသည့် အတွက် သဲဖြူရပ် သို့မဟုတ် ကသဲစုဟု ခေါ်သည်။ ယခုတရုတ်ဘုရားကျောင်း ဆောက်လုပ်ထားသော နေရာတွင် စတိန် ဆရာဦးဇာဂရ ကိုယ်တော်ကြီးကို

ပင့်ထားပြီး ကျောင်းဆောက်လုပ်လှူဒါန်းကိုးကွယ်ကြလေ၏။ ကျောင်းအနီး ရေတွင်း တူးထားခြင်း၊ ထိုစတိန် ဆရာတော်ကို အစွဲပြု၍ ဆိပ်ငယ် စတိန်ရပ်ဟုနှစ်မည်တွင်လေသည်။ ထိုကျောင်း တောင်ဘက်ရှိ ရေတွင်းကို ကျောင်းတွင်းဟု ယခုဘက်တိုင် ခေါ်ဝေါ်နေကြ၏။ ၎င်းသင်္ဘောဆိပ်မြို့ကို မရိတ်ကင်းမြို့ဟု ရှမ်း မင်းများ တည်ထောင်ထားသောကြောင့် ထိုမြို့ကို ကိုးတောင် အမြင့်သစ်တပ်တိုင် မြို့ပတ်လည်စိုက်၍ တံခါးနှင့်တကွ လုံခြုံစွာ ထားရှိလေသည်၊ ယခု ဘုရင်ဂျီကျောင်းအနီး ဆိပ်ငယ်ရပ်နှင့် တလိုင်းစုရပ် အကြား အုတ်လှေကားနှင့် တကွထားသော သင်္ဘောဆိပ်အတက်အဆင်း တံခါးတစ်ပေါက်၊ (၂) ဝတ်တိုက် ကျောင်းတောင်ဘက်က တံခါးတစ်ပေါက်၊ (၃) ဘုရားကိုင်သို့ သွားသော ရေကန်ဘောင်ရိုးက တံခါးတစ်ပေါက်၊ (၄)ယခု မန္တလေးကျောင်းဟု ခေါ်သော တောင်ကြားက တံခါး တစ်ပေါက်၊ (၅) ရွှေကျောင်း တောင်နှင့် ခယ်တောင်ကြား မသာလမ်း တံခါးတစ်ပေါက်၊ ထိုတံခါးငါးပေါက်ကို တံခါး မှူးများညဥ့်အခါ ကောင်းမွန်စွာ ပိတ်ထားလျက် ရှိနေကြပါ သည်။ ရှေးအခါက ရေကန်သည် လောတောင် ခြေရင်းနှင့် ဘုရားကိုင် တောင်ခြေတွင် ယခုစီးဆင်းနေသော ချောင်းရေကို ရှမ်းမင်းသည် မြို့သူမြို့သားတို့နှင့် မြေကိုဝိုင်းဝန်း ပိတ်ဆို့ကြ ပြီးလျှင် ကြီးကျယ်စွာ ရေကန် ပြုလုပ်ထားသောကြောင့် ထို ရေကန်၌ ရှမ်းမင်းများလက်ထက်မှစ၍ မြန်မာမင်း လက်ထက် တိုင် လှော်လှေ၊ လှော်လောင်းတို့နှင့် ကစားကြလေသည်။ မြို့ပြင်၏ တောင်ဘက်တွင် နောက်လယ်ရပ်၊ အရှေ့ဘက် ဘုရား ကိုင်နှင့် ကံဖျားရပ်၊ အနောက်ဘက်တလိုင်းစုရပ်နှင့်ဆိပ်ငယ်ရပ်၊ မြောက်ဘက်ထားဝယ်စုရပ်နှင့် မြစ်ငယ်ရပ် ဖြစ်ခဲ့လေသည်။

နောက်လယ်ရပ်အနောက်ဘက် ယခု အင်ဂျင်နီယာရုံး ဆောက်လုပ်ထားသောနေရာတွင် ရှေးအခါက ချောင်းငယ်ငယ် တစ်ချောင်းကို ကင်းချောင်းဟု ခေါ်သည်။ ထားဝယ်စုမြောက်

ဘက်၌ ယခုရှိသောချောင်းကို မြောက်ဘက် ထင်းချောင်းဟု ခေါ်၏။ ၎င်းပြင်ဘက်တွင် သုသာန်သင်္ချိုင်းပြုလုပ်ထားသည်။ ဆိပ်ငယ်ရပ် ယခုတရုတ်ဘုရားကျောင်း ဆောက်လုပ်ထားသော နေရာ၌ စတိန်ဆရာတော်ကြီး ဦးဇာဂရကို မြို့သူမြို့သားဒါယကာတို့က ကျောင်းဆောက်လုပ်ကိုးကွယ်ကြလေ၏။ ထိုအခါ မြို့စည်ပင်သာယာခြင်းဖြစ်ပြီးလျှင် ရပ်ရွာတို့နှင့်နီးကပ်လာသောကြောင့် ကြမ်းတမ်းသောစကားကို ကြားရဖန်များသဖြင့် သံဃာတော်နှင့် သင့်လျော်သောနေရာမဟုတ်ပြီဟု စိတ်၌အောက်မေ့ပြီးလျှင် ဒါယကာတို့ကို ခေါ်တော်မူ၍ ငါသည်တောကျောင်းတွင် နေထိုင်လိုသည်ဟု မိန့်တော်ရှိရာ ဒါယကာ အများတို့က တောကျောင်းဆောက်လုပ်ရန် ရပ်ရွာနှင့်အပြန်ငါးရာကွာသော နေရာကို ရှာကြလေသော် ယခု တောကျောင်း ဆောက်ထားသော တောခင်ကြီးတွင် ကျောင်းဆောက်လုပ်ပြီး ဦးဇာဂရကို လှူဒါန်းပူဇော်ကြလေ၏။ ၎င်းကျောင်းကို ဆိပ်ငယ်ရပ်က တာထိုး၍ရေသော် ၆၀၀ကျော်ရှိပါသည်။ ထိုဆရာတော်သည် ဟံသာဝတီမြို့သားဟု ပြောဆိုကြ၏။

သက္ကရာဇ် ၅၀၀ ကျော်ကစ၍ အောင်သာဝရမြို့တော်မှ တစ်စတစ်စမြတ်စွာဘုရား၏ သာသနာတော်သည် ပေါ်ထွန်းဖြစ်လာပြီးလျှင် ကြက္ကလင်းမြို့မှ တနင်္သာရီမြို့ တိုင်အောင် ရွှေငွေ ကျောက်သံပတ္တမြား ဥဿဖယား၊ မြ၊ ပုလဲစသော ရတနာတို့ထွက်သည့်နေရာမှာ ယခုအောင်သာဝရမြို့အနီး ပတ္တမြားချောင်းပတ္တမြားရွာတို့၌ ပတ္တမြားနှင့် မြများထွက်၏။ ထိုပတ္တမြားထွက်သည်ကို အစွဲပြုပြီး ပတ္တမြားချောင်း ပတ္တမြားရွာဟု တွင်လေသည်။ ယခုကာလ ကုံကုသိုလ်နည်းပါးသော လူအပေါင်းတို့မှာ မတွေ့မမြင်မသုံးမစွဲကြရဘဲ ဖြစ်ကြလေသည်။

ရွှေရှမ်းလက်ထက် ဆင်ဖြူတော် ခေတ္တချည်ထားသည်ကို အစွဲပြုပြီး ဆင်ဖြူချည်တိုင်ဟု တွင်လေသည်။

အောင်သာဝရမြို့တော်အောက် တရာဘွင်ခေါ်ခြင်းသည် ယခု ပုလောမြို့ အနောက်ဘက်တွင် ပင်လယ်ကြီး ဖြစ်နေသည့်

ရှေးက လယ်ခင်းဖြစ်၍ လူကြီးများ ပြောဆိုလေ့ ရှိကြသည်မှာ 'မလိလယ်ကောင်းမျိုး ရှစ်သောင်း'ဟု ပြောဆိုကြ၏။ ထို မလိလယ်ကောင်းတွင် မောင်ကျောက်လုံး ဆိုသောလူသည် မုန့်ဆန်း စားလို၍ လယ်ရှင်မိတ်ဆွေထံတောင်းသော် လယ်ရှင်မိတ်ဆွေက 'ဟိုလယ်ခင်းမှာ ရိတ်ယူချေ'ဟု တံဇင်ကို ပေးလိုက်ရာ မောင်ကျောက်လုံးသည် မုန့်ဆန်းစပါးကို အလိုရှိသရွေ့ ရိတ်ယူပြီးလျှင် မိတ်ဆွေအိမ်၌ 'တရဘွင်'ခေါ်သော ဝါးလုံးနှင့်ပက်ချွန် ထမ်းပိုးကိုငှားယူပြီးသော် စပါးလှိုင်းကိုထမ်း၍အိမ်သို့ပြန်လေရာ လမ်း၌ 'တရဘွင်' ကျိုးလေ၏။ ထိုအခါ မောင်ကျောက်လုံးသည် စိတ်ဆိုးပြီး သည်စပါးလှိုင်းကိုမျှထမ်း၍မခိုင်သည့် ဝါးလုံးဟု မြည်တွန်ပြီးလျှင် တရဘွင်ကိုပစ်လိုက်ရာ ယခု တရဘွင်ခေါ်သောရွာတွင် အဖျားမြေသို့ စောက်ထိုးကျ၍ ဝင်လေ၏။ ထိုဝါးပင်ပေါက်လေရာ ဝါးအဆစ်အောက်ကိုသာ ပြန်၍ ယခုသို့ထိ ဝါးချုံတို့သည် ဝါးလုံးတိုင်း အဆစ်အောက်ကို ပြန်ပြီး ပေါက်နေသောကြောင့် ၎င်းဝါးကျသောနေရာကို အစွဲပြုပြီးလျှင် 'တရဘွင်'ရွာဟု ခေါ်ကြလေ၏။ ယခု မြိတ်မြို့ ပင်လယ်ထဲတွင် စပါးလှိုင်း တောင်ဟု ခေါ်သော နေရာသည် ရှေးက မောင်ကျောက်လုံး စိတ်ဆိုးပြီး ပစ်ခဲ့သော စပါးလှိုင်းများ တောင်ဖြစ်၍နေသည်ဟုဆိုကြ၏။ ထိုတောင်နှင့် မနီးမဝေးသည့် တောင်ကို လုံးစရာတောင် ခေါ်ဆိုခြင်းမှာ ရှေးအခါက မြန်မာနှင့် ရှမ်း လယ်ခင်းလုကြရာ နှစ်ယောက် ထွေးလုံးပူးသတ်ကြသည်ကို အစွဲပြုပြီးလျှင် လုံးစရာတောင်ဟု ခေါ်ဝေါ်ကြသည်။

ထို မလိလယ်ခင်းသည် ပေါက္က'ပြည်ကြီးကို စိုးပိုင်သော ရွှေလူဒါယကာ စကြာမင်းကောင်း နရပတိ အလောင်းစည်သူ ခေါ်သော မင်းသည်သစ်ကနက်ဖောင်စကြာသွားနိုင်အောင် မလိလယ်ခင်းမှာ ရေပင်လယ် ဖြစ်ပေးရ၏။ ထို ဖောင်ဦးလှည့်ရာ တောင်ဖြစ်စေ၊ သို့မဟုတ် မြေတို့ကို ရေဖြစ်ပါဟုဆိုလျှင် ဖြစ်ပြီးပေးရမည်။ ဤအခါကစ၍ တဖြည်းဖြည်း ရေစားပြီး ပျက်စီး

ရသည်ဟု ရှေးသူဟောင်းများ ပြောဆိုလေ့ရှိကြသည်။ ထိုအခါ တနင်္သာရီမင်းကြီးသည် မိဖုရားအပေါင်း၊ မောင်းမမိဿံ အခြွေအရံတို့နှင့် ဆန်ထွက်တော်မူ၍၊ ထိုအခါ တောင်ညာစံ ဒေဝီမဟေသီမိဖုရားကြီးတွင် လရက်စေ့သော ကိုယ်ဝန်မှာ ဖွားသန့်ရန် အချိန်နီး၍ ကမ္ဗဇလေ လှုပ်ရှားလျက် ဝမ်းတော်နာလေရာ နေပြည်တော် တနင်္သာရီမြို့သို့ ကြွနေရာတာ ဖောင်တော်လှည့်ပြီး ပြန်လေသော် ထိုမိဖုရားကြီး ဝမ်းနာသည်ကို အစွဲပြုသဖြင့် ယခုတိုင် ဝမ်းနာရွာဟု တွင်လေ၏။ ၎င်းဝမ်းနာရွာက တစ်တိုင်လောက် ရောက်လျှင် သမီးလှရတနာ ဖွားမြင်၍ ကြွနေရာကို သမီးလှ ခေါ်လေသည်။ ထိုမင်း၌ ရဲရင့်လိမ္မာ သတ္တိရှိသော စစ်သူကြီးဘန်လောက်မှာ တနင်္သာရီ မြို့တော်နှင့်အနီး မြို့တစ်မြို့တည်ထောင်သောကြောင့် ၎င်းမြို့ကို 'ဘန်လောက်'ဟု တွင်လေသည်။ နောက် စကားရွေ့လျောသဖြင့် 'ဘန်လော'ဆို၍ ယခုတိုင် ခေါ်ဝေါ်ကြလေ၏၊ တနင်္သာရီမြို့ အရှေ့ ချောင်းတစ်ဘက် ဗောဓိကမ်း ခေါ်ခြင်းသည် သီဟိုဠ်ကျွန်းက ဗောဓိကိုင်းကို ယူလာပြီးလျှင် ကောင်းမွန်စွာ တံတိုင်းနံရံ နှင့်တကွ စိုက်ထား၍ ထိုကမ်း၌နေသောအရပ်ကို ဗောဓိရပ်၊ ဗောဓိကမ်း တွင်လေ၏။ မြို့အနောက်ပြင် သူဌေးကြီးနေသော နေရာကို သူဌေးတောင်ဟု ယခုအထိ ခေါ်ကြသည်။

မြို့လှယ်၌ ဝတ်ဆင်တောင် ဆိုခြင်းတို့မှာ မြို့မတည်ခင် ရှာငယ်ဖြစ်သောအခါ ပေါက္ကံပြည်က အရှင်အရဟံ ရဟန္တာ ကြွလာတော်မူ၍ ရွာသူ ရွာသားတို့ကို တရားဓမ္မ ဟောပြလျက် ခေတ္တနေထိုင်ပြီးလျှင် ဖလသမာပတ်ကို ဝင်စားတော်မူသော တောင် ဖြစ်သဖြင့် တနင်္သာရီမြို့ တည်သည့်အခါ ပါလာသော ဆင်ဖြူတော်သည် ရှင်အရဟံ ဈာန်ဝင်စား၍ သီတင်းသုံး နေထိုင်တော်မူသော ကျောက်လုံးကြီးကို လေးဘက် ဝပ်တွားပြီးသော် လက်ရှမောင်း နှာသီးဖြင့် အကြိမ်ကြိမ် ရှိခိုး ဝပ်တွား သည်ကို မင်းအမတ် ပညာရှိတို့နှင့်တကွ အရပ်သူ အရပ်သားတို့ မြင်ကြ၍

အားရဝမ်းသာ ရွှင်လန်းစွာသော စောနာပြစ်ကြခြင်းကြောင့် ထိုတောင်ကို ဝပ်ဆင်တောင်တော်ဟု ယခုတိုင် ခေါ်ကြလေ၏။

တပ်ဦးခေါ်ခြင်းသည် မြို့စောင့်စစ်သားများကို စစ်တပ်နှင့်တကွ ထားသောကြောင့် တပ်ဦးဟု ခေါ်လေ သတည်း။ 'တနင်္သာရီမြို့တော် စည်ပင်သာစဉ် အခါက ချောင်းကြီးခေါ် မြစ်ကြီးတလျှောက်တွင် စစ်တပ်ကျုံးမြောင်းနှင့်တကွဖြစ်သော မြို့ရုံမြို့ငယ်တို့မှာ (၁) ဘန်လောက်မြို့၊ ယခု ဘန်လောရွာ၊ (၂) တရဘွင်မြို့၊ သရဘွင်ရွာ။ (၃) အောင်သာဝရမြို့တော်ဟောင်း။ (၄) ကျောက်ပန်းမြို့၊ ယခု ကျားခေါင်းရွာ။ (၅) မြတ်ဘီမြို့၊ ယခု ဆင်ဖြူချည်တိုင်။ (၆) ရန်ဘီမြို့၊ ယခုဘရဇု၊ တရဘင်းခေါ် ကရင်ရွာ၊ ဆိတ်ငယ်ခေါ် ချောင်းဝယ်ဘက်က မြို့ငယ်များမှာ။ (၇) လယ်တောင်မြို့၊ ယခုလယ်တောင်ယာရွာ။ (၈) ညွန့်ဘွန်မြို့၊ ယခု ညောင်ပင်ကွင်းရွာ။ (၉) သိန်ခွန်းမြို့၊ ယခု တိန်ခွန်းရွာ။ တနင်္သာရီမြို့တော်အောက်။ (၁၀) မော်တုန်းမြို့ဟောင်းကို ဘန်ရှောင်မြို့ ခေါ်သည်။ တုန်းပြောငယ်နှင့် ခုံမော်နှစ်ရွာကြားကို ခေါ်းက (၁၁) ဆင်ကူးမြို့ခေါ်ကြလေသည်။ ယခုအခါဆင်ကူးရွာ။ (၁၂) ရှေ့ထုပ်မြို့ကိုတောနောက်လယ်ဆိုသော သန်းဒုပ်ရွာ။ (၁၃) မာရိတ် မြင်းချည်တိုင်သင်္ဘောဆိပ်ကို မြိတ်မြို့။ (၁၄) ပုလယကျွတိုင်းသည်ယခု ပုလောခေါ်သော မြို့များတွင် မြို့ဝန် မြို့ကုပ်အစောင့်အကြပ်နှင့်တကွခိုင်ခန့်စွာထားကြ၏။ ကျန်ရှိသမျှ ရွာကြီးရွာငယ်တို့မှာကုန်သွယ်လယ်ယာလုပ်ခြင်းပြု၍စားသောက် နေထိုင်ကြသဖြင့် စည်ပင်သာယာပြီးလျှင်အမြို့မြို့အရွာရွာ များ စွာစည်ကားကြလေသည်။ 'ဆင်ကူးမြို့မှာကြက္ကလင်းမြို့ စည်ပင် သာယာစဉ်က တည်ထောင်သော မြို့ကလေးဖြစ်၏။ တနင်္သာရီ မြို့တော်သာယာသည့်အခါ ထိုဆင်ကူးမြို့၌ မြို့ဝန် မြို့ကွပ်တို့ကို မထား။ မြို့သူကြီးတစ်ယောက်သာ ထားလေ၏။ မမသောင်း စတိန်သောင်၊ သမီးလှ၊ ဝမ်းနာ၊ ကျောက်စရစ်၊ တဂူ၊ လမိုင်း ကော့ ဆစရှိသော ရွာကြီးရွာငယ်များ၌ မြို့နှင့် အရံသင့် ဖြစ်၍

ကွမ်းသီးပွဲစားတို့ ထွက်ဝင် ဖောက်ကား ရောင်းဝယ်ကြသဖြင့် အလွန်စည်ပင်သာယာသော ရွာကြီးရွာငယ်ဖြစ်ကြ၏။ တဂုရွာတွင် ရှေးက ခဲမဖြူ၊ သတ္တုပေါစွာထွက်သည့်ရွာကြီး ဖြစ်ခဲ့လသတည်း။ တရဘွင်ရွာအနီး ဘော်ဝါချောင်း၌ ရှေးအခါတွင် ရွှေများစွာထွက်သဖြင့် တိုင်းသူပြည်သားတို့ သုံးစွဲ၍ မကုန်နိုင်အောင်ရှိလေ၏။ ဗောဓိကမ်းသည် မြို့တော်နီးကပ်ပြီးလျှင် မင်းမှူးမတ်နှင့်တကွ ကုန်သည် သူဌေးကြီးမှ ပျော်မွေ့လျက် နေထိုင်ကြသောအရပ် ဖြစ်သည်။ အုန်းပင်ကွင်း၊ ကျောက်မီးကျောင်း၊ စားကျက် အစရှိသမျှရွာကြီးတို့၌ စပါးဆန်နှင့် ကုန်အမျိုးမျိုးတို့ထွက်ကြ၏။ သမုတ်ချုံး၊ သပွတ်လိပ်ရွာများတွင် ခဲမဖြူ၊သတ္တုပေါများစွာထွက်သောရွာဖြစ်သည်။ ငဝန်ချောင်း ကျောက်မီးချောင်းတို့မှာ မြကျောက်၊ ရွှေ၊ ငွေ၊ ကျောက်စိမ်း ထွက်သောနေရာများရှိ၏။ ကျောက်မီးတောင်၊ လေသာတောင် အစရှိသမျှ တောတောင်ကြီးတို့၌ ကရမက်ခေါ် နံ့သာတောမှာ ခုတ်ယူ၍မကုန်နိုင်အောင်ပေါသည့် တောတောင်ဖြစ်သဖြင့် ယခု ရေပူ၊ ကျားခေါင်း၊ သက်နှင်းငုတ်ခေါ် ရွာအနီး တောကြီးများတွင် တိန်းညက် တစ်မျိုးခေါ်သော နံ့သာတောများစွာ ပေါက်ရောက်လျက်ရှိသည်။ အင်းတော်ကြီး၌ရှေးကပဒုမ္မာ၊ ကြာနီ ကြာဖြူ၊ ကြာပုဏ္ဍရိက်၊ ကြာခေါင်းလောင်းအစရှိသော ကြာမျိုးငါးပါးနှင့် ရောပြွန်းနေပြီး ရေကန်ကြီးဖြစ်၍ မင်းညီမင်းသားတို့သည် ရွှေလှေရွှေလောင်းဖြင့် ရေကစားကြလေရာ၌ ဆင်ဖြူတော်ကိုလည်း ရေချိုး၍ကစားကြ၏။ ထိုကန်ကို အင်းတော်ကြီးခေါ်ကြသည်။ အင်းမချောင်းမှာ ရှေးအခါ ရှမ်းမင်းတို့လက်ထက်က တောဆင်ရိုင်းများကို ဆင်ယဉ်နှင့် သွေးဆောင်ပြီး သောင်းသို့ယူလာ၍ ဖမ်းကြကုန်၏။ ထိုအခါ နန်းတွင်းသားတို့ ထွက်ကြည့်လေသတည်း။ အောင်းပါဝန်၊ အောင်းမာသားတို့သည် ကောင်းမွန်စွာဝတ်ဆင်၍ဆင်ယင်ကြ၏။ ၎င်းအခါဆင်ရိုင်းတို့မှာ လူကိုမြင်လျှင် ဒေါသမာန်မာနရှောင်းရှောင်း ထွက်လျက် အတင်းလိုက်ပြီး တိုးဝှေ့လေရာ အောင်းမာတို့သည် တောဆင်

ရိုင်းတိုးဝှေ့သည့်တစ်ပြိုင်နက် ဆင်ခေါင်းပေါ်နှင်း၍ ဦးဆင်းနှင့် ကျောရိုးထက်သို့ ပြေးလွှားတက်ဆင်းခြင်းပြုပြီးလျှင် ကျောရိုးပေါ်မှာထိုင်ခြင်း၊ အောက်ကိုဆင်းခြင်း၊ တက်ခြင်းတို့ဖြင့် ရော ပြွန်းပြကြလေ၏။

ခွန်အားဗလနှင့်ပြည့်စုံသော ဆင်ကြီး နှစ်ကောင်သည် အမြဲ စောင့်ရှောက်လျက်ရှိ၍ ဆင်ရိုင်းများမှာ ကျိုးနွံလာကြသည်။ အောင်းမာသားတို့ ကစားကြသည်ကို ဘုရင်နှင့်တကွ၊ နန်းတွင်းသူနန်းတွင်းသား မြို့သူ မြို့သားတို့သည် ကောင်းစွာ ကြည့်ရှုကြလေ၏။ ထိုဆင်ရိုင်း များမှာ အောင်းမာသားတို့ လက်တွင် ကောင်းစွာ ယဉ်ကျေးစေလေသည်။ ဘုရင်မင်းရှိရာ သို့ ဆင်ဦးခေါင်းလှည့်၍ ဝပ်ချစေပြီးလျှင် ဘုရင်အမိန့်တော်ပြန်ပြီး၊ ဆင်ထိန်းတို့ကို အပ်လေ၏။ အောင်းမာဝန် အောင်းမာ သားတို့နှင့်တကွရွှေငွေ အစတ်ပုဆိုး စသော အသုံးအဆောင် အမျိုးမျိုးတို့ကို ပေးကမ်း ချီးမြှောက်တော်မူလေ၏။ ထိုမြို့၌ ဆင်သောင်း တို့ကို ဆင်ဇောင်းဟု ခေါ်တွင် ကြလေသည်။ တနင်္သာရီမြို့ တော်အောက်ဘက်က အောက်ကင်း ခေါ်သော ရွာသည်၊ မြို့စောင့်ကင်းထားခြင်းကြောင့် အောက်ကင်းဟု ယခု အထိ ခေါ်ကြ၏။ တနင်္သာရီမြို့တော်မှ မော်တုန်းမြို့ဟောင်းသို့ တိုင်အောင် မြစ်ကြီးတစ်လျှောက်တွင် ကုန်သည် ပွဲစားတို့နှင့် တကွ၊ လူတို့ပြည့်နက်စွာနေသော အိမ်တို့သည် ရှိကုန်၏။ နောက် တဖြည်းဖြည်း ပျက်စီးကုန်သဖြင့် ယခု ဥယျာဉ်အနည်းငယ်နှင့် တောအတိသာ ဖြစ်၍ရှိချေသည်။ မော်တုန်းမြစ်ငယ်တစ်လျှောက် တွင် ထုန်နွယ်၊ ဘန်းတမွတ်၊ ဆင်တင်၊ ဇဝဲ စသောရွာငယ်တို့သည် ရွာကြီးများကဲ့သို့ များစွာမစည်ကားကြချေ၊ ပဝရွာသည်ရှေး ထောင့်ကွစမြို့ စည်ကားသာယာသောအခါကချောင်းဝမြို့ဟု အ မည်တွင်၍ကုန်သည်သူဌေးကြီးတို့နေထိုင်ကြသောလှေဆိပ်ကြီးမြို့ တစ်မြို့ဖြစ်လေ၏။ နောက်တစ်ဖြည်းဖြည်း ပျက်စီးသောကြောင့် ချောင်းဝမြို့မှာ ချောင်းပျောက်၍ အစခေါ်သည်။ အဝကို

ပဝရွာဟု ခေါ်ကြလေ၏။ အရှေ့တလာဖုံ၊ အနောက်တလာဖုံ သည်၊ ပဝရွာကဲ့သို့ မြို့မဟုတ်သော်လည်း မြို့ကဲ့သို့ အလွန်သာ ယာသော အရပ်ဖြစ်လေသည်။ အရှေ့တလာဖုံအထက်ပဝနှင့် မြစ်တစ်ဘက်တွင် ရှေးက ဓါးပြကြီးတစ်ယောက်ကို ချောင်းဝ မြို့ဝန်၊ အရှေ့ကျွန်းငယ်ပေါ်တွင် သတ်သောကြောင့် လူသတ် ကျွန်းဟု ခေါ်ကြသည်။ ယခု ပဝရွာမြောက်ဘက် ရေလယ်၌ ရှိသောကျွန်းငယ်သည် ထန်းပင်ကျွန်းဟု ခေါ်ကြသည်။ ထိုကျွန်း ငယ်တွင် ကုန်သည်ကြီးငယ်တို့မှာ သင်္ဘော သမ္ဗန် လှေ ဖေါင်တို့ ဖြင့် များစွာဆိုက်သော ကျွန်းငယ်ဖြစ်၏။ မြစ်ကြီးတစ်လျှောက် သပြေပင်ရွာတွင် ကင်းစောင့်ထားသောကြောင့် ယခု သပြေပင် ကင်းရွာဟု ခေါ်ကြလေသည်။ တုန်းပြော၊ ခုံမှော်၊ သကံရွာတို့ သည် မော်တုန်းရွာ အရှေ့မြောက်တွင်ရှိသော ဘန်ဓရှောင်မြို့ အရန်အတားဖြစ်၍ ရွာကြီးဖြစ်လေ၏။ မဇောရွာတွင် ကင်းတပ် ထားသောကြောင့်၊ ယခု မဇောကင်းတပ်ခေါ်သည်။ မင်းသန်း ရွာသည် ပုလယကျွန်းဘီလူးမြို့၌ မယ်တော်မျက်စိဘူးနှင့်ဘီလူးမ၏ အစွယ်ဘူးကို ယူသွားသော မင်းသားငယ်သည် အသွားအပြန် ဖြတ်သန်းသွားခြင်းကြောင့်မင်းသန်းရွာခေါ်ကြလေ၏။ မောင်း လှော်ခေါ်ခြင်းမှာ ရှေးအခါက မောင်းကြီး တစ်လုံးပေါ်၍ မောင်းပေါ်ခေါ်သည်။ နောက်မှ မောင်းလှော်ဖြစ်သည်။ မင်း ကုပ်ခေါ်ခြင်းသည် ရှေးက မြင်းလဲ၍ မြင်းတုပ်ဆို၏။ နောက် မင်းကုပ်တွင်သည်။ ညောင်ဘီး အညင်း စသောရွာကြီးများမှာ ဆင်တုတ်မြို့ စည်ပင်သာယာသည့်အခါ ကုန်သည်ပွဲစား သူဌေး သူကြွယ် အစရှိသောသူတို့သည် နေထိုင်ကြသဖြင့်၊ အလွန်သာ ယာစည်ပင်သော ရွာကြီးများဖြစ်ကြလေ၏။

၁၀။ ဇေတဝန်ဘုရားဖြစ်ပေါ်ခေါ်တွင်ခြင်း အကြောင်း။

ဇေတဝန်ခေါ်ခြင်းသည်ဆင်တုတ်မြို့က လှေရှက်သဘော်တို့ဖြင့် ကူးသန်းရောင်းဝယ်သော သူကြွယ်ကြီး တစ်ဦးမှာ သာယာဝတီဇေရှန်ရတနာပူရစသော တိုင်းကြီးပြည်ကြီးသို့သွား၍၊ ကူးသန်းရောင်းဝယ်ခြင်း ပြုလေ၏။ ထိုအခါ ရတနာပူရ ခေါ်သော အင်းဝနေပြည်တော်ကြီးတွင် ပထမ မြို့တည် နန်းတည်ဖြစ်တော်မူသော ဘဝရှင် မင်းတရားကြီးသည် သဒ္ဓါ တရားနှိုးဆော်လာ၍ သာဝတ္ထိပြည်၊ သက်တော်ထင်ရှား ဘုရားသတင်းသုံးတော်မူသော ဇေတဝန်ကျောင်းတိုက်ကြီး၌ ပရိနိဗ္ဗာန်ယူပြီးသည့်နောက် ရဟန်းကိုယ်တော်များသည် အမြဲသီတင်းသုံး၍နေတော်မူကြသည့်အခါ၊အင်းဝဘုရင်မင်းမြတ်က ရဟန်းတော်ငါးပါးကို ပင့်ဆောင်တော်မူလာ၍ ထိုအင်းဝမြို့တော်တွင် ကျောင်းတိုက်ကြီးတည်ပြီး၊ ဇေတဝန် ကျောင်းတိုက်ဟု ကမ္ပည်းမော်ကွန်းထိုးထားတော်မူလေ၏။ ထိုအခါ ဆင်တုတ်မြို့က သူကြွယ်ကြီးတစ်ဦးသည် အင်းဝမြို့တော်သို့ မကြာမကြာ ရောက်ပေါက်များခြင်းကြောင့်၊ ဇေတဝန်ဆရာတော်တို့ ဟောကြား တော်မူသောတရားတော်ကိုကြားနာရ၍ နားယဉ်ပါးသဖြင့် သဒ္ဓါတရားတိုးပွားခြင်းဖြစ်လာသည့်အတွက် ထိုသူကြွယ်ကြီးကပင့်လျှောက်သည်မှာ တပည့်တော်တို့ တနင်္သာရီရှမ်းပြည်သို့ ကြွလိုက်တော်မူပါဟု ပင့်လျှောက်ရာ၊ ဆရာတော်ကိုယ်တိုင်မလိုက်ပဲ လဇ္ဇီပေသလ၊ သိက္ခာကာမ သီလဝန္တဝိနယနှင့် ပြည့်စုံတော် မူသောကိုယ်တော်ကြီးတစ်ပါး ထည့်လိုက်လေလျှင်၊ ထိုကုန်သည်ကြီးသည် ဝမ်းမြောက်ဝမ်းသာဖြစ်ပြီးသည့်နောက် နေရင်း မြို့ရွာသို့ပင့်ဆောင်၍လာရောက်ပြီး ထိုသူကြွယ်ကြီး၏ ဆွေမျိုးများနှင့်သူငယ်ချင်းမိတ်ဆွေအပေါင်းတို့ပါ၊ ယခုဇေတဝန် ခေါ်သောတောင်က အနောက်စူးစူးကြည့်လိုက်သော် မြစ်ဝ ကမ်းနား၌တောင်ငယ်တစ်လုံးရှိသည်။ ထိုတောင်ငယ် အရှေ့ခြေရင်း လွင်ပြင်တွင် ကျောင်းဆောက် ကိုးကွယ်ကြလေ၏။ ထိုဆရာတော်

ကျောင်းတိုက်က ပင့်လာ၍ ဇေတဝန်သည် အင်းဝမြို့ဇေတဝန်ကျောင်းတိုက်က ပင့်လာ၍ ဇေတဝန်ဆရာတော်ဟု ခေါ်ကြသည်။ ထိုသည့်အခါ ဆရာ ဘုန်းတော်ကြီးက သူဌေးသူကြွယ် ကုန်သည် ကြီးငယ်တို့ပါ၊ ဒါယကာ ဒါယိကာမအများတို့ကို ကုသိုလ်တရား တိုးပွားကြစေရန် တိုက်တွန်းနှိုးဆော်တော်မူသည်မှာ၊ သက္ကရာဇ် ၁၇၅ ခုနှစ်ကမထိစည်သူ မင်းသည် တည်ထားတော်မူခဲ့သော စေတီတစ်ဆူနှင့်စောင်းတန်းတစ်သွယ်ကို ယခုဇေတဝန်ခေါ် တောင်ထိပ် ပေါ်မှာ အသစ် ထပ်မံ၍ တည်ထားတော်မူစေသောကြောင့်၊ ထိုဆရာတော်ကိုအစွဲပြုပြီးလျှင်ဇေတဝန်ဘုရားဟုယခုအထိခေါ်ကြလေသည်၊ ထိုဆရာတော်ကြီးက နှစ်စဉ်ဘုရားပွဲပြုလုပ်ရန် နှိုးဆော်တော်မူ၍ ဒါယကာများတို့က ဝမ်းသာအားရ သဒ္ဓါတရားတိုးပွားကြပြီးလျှင်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်နေ့ကစ၍ ဆီမီး၊ ထီး၊ ကြက်လျှာ၊ တံခွန် ကုက္ကား မဲလေးပွားတို့နှင့် ပန်းများအစုံ၊ ပဒုမ္မာကြာနီ၊ ကြာဖြူ၊ ကြာပုဏ္ဏရိတ် ကြာတံဆိပ်၊ ကြာခေါင်းလောင်းတို့ပါ တင်ပဏ္ဏာဦးနိမ့်ချူး၍ ဆုတူးကိုပန်ဆင်ကြသည်မှာ (သီတင်းကျွတ်လာဘွဲ့) တင့်အသရေငယ်ဖြာ၊ ပွင့်ရွှေကြာကန်တော်တွင်းမှာ၊ ကြိုင်သင်းဝတ်ချီ၊ ဖူးမှုံ ပွင့်စီရီ၊ တူရာသီမှာလေ၊ အသာဝတီကကွန့်မြူး၊ တို့မြတ်စွာ၊ နတ်နန်းရယ် ဝတိံသာက၊ လူ့ရွာကိုစက်တော်ဖြန့်သောကြောင့်၊ တိုင်းနှံ့ အောင်ရှုမခန်းနိုင်ဘုံမီးပူဇော်အပြုဆန်းတဲ့ပြင်၊ ရဟန်းတော် ဝါကျွတ်ပွဲဟာမို့၊ ဖူးမြော်ရန်မောင်နှံ တွဲတယ်ကွယ်၊ နွဲ့စို့နှစ်ဦး။

ဤကဲ့သို့ ဆုတူးကို ပန်ဆင်ကြပြီးလျှင် ရပ်ပေါင်းညီစွာတူရိယာအစုံတို့နှင့် ၎င်းသီတင်းကျွတ်လဆုတ် ၃ ရက်နေ့ ညနေ ၄ နာရီအချိန်က အစတည်၍တစ်ညလုံး အုန်းအုန်းဆူညံ၊ အသံမစဲ ဇေတဝန် ဘုရားပွဲတော်ကြီးသည်။ အံ့ချီးမခန်း သဒ္ဓါပန်းပွင့်ကြ ပြီးလျှင် သီတင်းကျွတ်လဆုတ် ၄ ရက်နံနက် ၄ နာရီအချိန်တွင် ဆွမ်းဘောဇဉ်ခဲဖွယ်၊ ထောပတ်ပျားသကာ၊ စတုမဓုပါစုံလင်စွာတို့နှင့်၊ ပေါ်သစ်စကောက်ဦးကို နို့ဒန်းအထူးမလိုင်ဖို့ပြီးလျှင်

နိဗ္ဗာန်မချို့ရောက်ကြရန် ပြုစီမံကြ၍၊ ချိုချဉ်သစ်သီး၊ ဆီမီး လျှံ တို့ဖြင့်၊ နိဗ္ဗာန်မညီး၊ ဆွမ်းတော်ပွဲကြီး ကပ်လှူ ပူဇော်ကြလေ သည်။ ၎င်းလဆုတ် လေးရက်နေ့မှာ အရပ်ရပ်သောမြို့ရွာ နယ် ခရိုင်များက ရွှေပန်းခိုင် ငွေပန်းခိုင်၊ ဆီမီး၊ ထီး တံခွန်ကုက္ကား မလေးပွားအစုံတို့နှင့် ပူဇော်ကန်တော့ကြရန်၊ ကုန်းပွဲရေပွဲတို့ဖြင့် ဇေတဝန်မြစ်ခေါ်သော ဝဲဂရက်ထဲမှာ အမြဲမပြတ် နေထွက်နေ ဝင်၊ ပျော်ရွှင်မြူးတူးကြရန်၊ လှော်ဇလှ လှော်လောင်း ပြောင်း ဆံအောင်ပွဲ၍၊ လှေကြီး လှေငယ် အသွယ်သွယ် တို့နှင့် သောင်းသောင်းဆူညံ အသံမစဲ မြစ်ရေထဲမှာ အမြဲစုန်ဆန် ပျော် ရွှင်ကြပြီးလျှင် ဘုရားပွဲတော်ကြီး ပြုကြလေသည်။ သက္ကရာဇ် ၆၄၄ ခုနှစ်ကစ၍ ယခုနှစ်တိုင် ဇေတဝန် ဘုရားပွဲတော်ကြီးဖြစ် လေ၏။

၁၁၊ ဆန်လှတောင် ခေါ်တွင်ခြင်းအကြောင်း၊

ဆန်လှတောင် ခေါ်ခြင်းသည်၊ ဇေတဝန် ဆရာတော်ကို ပင့်လာသော ကုန်သည်ကြီးတွင် လှပတင့်တယ်ရှုချင်ဖွယ်ရှိသော သမီးတစ်ယောက်ရှိ၏။

ထိုသမီးလှသည် ဆံပင်ကောင်း၍ အရှည် လေးတောင် နှစ်မိုက်၊ အရင်းအဖျားတစ်ညီတည်း ရှိလျက် နောက်သို့ လှန်ချ လိုက်သော် မြေသို့ကျလျက် အဖျားကော့၍သာနေသောကြောင့် မဆန်လှအမည်ပေးပြီး မိဘဆွေမျိုးများ ခေါ်ကြလေ၏။ ထို မဆန်လှသည် မိဘဆွေမျိုးများကို အခွင့်ပန်၍ မြစ်ကမ်းခြေနှင့် နီးသောတောင်တွင် သူ၏ဆံပင်ခုနစ်ပင်နုတ်ယူ၍ ရွှေကြုတ်ဖြင့် ထည့်ပြီးလျှင် ရွှေကလာပ်ပေါ်မှာ တင်ထား၍ ကြုတ်ပေါ်၌ ဘုရားဆင်းတု သီတင်းသုံးနေထိုင်တော်မူပြီးသော် အုတ်အင်္ဂတေ တို့နှင့် ခိုင်ခံ့အောင်ပြုလုပ်၍ ၎င်းပနာပြီးလျှင် စေတီတည်ထား

ဘုရား၊ ဟု ယခုအခါ ခေါ်တွင်သော တောင်ကို ဆန့်လှ၍တောင်ဘုရား၊ ဟု ယခုအခါ ခေါ်တွင်သော တောင်ကို ဆန့်လှ၍တောင်ဘုရား။ ထိုတောင်းခြင်းမှတ် မြေပြင်ငယ်တစ်ပြင်ကိုအစွဲပြု၍ ကြလေသည်။ နောက်ပြင်းငယ်ဟု ခေါ်ကြသည်။ ကဟန်းရွာပြင်ငယ်၊ နောက်ပြင်းငယ်ဟု ခေါ်ကြလေ၏။ ကဟန်းရွာ ခေါ်ခြင်းမှာ ရှေးက ဘဟန်းများစွာရှိသည့်အတွက် ဘဟန်း ခေါ်သည်။ နောက်မှ ကဟန်းခေါ်၏။ အမည်တစ်ခုမှာ ရှေးက ရှမ်းများ ရေကန်တူးထားကြသည်ကို နှစ်လ ရှည်ကြာ၍ ကန်ပျောင်းခေါ်ကြသည်။ နောက်မှ ကဟန်းရွာဖြစ်သည်ဟုအချို့သော လူများပြောဆိုကြ၏။

တညက်ရွာတွင် နန်းတော်ရာခေါ်ခြင်းသည် ၁၁၂၁ခုနှစ် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် ယိုးဒယားသို့ ချီတက်သောအခါ ခေတ္တစံနန်းဆောက်လုပ်သောကြောင့် နန်းတော်ရာဟု ခေါ်သည်။ တညက်ရွာအသက်က တောင်ရှည် တောင်ညိုခေါ်ခြင်းသည် ရွာ၏အရှေ့ဘက်တွင် တောင်တန်းရှည်တို့ရှိသောကြောင့် တောင်ရှည်ရွာ၊ တောင်ညိုရွာဟု ခေါ်ကြသည်။ ကျန်ရှိသော ရွာတို့မှာ ရှေးလူကြီးများသည် လုပ်ကိုင်စားသောက်နေထိုင်ကြသော အရာတစ်ခုခုကိုအစွဲပြု၍ရွာအမည်ဖြစ်လေသည်။ တောင်ဖီလာခေါ်ခြင်းသည် တရုတ်ထမ်းဘိုးကျိုးသောလယ်က ကြည့်လိုက်လျှင် တောင်နှင့် မြောက်ဖီလာကန့်လန့်နေသောတောင်ကိုမြင်၍ ထိုတောင်ကို တောင်ဖီလာဟု ခေါ်တွင်ခြင်းပြုကြ၏။ တောင်အစွဲပြု၍ ရွာအမည် ဖြစ်သည်။ တောင်ပြဲခေါ်ခြင်းသည် တောင်ဖီလာတောင်ထိပ်မှကြည့်လိုက်လျှင် တောင်ငါးလုံးသည် စု၍မနေဘဲ တစ်ကွဲတစ်ပြား ပြဲ၍နေသောကြောင့် တောင်ပြဲရွာဟု ရှေးလူကြီးများခေါ်ဆိုကြ၏။ ပုလယက္ခဘီလူးမြို့ ဘီလူးမင်းကို ပရမရာဇာမင်း တိုက်ဖျက်အောင်မြင်ခြင်းကြောင့် လူတိုင်းပြည်တည်ထောင်လေသည်။ ထိုပုလယက္ခကို အစွဲပြု၍ ပုလောဟု ခေါ်လေ၏။ ထိုပုလောမြို့သည် ယခု မြိတ်မြို့ထက်နှစ်ပေါင်းများစွာမြို့တည်ဦး၍ ရှေးဟောင်းမြို့များနှင့်တန်းတူကြသည်။ ထိုပုလောမြို့မြောက်ဘက် တစ်နေ့

ခရိုးတွင် ပလောက်မြို့ရှိ၏။ ပလောက်မြို့သည် ထားဝယ်မြို့ မြန်မာပိုင်သည့်အခါက နယ်နိမိတ်ထားသော ကင်းစခန်းမြို့ ဖြစ်သည်။ ပြည်ခြားရွာခေါ်ခြင်းသည် ရှမ်းနှင့်ထားဝယ်မြန်မာ မင်းတို့ နှစ်ဦးသဘောတူကျောက်တိုင် စိုက်ထားသောကြောင့် ထိုရွာကိုပြည်ခြားရွာဟု ခေါ်လေသည်။ ပုလောမြို့နယ်သည် စပါးများစွာ ထွက်သောနေရာဖြစ်၍ ကုန်သည်ကြီးငယ်တို့မှာ ထွက်ဝင်သွားလာခြင်းပြုကြ၏။

ပုလောမြို့တွင် ရှမ်းမြို့ဝန်တစ်ယောက် ခန့်ထားသည်။ ပုလောနန်းတောင်ရာ ခေါ်ခြင်းသည် (၁၁၂၁)နှစ်အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ ယိုးဒယားသို့ချီတက်လာသော အခါ ခေတ္တတဲနန်း ဆောက်လုပ်၍ စံနေဖူးသောကြောင့် နန်းတောင်ရွာဟု နောက်တစ်ဖန်ခေါ်ကြပြန်သည်။တနင်္သာရီမြို့ ကို ထီးနန်းတည်သော ကေဒယ်ရာဇာမင်းသည် ဘုန်းလက်ရုံး နှင့်ပြည့်စုံသဖြင့် ဆင်ဖြူလေးစီးနှင့်တကွ ဆင်နီ၊ဆင်မည်း၊ ဆင် ကျားတို့သည် များစွာပေါသော မင်းဖြစ်၏။ ထိုမင်းသည် ထားဝယ်မြို့၊ ရေးမြို့၊ ကျိုက္ခမီမြို့၊ မော်လမြိုင်မြို့တို့ကို အောင် မြင်တော်မူ၍ တနင်္သာရီတိုင်းသည် များစွာကျော်စောခဲ့လေ၏။ ထိုရှမ်းမင်းများသည် မြတ်စွာဘုရားကို ယုံကြည်ကြသဖြင့် ကမ္ဘောဇတိုင်း ဇင်းမယ်ပြည်က ရှမ်းဘုန်းကြီးများကိုပင့်၍ ကိုး ကွယ်ကြလေသည်။ မြန်မာတလိုင်း စသောလူမျိုးများတို့သည် ရဟန်းသံဃာတော်များကို ယခုကဲ့သို့ မကိုးကွယ်မဆည်းကပ်ကြ ရပ်ပွားဆင်းတုတော်ကိုအိမ်၌ထား၍ ကိုးကွယ်ကြခဲ့လေသည်။

အချို့သောမြန်မာကုန်သည်ကြီးတို့မှာ အင်းဝနေပြည်တော် သို့ အရောက်အပေါက် များခြင်းကြောင့် ရဟန်းသံဃာတော် များတို့ကို သိကျွမ်းဝင်လျက် သဒ္ဒါတရား တိုးပွားပြီးလျှင် အင်းဝမြို့၌ အမြဲနေကြရှာလေ၏။

အချို့သောကုန်သည်ကြီးများက တပည့်တော်တို့ ရှမ်း ပြည် တနင်္သာရီတိုင်းသည် အယုဒ္ဓတိုင်း ဒွါရာဝတီ ယိုးဒယား

ပါ။ ဟံသာဝတီပြည်ကြီးနှင့် ဝေးသောမြို့ရွာမဟုတ် ရှမ်းပြည်ကဲ့သို့ မြန်မာတိုင်းပြည်များနှင့် ချောင်းတစ်ဘက်သာ ခြားကွာ ပါ၏။ ဟံသာဝတီပြည်ကြီးနှင့် ထိုအင်းဝမြို့တော်က အချို့ ပါသည်။ ပင့်လျှောက်ကြလေရာ ထိုအင်းဝမြို့တော်က အချို့ သောသံဃာတို့သည် စွန့်စားရ၍ လိုက်ကြလေ၏၊ ရှေးအခါက ယခုကဲ့သို့ စက်သင်္ဘောမရှိ၊ ရွက်သင်္ဘောလှေတို့ကိုသာ စီးနင်း လာကြရသောကြောင့် တစ်နှစ်မှ တစ်ခေါက် နှစ်ခေါက်သာ ဟံသာဝတီရတနာပူရ၊ အင်းဝနေပြည်တော်များသို့ ရောက်နိုင် ကြသည်။ တနင်္သာရီတိုင်းရွှေထုတ်မြို့က မြန်မာပြည်၌ ဘုရားဖူး သွားရောက်နေသောသူတို့သည် တစ်နှစ်နှစ်နှစ်ကြာ၍ ပြန်လာ ခဲ့လျှင် ဆွေမျိုးသားချင်းတို့မှာ များစွာ ဝမ်းမြောက် ဝမ်းသာ ရှိကြရှာလေ၏။ ပင့်၍လိုက်ခဲ့သော ရဟန်းများသည် တနင်္သာရီ တိုင်းတွင် ပျင်းရိခြင်းဖြင့် မြန်မာပြည်သို့ ပြန်လိုလျှင် တစ်နှစ် နှစ်နှစ်ကြံစည်မှ ပြန်နိုင်ကြလေသည်။

'စတိန်ဆရာ၊ ဇေတဝန်ဆရာ ရွှေထုတ်မြို့ ဆရာတော်တို့ သည် သီလအာစရနှင့်ပြည့်စုံ၍ တန်ခိုး အာနုဘော် ကြီးသော အရှင်မြတ်များ ဖြစ်ကြသော်လည်း တပည့်သံဃာတော် နည်းပါး ကြ၍ မြေသိမ်ကို သမုတ်ခြင်းများစွာခဲယဉ်းသဖြင့် ရေသိမ်ကို သာဆောက်လုပ်ပြီး သံဃကံကိုပြုကြလေ၏။ ရှေးက ယခုကဲ့သို့ မြေသိမ်များစွာမရှိဖြစ်ပေသည်။ ရှမ်းဘုန်းကြီးတို့မှာ ယခုထိ မြေသိမ်မရှိ၊ ရေသိမ်ထ စင်ကြယ်သည်ဟု ပြောကြ၏။ သို့ဖြစ်၍ ရှမ်းဘုန်းကြီးများတို့သည် ဝါးဖောင်သစ်ဖောင်တို့ဖြင့် ကန်ကြီး ကန်ငယ် ဆောင်ကုန်ကြသည်။ ဤကဲ့သို့ သာသနာတော်သည် တဖြည်းဖြည်း မြို့ရွာနိဂုံးတို့၌ ပြန့်ပွားလေသည်။ ပရမရာဇာမင်း သည် မြို့တော်နှင့်တကွ မြို့ငယ်ရွာနိဂုံးတို့မှာ ဘုရားတည်စေရန် ကျောင်းနှင့်တကွ ရေတွင်းရေကန်တည်ထား ဆောက်လုပ်စေရန် အထူးနှိုးဆော်တော်မူ၏။

ရှေးအခါက အချို့သော ရှမ်း၊ မြန်မာ၊ တလိုင်းတို့သည် အတိတ်က ပါရမီဓာတ်ခံနည်းပါးကြသည့်အတွက် ရှုတ်တရက်

များစွာမထွန်းကားဖြစ်လေ၏။ တသတွင်မြို့ငယ်သည် လူများစွာစည်ကားသောမြို့တစ်မြို့ဖြစ်၍ ထိုမြို့အနောက်တွင် ကျောက်တောင်ကြီးတစ်ခုရှိ၏၊ ဤကျောက်တောင်ကြီးကိုဖောက်ထွင်းရန် မြို့ဝန်မင်းက မြို့သူမြို့သားတို့နှင့်တိုင်ပင်၍ ကျောက်ဂူ ကျောက်ခေါင်းများဖောက်ကြပြီးလျှင် မြို့ရှာမှာ ရှေးအထက်က အလှအပထုလုပ်ပြီးထားသော မြဆင်းတု ရွှေငွေအစရှိသော ဆင်းတုတော်တို့ကို ကျောက်ဂူသို့ဆောင်ယူ၍ ထားကြကုန်၏။ ဆောင်ယူလာကြသော ဘုရားဆင်းတုတော်များထားရန် မဆန့်၍ ထိုကျောက်တောင်ကြီးပေါ်က ထပ်ဖောက်ကြပြန်၏၊ ဤအထက်ထပ်ပေါ်တွင် မြဆင်းတုကိုထားကြလေ၏။

ရှေးအခါက မြိတ်စွာဘုရားသာသနာ ထွန်းကားသော မဇ္ဈိမတိုင်း သာဝတ္ထိ၊ ရာဇဂြိုဟ်၊ ဝေသာလီ၊ ကောသမ္ဗီ၊ စေတုတ္တရာ စသောတိုင်းကြီးပြည်ကြီးသား ကုန်သည် သူဌေးကြီးတို့သည် မြကျောက်ကို မြိတ်စွာဘုရားထိုင်ပြီး တရားဟောတော်မူဟန်ထု၍ ကိုးကွယ်ကြသည်ကို ရှမ်းလူမျိုးက အတုလိုက်ပြီးလျှင် ထု၍ထားကြကုန်၏။ အချို့သောသူတို့က လူစိမ်းကြီးထိုင်နေသည်ဟုပြောဆိုကြသည်၊ ယခုအခါ မြန်မာပြည် သာသနာထွန်းကားသဖြင့် ဗုဒ္ဓဘာသာ မြန်မာ လူမျိုးများသည် သဒ္ဓါတရားနှင့်ပြည့်စုံလာကြ၍ ရတနာသုံးပါးနှင့် သက်ဆိုင်လာလျှင် မည်သည့်ဝတ္ထုမျိုးမဆို ဈေးများသည်ဟု ပမာဏမထားဘဲ ဝယ်ခြမ်းပြီး လှူဒါန်းလေ့ရှိကြ၏၊ လှူဒါန်းကြသည်ကို လူမျိုးကွဲတို့သိကြ၍ သူတို့ပစ္စည်း ရောင်းရလွယ်အောင် ရုပ်ပုံအမျိုးမျိုးလုပ်ပြီးလျှင် ရောင်းကြသည်၊ ယခု ဖယောင်းတိုင် ကုမ္ပဏီတို့သည် အမျိုးမျိုးသော မြိတ်စွာဘုရား၏ ပုံသဏ္ဌာန်တော်ဖြင့် သုဇာတာသူဌေးသမီးသည် ဂဏာနို့ကို ဆွမ်းကပ်လှူ၍ မြိတ်စွာဘုရား ကိုယ်တော်မြတ်သည် ညောင်ပင်အောက်တွင် ထိုင်တော်မူသဖြင့် နို့ဆွမ်းကိုခံယူပြီးလျှင် လက်ဖဝါးပေါ်မှာ တင်ထားသော ရုပ်ပုံတော်ကိုပြ၍ ရောင်းကြ သကဲ့သို့ ထိုနည်း

မြကျောက်ကို အနောက်မဇ္ဈိမ အတူ ရှမ်းလူမျိုးများသည် ရုပ်ပုံဟုထင်မှတ်၍ လုပ်ရောင်း သူဌေးကြီးတို့မှာ နှစ်သက်သော ကြ၏။

အနောက် မဇ္ဈိမသား သူဌေး သူကြွယ် အများတို့က ထိုပုံတော်သည် မြတ်စွာဘုရား ပုံသဏ္ဍာန်တော် ဖြစ်ကြောင်း ပြောသော်လည်း ရှမ်းလူမျိုးတို့သည် အလေးဂရုမပြုကြသေး။ နောက် တဖြည်းဖြည်း ယဉ်ကျေး၍ ယခု တလဘွင် ကျောက်တောင်ကြီးတွင် ရှမ်းမင်းလက်ထက်ကစပြီး မြန်မာမင်း၊ အင်္ဂလိပ်မင်း လက်ထက်တိုင် နှစ်စဉ်ဘုရားပွဲ ဖြစ်လေသည်။(တန်ခူးလဆွဲ ဟောမာမှာ ရွှေညာတွဲ ပါလို့၊ ဝါမှည့်မှည့်စီရီရီ၊ ပန်းရင်ဂတ်မှို၊ နွေရာသီမှာလေ၊ ညာချီလို့ပွင့်ဖူး၊ ခါမီသာမှာကွယ်၊ စိတြာဝေဝေလျှမ်းပါလို့၊ ငွေစန်းဝယ်ညီလာခံပေါ်၊ တာသကြံနဲ့ဆိုတဲ့ ပွဲမှာလ၊ နံ့မေတ္တာဂဟေဘစွဲအောင်ကွယ်၊ နွဲ့စို့နှစ်ဦး။ ဤကဲ့သို့ ဆုထူးနှင့် လောကသံသရာ နှစ်ဖြာအကြိုးပွားတိုး ပန်ဆင်ကြ စေရန် ရည်သန်တောင့်တ၍ ရှမ်းမြို့စား တဂူမြို့ဝန်မင်းက တိုက်တွန်းနှိုးဆော်တော် မူခြင်းကြောင့် မြို့နယ်ခရိုင် ပြိုင်ရှင်မကွာ ရပ်ပေါင်းညီစွာ တူရိယာတို့နှင့်ဆွမ်းဘောဇဉ်၊ ချိုချဉ်၊ သစ်သီး၊ ဆီမီး၊ ထီး၊ ကြက်လျှာအစုံတို့ကို သုံးဘုံမချို့ ရောက်ကြရန် မင်းစဉ် မင်းဆက် မပျက်မယွင်း စည်ကားခြင်းဖြစ်ပြီးလျှင် ယခုနှစ်တိုင် တဂူကျောက်တောင် ဘုရားပွဲတော်ကြီးရှိလေသတည်း။ တနင်္သာရီ မြို့တော်မင်းတရားကြီးသည် ယခု ဝပ်ဆင်တော် တောင်ထိပ်တွင် ရွှေအုပ်ငွေအုပ်တို့ဖြင့်ဌာပနာ၍ စေတီတည်ထား ကိုးကွယ်တော်မူ လေသည်။ ထိုမင်းကြီး၏ သားတော်သုံးပါးတွင် အငယ်ဖြစ်သော ဗြဿဒိရာဇာမင်းသားသည် ဖခမည်းတော် နောင်တော် အရိုက် အရာကို ရသဖြင့် ထီးနန်း စိုးစံ၍ တစ်နှစ် ရှိလျှင် သက္ကရာဇ် ၇၁၀-ပြည့်ရှိသောအခါ ယခု နဝထပ်ခေါ် နဂါးကပ်တောင် တွင် ကြေးနှစ်လေး ရွှေတစ်လေးကို ရောစပ်ပြီး ကိုးတောင် နှစ်မိုက် သုံးသစ် ဉာဏ်တော်ရှိသည့် မြတ်စွာဘုရား ရုပ်ပွား

ကိုးကွယ်တော်ကို သွန်းလုပ်၍ ဝတ်ကျောင်းနှင့်တကွ တည်ထား တော်မူလေသည်။ ထိုဘုရားဝတ်ကျောင်း အနောက်က စေတီ တစ်ဆူတည်ထား၏။ ရှေးလူကြီးများ ပြောဆိုသောစကားကို ကြားရသည်မှာ ထို ကြေးကိုယ်တော်ကြီးသည် တင်ပျဉ်ခွေ ပေါ်က တက်ရပ်ပြီးမှ နဖူးသင်းကျစ်တော်ကို ကိုင်၍ မှီရုံသာ ရှိသည်ဟု ပြောဆိုကြသည်။

၁၂။ ထိုဘုရားကြီး မြစ်ရေထဲသို့ ကြွဆင်းခြင်းအကြောင်း

၁၁၈[illegible]-ခုနှစ် မြိတ်မြို့သို့အင်္ဂလိပ်အစိုးရမင်းတို့ ဝင်ရောက် စိုးပိုင်သော နှစ်မှ အလို အလျောက် ပလ္လင်ပေါ်က ရေထဲသို့ ကြွဆင်းတော်မူသည်ဟု ရှေးလူတို့ ရေးထားသော မှတ်ချက် စာတမ်း၌ရှိ၏၊ နောက်ထပ်စာတမ်းမှာ ၁၂၅၇-ခုနှစ်က အရပ် ရပ်သို့ လှည့်ပတ် သွားလာ နေသော ဘုန်းကြီး ရှာပြားသည် တနင်္သာရီ ဘုရားဝတ်ထဲက ဥာဏ်တော် တစ်တောင်လောက် ရှိသော ကျောက်ဆင်းတု ဘုရားကို ကြိမ်ကြိုးနှင့် ခိုင်ခိုင် ချည်ပြီးလျှင် ထိုနာဝထပ် တောင်ခြေရင်း ရေအိုင်ထဲသို့ ချ၍ ဘုရားကို အပင့်ခိုင်းရာ ချည်ထားသော ကြိမ်ကြိုးသည် မပြတ်ဲ ကွင်းလျှောကျွတ်၍ ကျန်ရစ်လေသည်။ ပထမတစ်ပါး ကျန်ရစ် လေလျှင် နောက်ထပ်တစ်ပါးကို မပြေလျှောနိုင်အောင် ခိုင်ခိုင် ချည်ပြီးလျှင် ပင့်စေတော်မူပြန်ရာ ပထမ ကိုယ်တော်ကဲ့သို့ ကွင်း ကျွတ်၍ကျန်ရစ်လေသည်။ နောက်မများမကြာခင် ပတ္တမြားရှာစား ကရင်အဘိုးကြီးသည် သားသမီးတို့နှင့် တကွ လှေနှစ်စင်း စုန်ဆင်းလာရာ ထိုနာဝထပ်ဝဲလယ်တွင် တစ်ဆယ့်ငါးလံ လောက် ဝေးကွာအောင် အရောင်လင်း၍ ကြေးဘုရားကြီးကို မြင်ကြရ သည်ဟု ပြောသည်။ ထိုဘုရားကြီး ဒူးဘောင်နှစ်ဖက်မှာ ကျောက် ဆင်းတု ကိုယ်တော်နှစ်ပါး ထိုင်လျက်နေသည်ကို ဤအဘိုးကြီး

နှင့် သားသမီးတို့ပါ အခြားကရင်တစ်ယောက် မြင်လာရသည်ဟု တနင်္သာရီမြို့က လူများကို စုန်ဆင်း၍ပြောပြရာ တနင်္သာရီမြို့သူ မြို့သားတို့သည် သွားကြည့်ကြလျှင် ထိုရေအိုင်ကြီးသည် မှော်အတိဖြစ်၍နေကြောင်းကို ရှေးလူများ ပြောသော စကားကို ကြားသိရကြလေ၏။

ရှေးရှမ်းမင်းလက်ထက်ကာလက သိမ်သမုတ်နိုင်သောသံဃာတော်များအလွန်နည်းပါးကြ၍ ရှေးကရှမ်းလူမျိုးတို့ တည်ထားသော မြို့ရွာနိဂုံးများမှာ သိမ်ဟူ၍ မတွေ့မရှိ ဘုရားပြို ဘုရားပျက်နေရာတို့သည် အထက်အောင်သာ၀၃ မြို့ဟောင်းက ယခုမြိတ်မြို့အထိ များစွာ တွေ့ရှိကြလေသည်၊ ဘုရားထံရွာက ကရင်အိုးတည်းဦးကို အိပ်မက်ပေး၍သွားကြည့်ရာ မတွေ့သောကြောင့် နေလေ၏။ နောက်ထပ်ပေးပြန်လျှင် သွားသောလမ်းကို သေချာစွာကြည့်ရှု၍သွားသော် မြေပေါ်၌ မှိုပွင့်သကဲ့သို့ တစ်လက်မခန့် ပေါ်၍နေသည်ကို ဓားမနှင့်တူးကြည့်ရာ ကြဉာဏ်တော်တစ်ပေသာ သာရှိသော ရွှေဆင်းတုရုပ်ပွားတော်တစ်ဆူရ၍ ကရင်အိုးတီးဦးနှင့်အများလူတို့ ကိုးကွယ်ထားကြသည်ဟု နောက်ထပ်လူများ ပြောသောစကားကို ကြားသိရလေသည်။ စကားအလျဉ်းသင့်၍ နောက်ထပ်ထည့်သောမှတ်ချက်ဖြစ်၏။ 'ရွှေထုတ်မြို့၌ သမုတ်သိမ်နှစ်လုံးရှိသည်မှာ ရှမ်းဘုန်းကြီးများ သမုတ်ထားသည်မဟုတ်၊ ဇေတဝန်ဆရာတော်နှင့် ရွှေထုတ်မြို့ ထန်းတောင်ဆရာတော်များ ညှိနိုင်း၍ သမုတ်တော်မူကြသောသိမ် ဖြစ်လေသည်။' ထိုသိမ်၏ အနီး နောက်သားနောင်လာတို့သိကြစေရန် ဆရာတော်နှစ်ပါးသည် ရှမ်းမြို့ဝန်ကိုတိုင်ပင်၍ ထုတစ်တောင် ဗျက်လေးတောင်ရှိသော ကျောက်ပြားကြီးကို ချောမောပြေပြစ်စွာ ပြုစီမံ၍ ကမ္ဗည်းကျောက်စာ ရေးထားလေသည်။ ထိုကျောက်စာတွင် ရေးအားသော ကမ္ဗည်းအဓိပ္ပာယ်မှာ ရှေးရှမ်းမင်းအဆက်ဆက်တို့ မြို့ရွာတည်ခြင်း၊ ဘုရားတည်ထားခြင်း၊ သိမ်သမုတ်ခြင်း စသော နေရာဌာနတို့ကို သေချာစွာ ကြေးဂဏန်း၊ ဒူးဂဏန်း၊

ရှမ်းစာတို့နှင့် ရောပြွန်းလျက် ရေးထားလေသည်။ ထိုကဲ့သို့ ရေးထားခြင်းကား နောက်လူနောက်သားတို့ လောဘလွှမ်းမိုး၍ ရုပ်ပွားစေတီများကို တူးဖောက်ယူမည်ကို စိုးရိမ်သဖြင့် လျှို့ဝှက် အပ်သောနေရာကို လျှို့ဝှက်၍ ရေးထားလေသည်။ မရိုက်မြို့ တည်သည့်အခါ ခယ်တောင်ထိပ်မှာ ဖိနပ်တော်တစ်ဆယ့်ရှစ် တောင်၊ အမြင့်သုံးဆယ့်နှစ်တောင်ရှိသော စေတီတည်ထားကြ သည်။ စတိန်ဆရာဦးဇာဂရသည် တောရကျောင်း ဆောက်တည် သော တောင်ထိပ်တွင် မြို့တည်သော ရှမ်းမြို့ဝန်၊ ရှမ်းမြို့စား၊ မင်းများနှင့်တိုင်ပင်ကြပြီးလျှင် သိမ်သမုတ်လေသည်။ ထိုသိမ်၏ အနီးတွင် စေတီတစ်ဆူတည်ထားသည်။ ဤစေတီ သိမ်နှင့်အနီး တွင် ဘုရားရုပ်ပွားတော်တစ်ဆူ၊ ဟနုမန်မျောက်ရုပ်တစ်တောင် သုကျိတ်နှင့်ပါလီညီအစ်ကို နှစ်ကောင်ရုပ်ပုံနှင့်တကွကျောက်စာ ကမ္ပည်းများပါမြှုပ်ထားလေသည်။

မြို့တည်စက စတိန်ဆရာတော် ဦးဇာဂရသည် တောရ ကျောင်းဆောက်တည်၍ တောရကျောင်းကို ယခုဘောကျောင်း ဟုခေါ်ကြလေသည်။ ထိုကျောင်းသည် ယခုမြို့လယ်မှာ ဖြစ်နေ သည်။ မြို့တည်စဉ်အခါက လာရောက် နေထိုင်ကြသော လူတို့ သည် ကိုယ့်ဆရာ ဒကာဖြစ်ကြသော သံဃာတော်တို့ကို ပင့် ဆောင်လာ၍ သံဃာတော်များကို သင့်လျော်သော နေရာဌာန တို့၌ ကျောင်းဆောက်လှူဒါန်းကိုးကွယ်ကြ၏။ ထိုအခါ အရှေ့ ကျောင်းသည် မြို့တည်စကဆောက်လုပ်သည်မဟုတ် ခယ်တောင် ကကြည့်လိုက်လျှင်အရှေ့စူးစူးသို့ကျသော တောင်ထိပ်၌ဆောက် လုပ်သောကျောင်းဖြစ်၍ အရှေ့ကျောင်းဟု ခေါ်ကြသည်။ ဝတ်တိုက်ကျောင်းခေါ်ခြင်းသည် ဘုရားဝတ်များစွာ ဆောက် လုပ်လှူဒါန်းကြ၍ ဝတ်များကြောင့် ဝတ်တိုက်ကျောင်းဟု ခေါ်၏။ အချို့သောသူတို့မှာ အမှတ်မဲ့ ဝက်တိုက်ကျောင်း ဟောင်ပေါ် ခေါ်ကြသည်။ ရှေးလူကြီးတို့သည် ဘုရားတို့ကို ရှေ တောင်ထိပ်များမှာသာ ဆောက်လုပ် ကိုးကွယ်လေ့ရှိကြ၏၊ ရှေ

ကျောင်း၊ အရှေ့ကျောင်း၊ မင်းကျောင်း ဝတ်တိုက်ကျောင်း၊ တို့သည် မြို့ရိုးအတွင်းမှာရှိသောကျောင်းများ ဖြစ်၏။ မြို့ပြင်ဘုရားကိုင်ကျောင်းမှာ မြို့တည်စက ရှမ်းမင်းများ ကိုးကွယ်ကြသော ရှမ်းဘုန်းကြီးကျောင်းဖြစ်သည်။

မြို့တွင်းလေးကျောင်းနှင့် မြို့ပြင်ဘုရားကိုင်တစ်ကျောင်း၊ ပေါင်းငါးကျောင်းသာရှိသည်။ နောက်မှ မြို့စည်ကား၍ လူများသည့်အခါ သဒ္ဓါတရား တိုးပွားလာကြလျှင်၊ ကျောင်းပေါင်းများစွာ ဖြစ်ကြလေသည်။ တနင်္သာရီမြို့ကို ပထမ တည်သည့်ကေဒယ်အမည်ရှိသော မင်းကစ၍၊ တနင်္သာရီ မြို့တော်မှာ မင်းပေါင်း ၃၅ ဆက်၊ ၂၅၄ နှစ်၊ ထီးနန်း အုပ်ချုပ်၍ မင်းလုပ်တော်မူကြလေသည်။ ထိုမင်းဆက်တွင် နောက်ဆုံးကျောက်ဘွားမင်းလက်ထက် သက္ကရာဇ် ၇၉၃ ခုနှစ်သို့ ရောက်လျှင် အယုဒ္ဓယတိုင်း ဒွါရဝတီမည်သော ယိုးဒယားပြည်ရှင် ဆင်တစ်သန်းရှင်မင်း၏သားတော် ဗျရာမသွန်မင်းသည် စစ်သည်ဗိုလ်ပါနှင့်တကွ တိုက်သိမ်းယူပြီးလျှင်၊ တနင်္သာရီမြို့တော်မှာ ထီးနန်းအုပ်ချုပ်မင်းလုပ်တော်မူသည်။ ထို ပင်းဇင်းရှမ်းမျိုး၊ ဗျရာမသွန်မင်းသည် လေးနှစ်နေ၍၊ ယိုးဒယား ပြည်သို့ ပြန်လေလျှင် သားတော် ဗျရံစောကို ထားခဲ့သည်။ ၎င်းသားတော် မင်းလက်ထက် ထားဝယ်မြို့၊ ရေးမြို့၊ မော်လမြိုင်မြို့တို့သည် တစ်သီးတစ်ခြားခွဲထွက်၍နေကြ၏။ ထိုဗျရံစောမင်းသည် ၁၃ နှစ် ထီးနန်း စိုးစံပြီးနေသည့်အခါ၊ သက္ကရာဇ် ၈၀၀ နှစ်သို့ရောက်လျှင် ဟံသာဝတီပြည့်ရှင်မင်းတရားကြီးသည် စစ်သည် ဗိုလ်ပါတို့နှင့် တိုက်သိမ်းတော်မူ၍ တနင်္သာရီတိုင်းနှင့်တကွ ယိုးဒယားပြည်ပါရလေ၏။ ထိုမင်းတရား ရွှေထီး နတ်ရွာစံတော်မူလေလျှင် ထွက်ခွာခြားနား၍နေသည့်နောက်၊ သက္ကရာဇ် ၈၂၅ ခုနှစ်၊ ဟံသာဝတီဆင်ဖြူရှင်လက်ထက်တစ်ကြိမ်တိုက်သိမ်းရာတနင်္သာရီတိုင်းနှင့်တကွယိုးဒယားပြည်ကုန်အောင် ရပြန်၏။ ထိုမင်းလက်ထက် ငါးနှစ်ရှိလျှင် တစ်ကြိမ်ခွဲထွက်ပြန်၍ သက္ကရာဇ် ၈၃၀ ခုနှစ်တွင် ထိုဆင်ဖြူရှင်၊

တစ်ဖန်တိုက်သိမ်း၍ ရပြန်၏။ ဂှင်းဆင်ဖြူရှင် နတ်ရွာစံလွန်သော် ဘုရားငါးဆူ ဒါယကာ၊ သားတော် လက်ထက် ရောက်လျှင် တစ်ခါခွဲထွက်၍ ခြားနားစွာနေကြပြန်သည်။ ထိုအခါကစ၍၊ တနင်္သာရီမြို့မှာ ထီးနန်းစိုးသောမင်းမရှိ၊ တနင်္သာရီမြို့ကို ယိုးဒယားပြည် စိုးပိုင်သောရှမ်းမင်းများက မြို့စား မြို့ဝန် ထားကြသည်။

ဒုတိယပိုင်းပြီး၏။

၁၃။ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် ယိုဒယားပြည်သို့ စစ်ချီခြင်းအကြောင်း။

သက္ကရာဇ် ၁၁၂၁ ခုနှစ်၊ သို့ရောက်လျှင် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် ယိုးဒယား ပြည်ကို ချီတက်တော်မူရာ၊ ထားဝယ်မြို့သို့ ရောက်တော် မူသည်ဟု ရှမ်းမြို့စား ပုလောမြို့ဝန်ကြားလေလျှင် ပုလောမြို့မှာ မနေဝံ့၍၊ မာရိတ်မြို့သို့ ပြောင်းရွှေ့ပြီးလျှင် မာရိတ်မြို့ဝန်နှင့် တပေါင်းတည်းပြု၍ နေကြလေ၏။ အလောင်းမင်းတရားကြီးချီတက်လာ၍ သမုတ်ရွာသို့ ရောက်လျှင် မာရိတ်မြို့ဝန်နှင့် ပုလောမြို့ဝန်တို့သည် မာရိတ်မြို့မှာ မနေဝံ့ကြ၍၊ တနင်္သာရီမြို့သို့အထိ တက်ပြေးကြလာ၏။ ရှမ်းမြို့စားနှစ်ပါးတို့သည် တနင်္သာရီမြို့စားနှင့်အတူ ပေါင်းပြီးလျှင်၊ စစ်သည်တပ်သားတို့နှင့် ခိုင်ခံ့စွာနေကြပြန်၏။ ထိုမင်းတရားကြီး ဦးအောင်ဇေယျသည် မာရိတ်မြို့ကို သိမ်းယူတော်မူပြီးလျှင် မာရိတ်မြို့ကို မြိတ်မြို့ဟု သမုတ်တော် မူလေသည်။ ထိုမြိတ်မြို့မှ တစ်ဖန်ချီတက်ပြန်သော်၊ တနင်္သာရီမြို့ကို တိုက်သိမ်းတော်မူပြန်လျှင် အမြန်အောင်တော်မူလေ၏။ ထိုတနင်္သာရီရှမ်းမြို့စားနှင့်

တကွ၊ မာရိတ်မြို့ဝန်၊ ပုခလာမြို့ဝန့်တို့သည် သာလင်မြို့သို့ဆက် တက်ပြေးကြလေ၏။ ထိုအလောင်းမင်းတရားကြီးသည် ယိုးဒယား မြို့တော်၏ အရံအတားဖြစ်သော မြို့ကြီးမြို့ငယ်တို့ကို မရပ်မနား တိုက်သိမ်းတော်မူ၍ ယိုးဒယားပြည် မြို့တော်သို့အရောက်ချီတက် တော်မူပြန်လျှင်၊ မြို့မြောက်ဘက် ဘားနောင်အုန်းထွန်း အရပ် သို့ရောက်လျှင် တပ်တော်နှင့်တကွ တပ်စခန်းချ၍၊ ခိုင်ခံ့စွာ နေတော်မူသည်၊ ထိုအခါ ရှမ်းမြို့စား မြို့ဝန်၊ ဗိုလ်မှူးဘာပဲတို့ စစ်သူရဲအပေါင်းတို့နှင့်တကွ ယိုးဒယားဘုရင်သည် မြို့တော်က ထွက်ပြီး ခုခံတိုက်ခိုက်ခြင်းမပြုနိုင်ပဲ ရှိနေကြသည်။

ထိုအခါ အလောင်းမင်းတရားကြီးသည် မကျန်းမာတော် မူ၍ သားတော်နှင့်တကွ ဗိုလ်မှူး တပ်မှူးတို့ကို ခေါ်တော်မူပြီး လျှင် ထို ဘားနောင်အုန်းထွန်းက သက္ကရာဇ် ၁၁၂၂–ခုနှစ် ကဆုန်လဆန်း ၃-ရက် ကြာသပတေးနေ့ နေပြည်တော်သို့ ပြန် တော်မူလေသော် မုတ္တမမြို့ ကျေးကင်းရွာသို့ရောက်၍ ထိုစခန်းတွင် သက္ကရာဇ် ၁၁၂၂ ခုနှစ် ကဆုန်လဆုတ် ၁၂ ရက် တနင်္ဂနွေနေ့ တွင် နတ်ရွာစံလွန်တော်မူသည်။ တနင်္သာရီ၊ မြိတ်မြို့တွင် စစ်သူရဲ နှစ်ထောင်နှင့် မင်းလှရွှေတောင်တို့ကို မြို့စောင့်ထားခဲ့၏။

၁၄။ အလောင်းမင်းတရားကြီး၏ သားတော် မြေးတော် အစဉ်အဆက် မြို့ရွာ တည်ထောင်ခြင်းအကြောင်း

ထိုအခါ အလောင်းမင်းတရားကြီး အောင်မြင်သည့် နောက် နောင်တော်ဘုရားကြီး လက်ထက် နှစ်နှစ် မြို့နန်းမခန့်မီ အတွင်း ငဆပ်ချေသည် တနင်္သာရီမြို့နယ်က လူများနှင့် တိုင်ပင် ကြ၍ ပုန်ကန်ကြောင်း ကြားသိတော်မူလေလျှင် ငဆပ်ချေကို ကွပ်ညှပ်တော် မူလိုက်သည်။ သက္ကရာဇ် ၁၁၂၂ ခု နှစ်မှာပင်

ဖခမည်းတော်၏ အရိပ်အရာကိုခံစားသော ဇေယျပူရ စစ်ကိုင်းမြို့တည် နန်းတည် ဖြစ်တော် မူသော အလောင်းမင်းတရား၏ ပထမသားတော်ကြီးမင်းသည် တနင်္သာရီမြို့၊ မြိတ်မြို့ကို အစောင့်ထားခဲ့သော မင်းလှရွှေတောင်နှင့် စစ်သူရဲ အချို့တို့ကို နေပြည်တော်သို့ ပြန်ခေါ်တော်မူ၍ ဗလကျော်ထင်ကို တနင်္သာရီမြို့ဝန်ခန့်ထားတော် မူလိုက်သည်။ ထိုမြို့ဝန်မင်းက တနင်္သာရီနယ်ချောင်းကြီးဖျားက သိမ်းရုံး၍ ယူလာသော သူများကို ချောင်းကြီးရပ်အမည်ဖြင့် ချထားသည်။ ချောင်းငယ်ဖျားကယူလာသော လူများကို ချောင်းငယ်ရပ် အမည်နှင့် ချထား၍ တရားသဖြင့် မင်းဆင်းရဲသား ကျွန်တော်မျိုးတို့ကို ဆုံးမ၍ မင်းလုပ်တော်မူသည်။ (၁) ၁၁၂၃ခုနှစ်၊ မရိတ်မြို့တော်၌ ဦးဒိန်ကျော်ကိုမြို့ဝန်ခန့်ထားတော်မူလိုက်သည်။

၁၅။ မြန်မာမင်း မြိတ်မြို့ကို အသစ်ထပ်မံ၍ တည်တော်မူခြင်းအကြောင်း

ထိုနှစ် တန်ခူးလပြည့်ကျော်၅ရက်နေ့သို့ ဦးဒိန်ကျော်မြို့ဝန်က မာရိတ်မြို့ပြုပြင်တော်မူသည်။ သက္ကရာဇ် ၁၁၂၄ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၇ ရက်နေ့ တစ်ချက်တီးကျော်အချိန် သစ်လုံးတပ် ၁၁၃၈ တာကိုတည်၍ မြို့အဝှမ်းပြုလုပ်ပြီးလျှင် မာရိတ်ကျွန်းအမည်ကို ပယ်ဖျက်၍ မြိတ်မြို့တည်စေရမည်၊ အမိန့်တော်နှင့် မြို့ဝန်မင်း ဦးဒိန်ကျော်က ကျောက်ကမ္ဗည်း ထိုးထားတော်မူခလ၏၊ ထိုမင်းကား ခုနစ်နှစ် အုပ်စိုးတော်မူသည့်အတွင်း ခယ်တောင်စေတီကို ပထမအကြိမ် အသစ်ထပ်မံ၍ တည်တော်မူသည်။

၁၆။ ဆင်ဖြူရှင်မင်းတရား အကြောင်း

သက္ကရာဇ် ၁၁၂၂ ခုနှစ် ခမည်းတော် နောင်တော် တို့၏
အရိုက်အရာကို ခံစားတော်မူသော သီရိဓမ္မာရာဇာ ဘွဲ့ရှိတော်
မူသော အလောင်းမင်းတရား၏ ဒုတိယ သားတော် မြေးတော်
ဖြစ်တော်မူသော မင်းသည် နောင်တော် မင်းတရားကြီး တည်
တော်မူသော ဇေယျာပူရ စစ်ကိုင်းမြို့တော်မှ ရတနာပူရ အဝ
မြို့တော်ကိုတည်ပြီးလျှင် သက္ကရာဇ် ၁၁၂၆ ခုနှစ်တွင် ပြောင်းရွှေ့
စံတော်မူသည်။ ထိုမင်းကို ဆင်ဖြူရှင်ဟု ခေါ်တွင် လေသည်။
ဤရတနာပူရ အင်းဝပြည်ကြီးရှင် ဘုရင်မင်းတရားကြီး ဆင်ဖြူ
ရှင်လက်ထက် သက္ကရာဇ် ၁၁၂၆-ခုနှစ် ယိုးဒယားပြည်ကို တိုက်
သိမ်းတော်မူရန် ခေမာရဇာ စစ်သူကြီးတစ်တပ်၊ ဗလကျော်ထင်
တစ်တပ်၊ ဦးဒိန်ကျော်အုပ်စိုးသော မြိတ်မြို့မှာ စစ်မတိုက်မီအသင့်
စောင့်နေရသည်။ ထိုနှစ် စစ်သူကြီး မဟာနော်ရထာကို မြိတ်မြို့သို့
စေလွှတ်၍ ထိုနှစ်တွင် ယိုးဒယားပြည်ကိုတိုက်သော် သုံးနှစ်တိုက်မှ
ဒွါရာဝတီ၊ ယိုးဒယားပြည်၊ ရှမ်းဘုရင်နှင့်တကွ သက္ကရာဇ် ၁၁၂၉
ခုနှစ်တွင် သိမ်းယူ၍ အောင်တော်မူလျှင် တနင်္သာရီ မြို့ဝန်
ဗလကျော်ထင်ကို ရာထူးမှ တိုးတက်တော်မူစေ၍ ထိုမြို့၌ နေ့မြဲ
နေထိုင်ရသည်။ မြိတ်မြို့၌ ခုနှစ်နှစ် အုပ်စိုးလျက် ရှိနေသော
ဦးဒိန်ကျော်ဝန်ကို ပြန်ခေါ်တော်မူလေ၏။

၁၇။ မြိတ်မြို့ကို ခေမရာဇာ ဝန်စိုးအုပ်သည့်အခါ စီမံခန့်ခွဲတော်မူခြင်းအကြောင်း

၂။ ပထမသားတော်ကြီးနောက် ထိုဆင်ဖြူရှင် ဘုရား
လက်ထက် ၁၁၃၀ ပြည့်နှစ် ခေမရာဇာကို မြိတ်မြို့တွင် မြို့ဝန်
ခန့်ထားတော်မူ၏။ ဤမင်းသည် ၆၀ မြို့၌ ၈ နှစ် စိုးအုပ်

သည့်အတွင်း အထက်က မြို့ဝန်မင်း ဦးဒိန်ခကျော်သည် ရှပ်းမင်းများ တည်သော ခယ်တောင်စေတီတော်ကိုခေ ၈၉၁ မင်းက အပြီးသတ်၍ဒုတိယအကြိမ် ထီးတင်တော်မူသည်။ ထိုအင်ဖြူရှင်ဘုရင်မင်းလက်ထက် မြိတ်မြို့ကို အသစ်ထပ်မံ၍ တည်လုပ်ရမည်ဟု အမိန့်တော်နှင့် ခေမရာဇာကို ခန့်ထားတော်မူ၍ ထိုမင်းကတောနယ်ရှိ ပင်းအိုရွာ၊ကျောက်ဖျာရွာ မြစ်ငယ်တစ်လျောက်က လူများကိုယူလာ၍ မြစ်ငယ်ရပ်အမည်နှင့်ချထားလေသည်။ ပကုပ်တောင် တောင်ဖိလာနေလူများကို မြစ်မရပ်၊ ယခုခေါ်သန္ဒုပ်သရင်တန်း၊ တောနောက်လယ်က လူများကိုနောက်လယ်ရပ်၊ ယခုမြိတ်မြို့နောက်လယ်ရပ်တွင် နေထိုင်ကြသော ရှေးလူကြီးများသည် ရွှေထုပ်မြို့တော်ဟောင်းက မြို့သားအစစ် ဖြစ်ကြသည်။ မုတ္တမမြို့က နေသော လူများကို ချထားသည်မှာ တလိုင်းစုရပ်၊ မြို့လယ်တွင် နေထိုင်ကြသောလူများကို အလယ်ထိန်ဈေးတန်း ဈေးကြီးရပ်လည်း ခေါ်သည်။

ဈေးနားတွင် နေထိုင်ကြသောသူများကို ဈေးခေါင်းရပ်၊ ပသီကုလားနေသော နေရာကို ကန်ခေါင်းရပ်၊ စတိန်ဘုတ်ပြင်းက ယူလာသောလူတို့ကို စတိန်ရပ်၊ ပင်လယ်ကျွန်းကသဲများကို သိမ်းယူလာ၍ ချထားသောကြောင့် ကသဲစု ဆိပ်ငယ်ရပ်ခေါ်သည်။ မြောက်ဘက် တစ်လျောက် ပလောက်ပုလောပလတွင် နေသောလူများကိုချထားသည်မှာ ထားဝယ်စုရပ်၊ အတည်ဖြစ်ရန် မှတ်သား၍ မင်းအရာရှိများတို့နှင့်စည်းဝေးတိုင်ပင်ကြပြီးလျှင် သမားဖြူ သမားညိုရှစ်ယောက်၊ မြို့လူကြီးတစ်ဆယ့် နှစ်ယောက်တို့သည် စီမံ ခင်းကျင်း ကြပြီးလျှင် သက္ကရာဇ် ၁၁၃၂ ခုနှစ် တော်သလင်းလဆန်းတစ်ရက် စနေနေ့နံနက် တစ်ချက်တီးကျော် အချိန်တွင် ရတနာ သုံးပါးတို့ကို ပူဇော်ကြသည်။ သံဃာတော်ကြီး တစ်ဆယ့်နှစ်ပါးကို ပင့်၍ ပရိတ်ကမ္မဝါစာတို့ကို ရွတ်ဖတ်တော်မူကြပြီးလျှင် နဂါးဂဠုန်ဂုမ္ဘာဏ်ယက္ခ ဂန္ဓဗ္ဗ မဏိဓမ္မလာ၊ မြေစောင့်နတ်၊ ရေစောင့်နတ်၊

တောင်စောင့်နတ်၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်၊ တောစောင့်နတ်၊ မြို့နယ်ခရိုင်စောင့်သော နတ်အပေါင်းတို့ကို ရေစက်ချ၍ အမျှဝေ ပူဇော်ကြလေသည်။

ရှေးဆောက်မည့် နေရာကို နိမိတ်တိုင် စိုက်ထူ၍ ထိုတိုင်အချိန်အတောင်နှစ်ဆယ်အကွာတွင် ရာဇဝင်အိုးအပြည့် နှမ်းဆီ အချိန်အတောင်နှစ်ဆယ်အကွာတွင် မြေ၌မြှုပ်ထားကြသည်။ မကျွပ်ငါး အမှုပ်းလ၊ မျက်နှာတွင် မြေ၌မြှုပ်ထားကြသည်။ အနိမ့်အမြင့် ဆယ်ဆောင်ဆောက်လုပ်ကြ၍ ထိုမြို့ကို မိဋ္ဌာန်ကြသည့်အတိုင်း သုံးရက်သံဃာတော်ကို ဆွမ်းလုပ်ကျွေး ပေးလှူတော်မူသည်။ အဝေးက ရောက်လာကြသော ကုန်သည်တို့ကို ကျွေးမွေး၏။ ထိုသုံးရက်အတွင်း ကုန်သည် လှေ သင်္ဘောတို့က လူအမျိုးမျိုးရောက်လာကြသည်။ မရောက်ဖူးသော တိရစ္ဆာန်အမျိုးမျိုးတို့ရောက်လာကြ၍ ဥဒေါင်းမြူးသည်၊ ချိုးကူသည်၊ ကြက်တွန်သည်၊ တိရစ္ဆာန်တို့ဘာဝ ပျော်မြူးကြသည်။ မိဋ္ဌာန်၍ နိမိတ်တိုင်ထိပ်၌ ထမင်းအဖြူ၊ အနီ၊ အဝါ အမျိုးမျိုး ဆယ်နှစ်ဆုပ် တင်ထားသည်ကို ကျီးတို့သည် နိမိတ်တိုင်ထိပ်တွင် တစ်ကောင်မျှမစားဘဲ ချီယူသွားကြသည်။ အသီးသီးတို့၏ဖြစ်သည့် နိမိတ်တိုင်အကြောင်းကို သိမြင်ကြ၍ သမားဖြူ သမားညို ပုဏ္ဏား ရှစ်ယောက်တို့က မြို့အင်္ဂါ ရှစ်ပါးနှင့် ပြည့်စုံပြီ ဆို၍ ဝမ်းမြောက်ဝမ်းသာရှိတော်မူလေ၏။

ထိုခေမရာဇာမြို့ဝန်သည် မြိတ်မြို့၌ လေးနှစ် စိုးအုပ်၍ နေပြည်တော်သို့ပြန်လေသည်။ (၃) ၁၁၃၄ ခုနှစ်ကစ၍ ၁၁၃၉ ခုနှစ် အတွင်း မြိတ်မြို့၌ မြို့ဝန်မင်း ဥတ္တမကျော် နေမင်းမြို့ခေါင်တို့ အုပ်စိုးနေသည့်အတွင်း စတိန့် ဆရာတော် ဘုရားကြီးသည် ပညာအရာ၌ ကျော်စောကီတ္တိ ရှိသည်ဖြစ်၍ ထိုဆရာတော်ဘုရားကြီးကို အင်းဝမြို့တော် ဆင်ဖြူရှင်ဘုရားက ပင့်ဆောင်တော်မူပြီးလျှင်၊ ဂုဏာသာရဓဇ မဟာရာဇဂုရုဘွဲ့တံဆိပ်တော်ကို ကပ်လှူတော်မူသည်။ ယင်းသည့်ဆရာတော်ဘုရားကြီးထာ မြိတ်မြို့ ခ

တောင်ကုန်းတော်ပေါ်တွင် သိမ်တော်ကြီး နေရာကို ဗဒ္ဓသိမ် သမုတ်ရန် ခွင့်ပန်တော်မူလာသည်။

မှတ်ချက်။ ။မြိတ်မြို့ အစဉ် အဆက်၊ ရှေးပညာရှိတို့ မှတ်လျက်သား ထားသော ရာဇဝင်၌၊ စတိန် ဆရာတော်ကြီး ဦးဇာဂရ ဟူ၍ တွေ့ရသည်။ ထို ဆရာတော်ကြီး ဦးဇာဂရ သည် သီလသမာဓိ ပညာနှင့် ပြည့်စုံတော် မူ၍ သီလသတင်း အောက်အထက် ပျံ့နှံ့ခြင်းကြောင့်၊ အင်းဝမြို့တော် ဘုရင် ဆင်ဖြူရှင် ကြားသိတော်မူရာ၊ ထို ဆရာတော်ကြီးကို ပင့်၍ ဘွဲ့တံဆိပ် ကပ်လှူတော်မူသည်မှာ ဂုဏာသာရဓဇ မဟာဓမ္မရာဇ ဂုရု ဘွဲ့နာမ်ကို အမြန်ကပ်လှူတော် မူလေ၏။ ထိုစတိန်ဆရာ တော်ကြီးသည် ကိုယ်တော်၏ နေ့နံမှန်ကန်အောင် ပြော၍သာ လျှင် နေ့နံနှင့်အလိုက်၊ တနင်္လာနေ့ဖွား ဂုဏာသာရဓဇဟူ၍ ဘွဲ့တံဆိပ် ကပ်လှူတော်မူသည်ဟု ယူတ္တိရှိသည်။ ရှေးရှေးသော မင်းတို့သည် ရှေးရှေးသော ဆရာတော်ကြီးများကို ဝိနည်း ကျမ်းဂန်နှင့်အညီ တနင်္ဂနွေနေ့ဖွား မှန်လျှင် ဥက္ကံသာဘိကဝိဓဇ ဟူ၍ ဘွဲ့တံဆိပ် ကပ်လှူတော်မူသည်၊ စနေနေ့ ဖွားတော်မူလျှင် နန္ဒပါလာဘိကဝိဓဇဟူ၍ ဘွဲ့တံဆိပ်လှူတော်မူသည်။ မြိတ်မြို့က ခေါ်တွင်ကြသော ထိုစတိန်ဆရာတော် ဦးဇာဂရ ကိုလည်း အင်္ဂါနေ့ဖွား မှန်ခဲ့ပါလျှင် ဇာဂရာဘိကဝိဓဇဟူ၍ ဘွဲ့တံဆိပ် တော် ကပ်လှူသင့်သည်။ နေ့နံ အလိုက် ဂုဏာသာရဓဇဟူ၍ ဘွဲ့တံဆိပ် ဆက်ကပ်လှူကြောင်းကို ယူတ္တိသင့်ပေသည်။ အင်္ဂါနေ့ ဖွား တနင်္လာနေ့ဖွား နှစ်သစ်ရာ ယူကြပါကုန်။

o--o

၁၈၊ မြိတ်မြို့ဝန်၊ ခေါ်စေတော်ကြီးအကြောင်း

၄။ သက္ကရာဇ် ၁၁၄၀ ပြည့်နှစ်၊ ခေါ်တော်ကြီးကို မြိတ်မြို့
ဦ ခန့်ထားတော်မူသည်။ ထိုမင်းလက်ထက် ၁၁၄၀ ပြည့်နှစ်
နတ်တော်လပြည့် တနင်္လာနေ့ညနေ သုံးချက်တီး အချိန်ကို
မြိတ်မြို့ သာသနာပြုဆရာ ဂုဏာသာရဇေ၊ မဟာဓမ္မရာဇဂုရုဘွဲ့
တံဆိပ်တော်၊ ထားဝယ်မြို့ သာသနာ ပြုဆရာတော် ပညာသာရ
ဇေ မဟာရာဇဂုရုတို့နှင့် သံဃာတော်ကြီး၊ ကောဏ္ဍည၊ ပုပ္ဖလ၊
ရေဝတ၊ သောဘိတ အစရှိသော သံဃာတော်ပေါင်း တစ်ရာ
နှင့် သိမ်တော်ကြီးကို သမုတ်၍ ပြီးစီးအောင်မြင်တော်မူသည်။
ထိုခေါ်တော်ကြီးကို နေပြည်တော်သို့ ခေါ်တော်မူ၏။

၁၉၊ တနင်္သာရီမြို့ဝန် ဗလကျော်ထင်ကို နေမျိုးနော်ရထာ ဘွဲ့တော်ဖြင့် မြိတ်မြို့၌ ခန့်ထားသည့် အကြောင်း

၅။ ၁၁၄၇-ခုနှစ်တွင် တနင်္သာရီမြို့ဝန် ဗလကျော်ထင်
ကို နေမျိုး နော်ရထာဘွဲ့တော်ဖြင့် မြိတ်မြို့ဝန် ခန့်ထားတော်
မူသည်။ ထိုမြို့စန်မင်းလက်ထက် ဂုဏာသာရဇေ၊ မဟာဓမ္မရာဇာ
ဂုရု ဆရာတော်ကြီး အမှူးပြု၍ သံဃာတော် အများနှင့်တကွ
သမားဖြူ သမားညို ဂုဏ်သရေရှိ လူကြီး လူကောင်းအပေါင်း
တို့နှင့် ညီညာတိုင်ပင်ကြ၍ တတိယ တဖန် ခယ်တောင် စေတီ
ဟောင်းကို တိုးချဲ့ပြီးလျှင် ၁၁၄၇ ခုနှစ် တန်ဆောင်မုန်းလဆန်း
၄ ရက် တနင်္လာနေ့ တစ်ချက်တီးကျော် အချိန်တွင် အသစ်
ထပ်မံ တည်တော်မူသည်။ ပြီးငြိမ်းသည့် ကာလ ထိုစေတီတော်
ကြီးကို လေးကျွန်းဆိမ်း စေတီတော်ကြီးဟု သမုတ်တော်မူကြ

သည်။ ထိုမြို့ဝန်မင်း နေမျိုးနော်ရထာကို နေပြည်တော်သို့ ပြန်ခေါ်တော် မူပြီးလျှင် ရာထူးကို တိုးတက်တော်မူစေ၍ မြို့စားခန့်ထားတော်မူသည်။

၂၀။ ပုဂံမြို့ဝန်မင်း မဏိစိန္တာကို မြိတ်မြို့ဝန်ခန့်ထားသည့် အကြောင်း။

၆။ ၁၁၅၀ ပြည့်နှစ်တွင် ပုဂံမြို့ဝန်မင်းကြီး မဏိစိန္တာကို မြိတ်မြို့၌ မြို့ဝန်ခန့်ထားတော်မူသည်။ ထိုမြို့ဝန်မင်းသည် မြို့ပေါ်ရှိ လူကြီး လူကောင်းများကို တိုင်ပင်ပြီးလျှင်၊ အရှေ့ကျောင်း၊ တောင်ပေါ်တွင် ကျောင်းဆောက်၍ ဦးပညာသီရိဆရာတော်ကို လှူဒါန်းတော်မူသည်။ ထိုမြို့ဝန်မင်း သုံးနှစ်ကြာလျှင် မုတ္တမမြို့သို့ ပြောင်းစေ၍ မြို့ဝန်ခန့်ထားလေ၏။

၂၁။ ပဲတောင်စားမင်းကို မြိတ်မြို့၌ မြို့ဝန်ခန့် ထားခြင်းအကြောင်း။

၇။ ထိုဝန်မင်းတစ၍ ၂၅ နှစ် မြို့ဝန်မင်းပေါင်း ဆယ်ဆက်မြောက် ၁၁၇၅ ခုနှစ် ပဲတောင်စားကို မြိတ်မြို့၌ မြို့ဝန်ခန့်ထားတော်မူ၏။ ထိုမြို့ဝန်မင်းသည် ရှေးရှမ်းမင်းများလက်ထက်က ပိတ်ထားသော ရေကန်သည် ပေါက်ပြို၍ အသစ်ပြုလုပ်ရန်

မြို့မြောက်ဘက်က ကင်းချောင်းကိုဖြတ်၍ ပိတ်ဆို့စေပြီးလျှင် သောကို ရုတ်ထွင် ရှင်းလင်း စေသောအခါ မြို့တွင်း မြို့ပြင်က ကလေးသူငယ်တို့သည် ကခုန်သီချင်းဆိုကြသည်မှာ (ကန်ဟောင်း ပျောက်လို့ ကန်သစ်ပေါ်၊ ပဲတောင်ကိုယ်တော် ပြုံးစိ ပြုံးစိ ဆို၍ ကစားကြလေ၏။ ထိုရေကန်ကို နေ့ကောင်းရက်သာ အခါ ရွေး၍ တူးကြမည့်အခါ၊ ဥဒေါင်း ဖိုမတို့သည် အခြားသော နေရာက ပျံကျလာ ပြီးလျှင် ကခုန်မြူးတူးနေသည်ကို မြို့ဝန်မင်း သိ၍ အလွန်ဝမ်းမြောက်တော် မူသောကြောင့် ဥဒေါင်းမင်း ရုပ်သဏ္ဌာန်ကို ပုံခင်းပြီးတူးစေ၍ ယခုထိ ပဲတောင်မင်းရေကန်ဟု တွင်လေ၏။ မြို့အရှေ့တွင်လည်း ကျောင်းဆောက်လုပ်လှူဒါန်း သောကြောင့်၊ ယခုတိုင် မင်းကျောင်းဟူ၍ တွင်သည်။ ထိုမင်း လက်ထက် မြိတ်မြို့နေ၊ ပန်းမင်းရဲလှကျော်ခေါင်က ၁၁၇၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက် သောကြာနေ့ နံနက် သုံး ချက်တီးအချိန်တွင် ထိုသိမ်တော်ကြီး ကုန်းတော်ပေါ်၌ ရွှေ ဘုရားဟူ၍ စေတီတစ်ဆူ တည်ထားတော်မူ၏။

ဝမ်းကြီးရှင်မချောင်းဟု ခေါ်တွင် ခြင်းသည် ရှေးက ကိုယ်ဝန်အရင့်အမာနှင့် မိန်းမတစ်ယောက်သေ၍ လှေနှင့်တင်ယူ လာပြီးလျှင် ၎င်းချောင်းငယ်ကဆိုက်၍ သုသာန်မှာ မြှုပ်သော ကြောင့် ဝမ်းကြီးရှင်မချောင်းဟု ခေါ်ကြ လေသည်။ ထိုရေ ကန်ကိုမြို့ဝန်မင်းနှင့်တကွ မြို့သူမြို့သားတို့သည် သက္ကရာဇ် ၁၁၇၇ ခုနှစ်တွင် ကန်ပေါင်ရိုးအကြီးအကျယ် ဆယ်ကြလေ၏။ ရေကန် ပြီးလျှင် ရေကန်၏ အနောက်ဘက်၌ စေတီတစ်ဆူ တည်ထား လေသည်။ ရေကန်ကြီး၏အနောက်အတွင်းဘက်က ကင်းချောင်း နှင့် ထိုဝမ်းကြီးရှင်မချောင်းမှာ ရှိသောအရပ်ကို ကန်ကြီးရပ်ဟု ခေါ်ကြ၏။ ပဲတောင်စားမင်းကား ၃ နှစ်အုပ်ချုပ်ရသည်။

၂၂။ ဘိုးတော်ဘုရားကြီး အမရပူရမြို့သစ် တည်တော်မူခြင်း အကြောင်း။

သက္ကရာဇ် ၁၁၄၃ ခုနှစ် ခမည်းတော် နောင်တော်များ တို့၏အရိုက်အရာကို ခံစားတော်မူသော သီရိသုဓမ္မရာဇာ အမည်ရှိသော သတိုးမင်းစော၊ ပဒုံမြို့ကိုစားရ၍ ပဒုံမင်းဟုခေါ်သည်။ ၁၁၄၄ ခုနှစ်၊ ထီးပေါင်းကားအရပ်တွင် အမရပူရမြို့ကို နန်းသစ်တည်တော်မူ၏။ ထို အမရပူရ ပထမနန်းသစ် တည်တော်မူသော ဘိုးတော်မင်းတရားကြီးသည် သက္ကရာဇ် ၁၁၄၅ (၃၂၀) သော မြို့တို့၌ တစ်မြို့လျှင် တစ်ဆူ၊ (၃၂၀) ရွှေဂူဘုရား တို့ကို အချိန်ပေးတော်မူ၍ တစ်ချိန် တစ်နာရီတည်း တည်လုပ်တော်မူစေသည်။ မြိတ်မြို့မှာ အရှေ့ တံခါးတောင်ထိပ်တွင် တည်ထားတော်မူသည်။

ထိုအမရပူရ ပြည်ကြီးရှင် ဘိုးတော် မင်းတရားကြီးသည် မြတ်စွာဘုရား၏ သာသနာတော်ကို စည်ပင်ပြန့်ပွားအောင်အား ထုတ်လိုသော ဆန္ဒရှိတော်မူ၍ သက္ကရာဇ် ၁၁၄၇ ခုနှစ်(၂၆)ဌာန ဖြစ်သောတိုင်းကြီးခရိုင်ကြီးတို့တွင် တစ်မြို့လျှင် ပိဋကတ်တစ်စုံ နှင့် သံဃာတော် ငါးပါးစီ သာသနာပြု လွှတ်တော်မူသည်။ တနင်္သာရီတိုင်း မြိတ်မြို့သို့ ဂုဏာသာရဓဇ မဟာရာဇဂုရု တံဆိပ်တော်ရ ဆရာတော်ထံ နောက်ထပ်သံဃာတော်ငါးပါး ကြွလာတော်မူ၍ ၁၁၄၇ခု ပထမ ဝါဆိုလဆန်း ၅ ရက်နေ့ မြိတ်မြို့သို့ ရောက်တော်မူလေသည်။ ထိုအခါ ပဲတောင်စား မြို့ဝန်ကို နတ်စက်ရန်စစ်ကဲ ခန့်ထားလေ၏။ ထိုဆရာတော်များသည် ၁၁၃၇ ခုနှစ်တွင် ခေမရာဇာမြို့ဝန်မင်းနှင့် မြို့ရှိ သံဃာတော်များ သမုတ်ထားသော ခယ်တောင်စေတီအနီး သိမ်တော်ကြီးကို ထပ်မံပြင်ဆင်၍ သာသနာအမြဲတည်ရှည်ကြာအောင် တည်စေခြင်းငှာ ထပ်မံ၍ သမုတ်တော်မူကြလေသည်။ ထိုသိမ်တော်ကြီး သမုတ်တော်မူစဉ် အခါတွင် မြို့ပေါ်မှာ ဥတ္တမရာဇာ သကြန်ပုံချီ

ကို စစ်ကဲခန့်၍ စစ်သူရဲ ၁၀၀၀နှင့် စစ်သူကြီး သေနကျော်ထင်ကို ရှိကြ၏။ ထိုစစ်သူကြီးများသည် ယိုးဒယားမြို့ မင်းခေါင်ကျော်တို့ရှိကြ၏။ အောင်မြင်တော်မူလျှင် နေပြည်တော်သို့ ကို တိုက်သိမ်း၍ ပြန်ကြ၏။

၂၃။ ဘိုးတော်ဘုရားလက်ထက် နရသမန်ကျော်ကို မြိတ်မြို့ဝန် ခန့်ထားသည့်အကြောင်း

ဂ။ နရသမန်ကျော်ကို မြိတ်မြို့ဝန် ခန့်ထားတော်မူ၍ ထိုမြို့ဝန်မင်းလက်ထက် စုံးဖြုန်းမြို့စား ရှမ်းမင်းသားသည် လှေ ခြောက်စင်းနှင့် ရှမ်း(၁၃၀)တို့စုန်ဆင်းလာ၍ မြိတ်မြို့အရှေ့ စန္ဒဝတ်ရွာ၊ ပိန္နဲတောင်ရွာ အစရှိသော ရွာများတွင် မြန်မာ ယောကျ်ား မိန်းမတို့ကိုဖမ်း၍ လှေတွင် ချထားသည်။ မြိတ်မြို့ အနီး ဘုရားကိုင်ချောင်းမှာ ရှမ်းမင်းက လူ အများတို့ကို ဖမ်းဆီး ချည်နှောင်တုပ်ထား၍ လှေတွင်ချထားကြောင်း မြိတ်မြို့ဝန် သိလေလျှင် စစ်သူရဲ လက်နက်ကိုင်တို့နှင့်လိုက်ဖမ်းကြရာ စုံးဖြုန်း မြို့စား ရှမ်းမင်းသားသည် လှေခြောက်စင်းနှင့် ချောင်းငယ်သို့ ဝင်ပြေးလေလျှင် မြန်မာလက်နက်ကိုင် သူရဲတို့သည် လှေဆယ် စင်းနှင့် နေ့ရောညပါ ချောင်းဝတပိတ်ဆို့ထားကြသည်။

ရှမ်းများမထွက်ဝံ့၍ ငှင်းချောင်းဖျားနှင့် တစ်ခြားချောင်း ငယ်ဖျားသည် အလံ ၃၀ အဝေးရှိသောမြေပြင်ကို ရှမ်းတို့သည် စနေ့ညမနေမနား တူးဖောက်၍ ပြေးကြလေ၏။ ထိုအကြောင်း ကို မြန်မာမြို့ဝန် သိလေလျှင် လိုက်တိုက်လေရာ မမီ၍ လွတ်သွား လေ၏။ နောက် စုံးဖြုန်းမြို့သို့ ဖမ်းယူသွားသော လူများကို

တောင်းလေလျှင် စုံးဖြုန်းမြို့စား ရှမ်းမင်းသားက ပြန်ပေးရသည်။ ၎င်းချောင်းကို ကုန်းဖောက်ချောင်းဟု ယခုအထိခေါ်တွင်လေသည်။ ထိုမြို့ဝန်မင်းသည် မြိတ်တောင် အရှေ့မှာ မြတ်စွာဘုရားသည် ကုသိနာရုံပြည် မာလာမင်းတို့၏ အင်ကြင်းဥယျာဉ်တွင် ပရိနိဗ္ဗာန်စံယူတော်မူသည့် ပုံသဏ္ဌာန်ကို ပြုလုပ်ကိုးကွယ်တော်မူသည်။ ထိုဘုရားကို ကုသိနာရုံဘုရားဟု ယခုအထိ ခေါ်ကြလေ၏။ ထိုမင်းကစ၍ ကဆုန်လပြည့်နေ့ ကုသိနာရုံဘုရားပွဲတော်ဖြစ်ပေါ်လာလေသည်။

(သုံးဆစ်သဖြန် ကဆုန်လဘွဲ့)

ကြယ်မင်းရယ်တဲ့ ဝိသာခါ၊ ရွှေယုဂံ တောင်တော်စွန်းဆီက၊ ယုံစန္ဒာငွေလဝန်းရယ်နှင့်ကွယ်၊ ထွန်းလို့ပြိုင်လာ၊ ခိုင်စကားဝ ရယ်လေ၊ ကြိုင်စွာပထုံသင်း၊ ကဆုန်ရယ ခေါ်သလေလေ့၊ ပြိုသာငယ်ရာသီပေါ်လို့၊ တူနှစ်ဖော် အောင်စေကြောင်းငယ်နှင့်၊ ယူပျော်ပျော်ညောင်ရေလောင်းတယ်ကွယ်၊ ပေါင်းစို့လက်ငင်း။ စသည်ဖြင့် မယွင်းအောင်ဆိုယူတောင်းကြ၍ အရပ်ရပ်သော မြို့ရွာအပေါင်းတို့က သောင်းသောင်းညီညာ တူရိယာအစုံတို့နှင့် ကုသိနာရုံဘုရားပွဲတော်ကြီး အံချီးမခန်း သဒ္ဒါပန်းဖြစ်ကြပြီးလျှင် ယခုနှစ်တိုင် ရှိလေသတည်း။ ထိုမြို့ဝန်မင်းသည် သက္ကရာဇ် ၁၁၅၃ ခုနှစ် ကုသိနာရုံအနီးတွင် မြို့ရိုးသံဃာတော်များနှင့် သိမ်သမုတ်လေသည်။ ထိုသိမ်နှင့်အနီး စေတီတစ်ဆူ တည်ထားတော်မူသည်။ စေတီပြီးလျှင် ထိုနှစ်ပင် နေပြည်တော်သို့ ပြန်ရလေသတည်း။

၂၄။ စစ်ရာချီကို မြိတ်မြို့ဝန်ခန့်ထားသည့် အကြောင်း

သက္ကရာဇ် ၁၁၅၄ ခုနှစ် စစ်ရာချီကို မြို့ဝန်ခန့်ထား
၉။ မုတ္တမမြို့ဝန်နှင့် ထားဝယ်မြို့ဝန်မသင့်ကြ
တော်မူသည်။ ထိုအခါ မုတ္တမမြို့ဝန် ကလိန်အောင်စားသည် ယိုးဒယားသို့ ဝင်၍ ထားဝယ်မြို့ဝန် ကလိန်အောင်စား... ၍ ထားဝယ်မြို့ဝန် ကလိန်အောင်စားသည် ယိုးဒယားသို့ ဝင်၍ ထားဝယ်မြို့ အိမ်ရှေ့မင်းနှင့်တကွ ယိုးဒယားဘုရင်ကိုပြောလျှင် ယိုးဒယားမြို့ အိမ်ရှေ့မင်းနှင့်တကွ ယိုးဒယားဘုရင်ကိုပြောလျှင် ယိုးဒယားမြို့ အိမ်ရှေ့မင်းနှင့်တကွ

သခါဇေယျကျော် တွဲတော်ပေး၍ ထားသည်။ ထိုမြို့ဝန်မင်းကို နေပြည်တော်က ပြန်ခေါ်တော်မူပြီးသော် ရာထူး ကြီးကျယ်စွာ ပေးပြီးလျှင် တခြားမြို့၌ ခန့်ထားလေ၏။

၂၇။ မင်းလှကျော်ကို မြိတ်မြို့ဝန် ခန့်ထားသည့် အကြောင်း။

၁၀။ ၁၁၇၈ ခုနှစ် မြိတ်မြို့၌ မင်းလှကျော်ကို မြို့ဝန်ခန့်၍ ဇေယျနော်ရထာကို အကောက်ဝန်၊ အမြောက်မှူး ခန့်ပြီးလျှင် ခိုင်ခန့်စွာနေစေသည်။ ထိုမြို့ဝန်မင်းသည် လောတောင်ထိပ်တွင် စေတီတစ်ဆူတည်၏။ အကောက်ဝန်မင်း ဇေယျနော်ရထာသည် ဝတ်တိုက်ကျောင်းတောင်ပေါ်မှာ စေတီတစ်ဆူတည်သည်။ ထိုမြို့ဝန်မင်းကို နေပြည်တော်သို့ ပြန်ခေါ်တော်မူပြီးလျှင် ရာထူးကိုတိုးတက်စေ၍ ခန့်ထားတော်မူသည်။

၂၈။ မင်းရန်ကူးကို မြိတ်မြို့ဝန်ခန့်ထားသည့်အကြောင်း။

၁၁။ သက္ကရာဇ် ၁၁၇၈ ခုနှစ်တွင် မင်းရန်ကူး ကိုမြိတ်မြို့၌ မြို့ဝန် ခန့်ထားတော်မူသည်။ ထားဝယ်စုအရပ်တွင် တံတား ဆောက်လုပ် လှူဒါန်းသောကြောင့် မင်းရန်ကူးတံတားဟု တွင်လေသည်။ ထိုမင်းကား ၃ နှစ်အုပ်ချုပ်ရလေသည်။

၂၇။ ဦးမြတ်လေးကို မြိတ်မြို့ဝန်ခန့်ထားခြင်းအကြောင်း။

၁၂။ သက္ကရာဇ် ၁၁၈၁ ခုနှစ်တွင် ဦးမြတ်လေးကို မြိတ်မြို့၌ မြို့ဝန်ခန့်ထားတော် မူလိုက်သည်။ ထိုမင်းကား မြို့အရှေ့မြောက်တွင် စေတီငါးဆူဘည်တော်မူ၏။ ယခု ဘုရားငါးဆူဟူ၍ တွင်လေသည်။ ထိုမှတစ်ပါးလည်း ဝတ်တိုက်ကုန်းပေါ်၌ ဘုရားဝတ်ကြီးပြုလုပ် တည်ထား တော်မူသည်။ ထိုကုန်းပေါ်တွင် ဘူးဘုရားဟူ၍ ဓာတုစေတီတော်လည်း တည်တော်မူ၏။ နောက်လယ်အရပ်တွင်လည်း ဝက်ခေါင်းကိုဖြတ်ပြီး တံတား ပြုလုပ်၍ လှူဒါန်းတော်မူသောကြောင့် ဝက်ခေါင်းတံတားဟု တွင်လေသည်။ ဘူးဘုရားကြီးမှာ ၁၁၈၃ ခုနှစ်တွင် ထီးတင်၍ ပြီးငြိမ်းသည်။ ငါးနှစ်အတွင်း ထိုမြို့ဝန်မင်းနှင့် အတူ အနန္တကျော်စွာကို အမြောက်မှူးခန့်ထားတော်မူလိုက်၏။

သက္ကရာဇ် ၁၁၈၁-ခုနှစ် ဘိုးတော်ဘုရား၏ အရိုက်အရာကို သိမ်းမြန်းစိုးစံတော်မူသော မြေးတော် စစ်ကိုင်းမင်း သတိုးမင်းစောသည် ဗုဒ္ဓါဘိသေက ခံတော်မူပြီးနောက် ဖန်နန်းရှင်ဟူခေါ်သော မင်းတရားကြီးလက်ထက်တွင် သက္ကရာဇ် ၁၁၈၆ ခုနှစ် ဝါခေါင်လ ဟံသာဝတီ ရန်ကုန်မြို့တို့ အင်္ဂလိပ်မင်း တိုက်သင်္ဘော ၄ နှင့် ဝင်ရောက်၍ တိုက်လာကြောင်းကို ဖန်နန်းရှင်မင်းတရားကြီးက စာရေးတော်ကြီး လာရောက်၍ အမိန့်တော်စာချွန်နှင့် မြိတ်မြို့ဝန် ဦးမြတ်လေးထံသို့ ပေးသည်မှာ နောင်မြိတ်မြို့သို့ အင်္ဂလိပ်သင်္ဘော ဝင်လာလျှင် ခုခံတိုက်ရန် အမြောက်ကြီး၊ အမြောက်ငယ် ၆၄ လုံး၊ သေနတ် ၁၀၀၀ ဒေဝံတိုက်တော်က ထုတ်၍ ပြင်ဆင်ထားရမည် အကြောင်းနှင့် စာချွန်တော်ရောက်လာ၍ မြိတ်မြို့ဝန် ဦးမြတ်လေးသည် ဆိပ်ငယ်ရပ်ကို ဖြိုဖျက်၍ခိုင်ခံ့စွာ သူရဲခိုပြုလုပ်ပြီးလျှင် အမြောက်ငယ် ၃၅လုံး ခင်းကျင်း စီမံထားသည်။ အမြောက်ကြီး ၃၀ ကျော်ကို ဆရာတော်ဘုရားကျောင်းတောင်ဘက်စ၍ ဝတ်တိုက်ကျောင်းတောင်ဘူးဘုရားကြီးအရောက် ခင်းကျင်းစီမံခန့်ထားလေသည်။

မြို့ဝန်မင်း အမိန့်တော်နှင့် ပုတကစ်လူမျိုး ရော်ရှင်တာ အမြောက်ပစ်ရန် အခမ်းအနားကို မြို့ရှိ ဘရင်ဂျီ လူမျိုးများနှင့် အသင့်စီမံနေရသည်။ တနင်္သာရီမြို့ရှိလူမျိုးများကို သိမ်းရန်း၍ ခေါင်ရာ တနင်္သာရီချောင်းကြီးကျောင်း ခင်ကြီးဘိုးက မြို့သူမြို့သားများနှင့် ခုခံ၍ မလိုက်ဘဲ နေသောကြောင့် မြိတ်မြို့က ဗိုလ်ခြေနှင့် သိမ်းယူပြီးလျှင် ခင်ကြီးဘိုးကို ဝတ်ဖြုလဲစေ၍ တနင်္သာရီမြို့စာရေး ငမြတ်လေးနှင့်အတူ မြိတ်မြို့ကန်ကြီးရေကန်ဘောင်တွင် အဆုံးစီရင်လေသည်။ ပုလောမြို့သို့ တစ်ဖန်စစ်တိုက်ရန် အမိန့်တော်နှင့်ခေါ်ရာ ကျကဲ့သို့ခုခံ၍ဗိုလ်ခြေတို့က သေနတ်နှင့် အတင်းဝင်ရောက်ပစ်ခတ်ပြီးလျှင် ယောကျ်ား မိန်းမတို့ကို အကုန်မြိတ်မြို့သို့ယူခဲ့၍ အင်္ဂလိပ်မင်းတို့ကို ခုခံရန် စီမံနေသည့်အတွင်း ထားဝယ်မြို့သို့ အင်္ဂလိပ်မင်းဝင်ရောက်ရာ ရေဝန်မောင်ဒါက ပုန်ကန်၍ ထားဝယ်မြို့ဝန် ဦးရွှေတုတ်ကိုလက်ရဖမ်းယူပြီးလျှင် အင်္ဂလိပ်မင်းသို့ဆက်သလိုက်ကြောင်း ကြားသိရ၍ မြိတ်မြို့ဝန်ဦးမြတ်လေးက ၎င်းရေဝန် ငဒါသည် အရှင်သခင်တော်ကို ဖောက်သောသူဖြစ်၏။ အင်္ဂလိပ်ကိုနိုင်အောင်တိုက်ပြီးလျှင် ငဒါကို လက်ရဖမ်းယူမည်။

အမိန့်တော်နှင့်ထုတ်၍ မြိတ်မြို့ကလက်နက်ကိုင်လူပေါင်း တစ်ထောင်၊ တိုက်လှေပေါင်း ၃၀ ကျော်နှင့် ထားဝယ်မြို့သို့ ချီသွားသော် မလိလေးကျွန်း ရောက်လျှင် အင်္ဂလိပ်မင်းတို့က သင်္ဘောလေးစင်းနှင့် မြိတ်မြို့ကိုချီဘက်လာကြောင်း ကြားသိရသောကြောင့် မြို့ဝန်ဦးမြတ်လေးသည် စစ်သည်အပေါင်းတစ်ထောင်နှင့် တိုက်လှေပေါင်း ၃၀ ကျော်ကို ရုတ်တရက်တပ်ဆုတ်ခွာခဲ့၍ မြိတ်မြို့သို့ရောက်လျှင် မင်္ဂလာရှိသော ပွဲသဘင်ကျင်းပတော်မူ၍ ရေဝန်မောင်ဘိုး၊ စစ်ကဲမင်း ကိုရွှေကြာ၊ စစ်ကဲမှုတ်ဆိတ်၊ အခွန်မင်း မောင်မြတ်ရာ၊ အကောက်ဝန်မင်း မောင်ရောက် စာရေးတော်ကြီး မောင်တော၊ မောင်ပိုန်၊ မောင်မှုန်၊ မြို့နာခံ မောင်လုပ်၊ မြို့သူကြီး မောင်သုတ်၊ မြို့စာရေးကိုပိန်၊ ကိုမြတ်လှ၊

စတိန်သူကြီး ဦးဒေါင့်၊ ထားဝယ်စုကိုပါ၊ မြစ်ငယ်ကိုရှုန်၊ လယ်ကျွန်း ကိုဘုန်းသိ၊ နေကက်လယ်ကိုပန်းဦး၊ မင်းစုံ မင်းညီတို့နှင့် တိုင်ပင်ကြ၍ ရေရှင်သခင် ဘုရင်ဂျီ လူစုနှင့်အမြောက် ၂၅လုံး ပစ်ကြစေ၊ မြို့ဝန်မင်း ဘုရားတောင်ကစာရေးကြီး မောင်ပိန်နှင့် ဆရာထွတ်ဦးက အမြောက် ၅ လုံးပစ်ရမည်။ ဆိပ်ငယ်ရေနား သူရဲခိုက နောက်လယ်ဝက်ခေါင်းအထိ မောင်ရွှေကြာက ပစ်ရမည်။ တနင်္သာရီမြို့သား လူ ၃၀၀ နှင့် သေနတ် ၃၀၀ တို့မှာ ၇၅ယောက်လျှင်တစ်ဘပ်၊ လေးတပ်အပေါ်တွင် ဗိုလ်မောင် မြိတ်ရာက ဆရာတော်ကျောင်းတောင်တွင် နေရမည်။

အရာရှိများကို အသီးသီးလက်နက်ကိုင် ချထားပြီးလျှင် အသင့်စောင့်ကြသည့်အတွင်း သက္ကရာဇ် ၁၁၈၆ ခုနှစ် သီတင်းကျွတ်လဆန်း ၉ ရက်နေ့နံနက် ရှစ်နာရီအချိန်မြိတ်မြို့သို့ အင်္ဂလိပ်ကြက်တောင်ပန်းဗိုလ်မှူးသည် တိုက်သင်္ဘောလေးစင်းနှင့် ဝင်ရောက်လာ၍ကျောက်မီးသွေးရုံကမ်းနားသို့ရောက်လျှင်ထားဝယ်မြို့သားမောင်ခွေးဖြူကို အလံတစ်ချောင်း၊ ကိုင်စေ၍သင်္ဘောစစ်ဗိုလ်ကြီး အမိန့်စာပါ မြို့ဝန်ဦးမြတ်လေးကို ဆက်သသည့်ကာလ မင်းအပေါင်းစုံညီစွာရှေ့တွင် ၎င်းစာကိုဖတ်သည်။

စာ အဓိပ္ပာယ်မှာ ထားဝယ်မြို့ကို ရေဝန် မောင်ဒါက ပေးအပ်၍ မောင်ဒါနှင့်မယား၊ သားသမီးများကို ရှေးကထက် တိုး၍ အင်္ဂလိပ်မင်း စစ်ဗိုလ်တို့က မြင့်မြတ်သောရာထူး ခန့်ထားတော်မူသည်။ ရေဝန် မောင်ဒါ၏သား မောင်ရွှေပုက ထားဝယ်မြို့သား လူပေါင်း ၅၀၀ နှင့် အင်္ဂလိပ်မင်းဘက်က ပါလာသည်။ မြို့ဝန် မောင်မြတ်လေးသည် မြိတ်မြို့ကို အပ်မည် မအပ်မည်ကို အမြန်သိလိုသည်ဟု စာတွင်ပါလာသည်။ ၎င်းစာကို ဖတ်ကြည့်ပြီးလျှင် မြို့ဝန်ဦးမြတ်လေးက အမိန့်တော်ရှိသည်မှာ ၎င်းခွေးဖြူယူလာသော အလံကိုကိုင်စေ၍ မြို့တစ်စပြင်သို့ ထုတ်ယူပြီးလျှင် တလားငခွေးတပ်ကို အပ်၊ ငရွှေးဗိုလ်က ခွေးဖြူကို

ပင်းတံခါးတင်၍ တစ်စပြင်သို့ ထုတ်ယူပြီးမှ ထောင်မှာချထား ရမည်။ အမိန့်တော် ရှိသည့်အတိုင်း ထောင်သွင်ချထားလေသည်။

နံနက် ၉ နာရီခန့်ရှိလျှင် ကျောက်တံတားမှာ သဘော်တစ်စင်း၊ ရေပီးတွင်းက သဘော်တစ်စင်း၊ တံတားကြီးက သဘော် နှစ်စင်း အင်္ဂလိပ်မင်းတို့က အစဉ်အတိုင်း သဘော်စီးကြပ်ချ ထားသည့်အခါ အင်္ဂလိပ်သဘော် နေရာမကျခင် အမြောက်ပစ် ဖောက်ရမည့်အကြောင်းကို ဗိုလ်ခြေတို့က မြို့ဝန် ဦးမြတ်လေး အား လျှောက်ထားလေလျှင် မြို့ဝန် ဦးမြတ်လေးက ငါအမိန့် ပေးမှ ပစ်ရမည်ဆို၍ မြို့ဝန်ဦးမြတ်လေးသည် စေတီကြီးအစက် ကျောက်တန်းတွင် ရွှေထီးနှစ်လက်မိုး၍ ထိုင်နေတော်မူပြီးလျှင် သဘော်စကို ကြည့်နေသည်။ ဆယ်နာရီ အချိန်သို့ ရောက်သော် ရန်ပုံခွင်းနှင့် မြို့လုံးချမ်းသာ အမြောက်ကြီး နှစ်လက်ကို ပစ်ရ မည်။ ထို့နောက် မည်သည့် အမြောက် မဆို ပစ်ကြရမည်။ အမိန့်ပေး၍ ဆယ်နာရီသို့ ကျလျှင် ရန်ပုံခွင်း မြို့လုံးချမ်းသာ အမြောက်ကြီးနှစ်လက်နှင့်တကွ အမြောက်ကြီး အမြောက်ငယ် လက်နက်မျိုးစုံ အကုန်မကြွင်း အင်္ဂလိပ်မင်းသဘော်သို့ ပစ်ကြ လေသည်။ အင်္ဂလိပ် စစ်သဘော်ကလည်း တပြိုင်နက် ပစ်ကြ လေ၏။ သုံးနာရီခန့် ပစ်ဖောက် တိုက်ကြရာ တစ်မြို့လုံး မီးခိုး ဖုံး၍ မှောင်အတိ ဖြစ်ပြီးလျှင် စစ်သည်တော် နှစ်ဦး တို့သည် တစ်ဦးနှင့် တစ်ဦး ကျူးကျော်၍ မမြင်ရ ဖြစ်ကြလေသည်။ နေ့နာရီပြန်နှစ်ချက် မီးခိုးလင်းသည့်အခါ မြို့အရာရှိမင်းများက အခြားနေရာတွင် ပြောင်းရွှေ့ပြီးတိုက်မှ တော်မည် ထင်ကြောင်း မြို့ဝန်ဦးမြတ်လေးအား လျှောက်ထားကြသည့် ကာလ။ တချီ တိုက်ပြီးမှ နေရာပြောင်းရမည် အမိန့်ပေး၍ ထပ်မံ ပစ်ကြပြန် သော် မြို့ကပစ်သော လက်နက်တို့သည် သဘော်တွင် များစွာ မှန်သည်။ သဘော်ကပစ်သော လက်နက်မှာ တောင်ခံနေသော ကြောင့် များစွာအထိအခိုက်မရှိ။ မြို့ဝန်မင်းက ယခု အချိန် နည်းပြီ၊ နံနက်စောစောမှ ပစ်ကြရမည်၊ ယခု ရပ်ဆိုင်းကြဦး၊

ငါ အိမ်သို့သွားဦးမည်၊ သည်အနေဖြစ်လျှင် များစွာ စိုးရိမ်ရန် မရှိ၊ အကယ်၍ ထားဝယ်မြို့သားများ ကုန်းကြောင်းက တက် လာလျှင် ငါကိုလာ၍ လျှောက်ထားကြရမည်၊ အမိန့်ပေးပြီး အိမ်တော်သို့ ဆင်းနေသည့်အခါ မြန်မာစစ်သားတို့က အမြောက် လက်နက်တို့ မပစ်ကြလျှင် သင်္ဘောက လက်နက်ကိုင်စစ်သည် များသည် သမ္ဗန်အများနှင့် ကူးကြ၍ ကျောက်မီးသွေးရုံက ဆိုက်ပြီးလျှင် တက်လာကြရာ လှေကတောင်တပ် ဗိုလ်မောင် ရှန်း၊ ဖြူစစ်တပ်တို့နှင့် ခုခံ၍တိုက်ကြလေသည်။ မသာတံခါးဝရှိ စစ်သားဝ.စ်စုတို့နှင့် ခုခံတိုက်ကြရာ အင်္ဂလိပ်စစ်သည်များသည် ခေတ္တမျှ ဆုတ်ခွာရပ်ဆိုင်း၍ မြို့ရိုးကြားမှာ ခိုနေကြဆဲ အတွင်း အင်္ဂလိပ်မင်းဘုန်းကံကြောင့် မိုးကြီး သည်းထန်စွာ ရွာလေ၏။ မြန်မာစစ်သား အများတို့က ခုခံတိုက်ကြသော် အမြောက် သေ နတ်တို့သည် မိုးစွတ်စိုသောကြောင့် နခွက်က မီးမထွက်ဘဲ အလဲ ဖြစ်နေကြ၍ အင်္ဂလိပ် လက်နက်ကိုင် စစ်သားများသည် မရပ် မနား မြို့ရိုးကြားသို့ ဝင်ကပ်၍ အတင်း တက်ကြသော် မြန်မာ လက်နက်ကိုင် အများတို့သည် လှံ၊ ဓားတို့နှင့် ယိုးခုတ်ကြရာ အင်္ဂလိပ်စစ်သည်မေါင်း တစ်ရာကျော်ခန့် သေဆုံးလေသည်။

တို့နောက် အင်္ဂလိပ်စစ်ဗိုလ်မင်းတာ အတင်းကြိတ်ပြီးလျှင် စစ်ခင်း၍ ဝင်လာကြသည်နှင့် မြို့ဝန် ဦးမြတ်လေးထံ အမြန် လျှောက်ထားကြသော်၊ ငါတိုကြို၍ မပြော အပြစ်တင်စောပြီး လျှင် လက်တလောထ၍ ဦးမြတ်လေးနှင့် သားမောင်မောင်၊ ဓါး ဗိုလ်မောင်လေးတို့သည် မသာတံခါးသို့ ပြေး၍ အတင်းခုခံနေ သည်။ ထိုမသာတံခါးဝက ဂေါရာ တပ်သားများ လှေခါး ထောင်၍ တက်လာကြသောစစ်သည်တို့ကို ဓါးနှင့် မရပ်မနား ခုတ်ကြလေသည်။ ထိုမှတစ်ဖန် မြစ်ငယ်ရပ်ခြံတွင် ဂေါရာတပ် တစ်တပ်ကို ထပ်မံတိုက်ကြရာ ဂေါရာတပ်မခံနိုင်၊ ရှုံးနိမ့်၍ ဗိုလ်မှူးတစ်ယောက် ...

ထိုအခါ ခယ်းတောင်ထိပ်က ရန်ပုံခွင်းအမြောက်ကြီးသည် လက်ကျိုး၍ပစ်မရကြောင်း၊ မြို့ဝန်ကိုလျှောက်ထားလျှင် မြို့ဝန်မင်းက တက်လာသမျှ ဂေါရာကုလားတို့ကို ဓါးနှင့်ခုတ်ကြဟု အမိန့်ပေး၍ မြန်မာစစ်သားများသည် မရပ်မနား ထိုးခုတ်ကြလေသည်။ အရှေ့ကျောင်း တောင်အောက်တွင် အင်္ဂလိပ်စစ်သည် ၁၀၀၀ ကို မြို့ဝန်မင်းကိုယ်တိုင် စစ်ချီတိုက်ကြရာ၊အင်္ဂလိပ်ဗိုလ်တို့၏ လက်နက်ကို မခံနိုင်သောကြောင့် မြန်မာစစ်သားတို့မှာ များစွာ သေဆုံးကြလေသည်။ မြို့ဝန်ဦးမြတ်လေးကိုယ်တိုင် ရှေ့ကရပ်တန့်လျက် ခုခံ ပါသော်လည်း၊ ရေးမြို့၊ ထားဝယ်၊ တနင်္သာရီမြို့များမှာ မိုးလေးလအခါ ပင်လယ် ကမ်းခြေနီး၍၊ မိုးသည်းထန်စွာ မပြတ်မလတ် ရွာလေ့ ရှိသည်။ ထိုအခါ သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့မှာ မိုးကြီး သည်းထန်စွာ ရွာသည့်အခိုက်ကြုံ၍ မြန်မာစစ်သည်တို့၏ သေနတ်လက်နက်တို့သည် မိုးစွတ်စိုသောကြောင့် ပစ်မရဖြစ်ကြ၍၊ မြန်မာစစ်သားများစွာ သေဆုံးကြလေသည်။ ရှေးအခါ မြန်မာလက်ထက်က သေနတ်လက်နက်တို့သည် ယခုကဲ့သို့ ထူးခြား၍ ချောမောပြေပြစ်၊ စနစ်ကျစွာ ဉာဏ်ပညာတို့ဖြင့် လျှင်မြန်အောင်မလုပ်နိုင်ကြသေး။ ပြောင်းဝကသာ ရှိ ရှိးယမ်းထည့်၍ သစ်သားကို ယမ်းထောင်းတန်လုပ်ပြီးလျှင် ထောင်းသိပ်၍ ပစ်ကြလေ၏။ ဓါး၊ လှံ၊ လေးများကိုသာ သူ့ထက်ငါ မသာ သာအောင် အကြီးအကျယ်ပြုလုပ်၍ အသုံးပြုကြပေသည်။ မြို့ဝန်ဦးမြတ်လေးသည် အင်္ဂလိပ်စစ်တပ်ဘို့ကို မရပ်မခံနိုင်အောင် အထပ်ထပ် ပစ်ခတ်ထိုးခုတ်ကြသော်လည်း တစ်မြို့လုံး တုန်လှုပ်ပြီးလျှင်၊ ထိုးခုတ်ပစ်ခတ်ခြင်းငှာ မခုခံနိုင်ကြ၍ ရဲမက်ပေါင်း ၃၀၀၀ ကျော်တို့သည် မြို့မှဆုတ်ခွာ ထွက်ပြေးကြရာ၊ မြို့ဝန် ဦးမြတ်လေးလစ်ယောက်တည်း မြိတ်တောင်သို့ ထွက်ပြေးပြီးလျှင် ကသွင်ရွာမှာ ပုန်းကွယ်၍ နေလေသည်။

၁၁၈၆ ခုနှစ် သီတင်းကျွတ် လဆန်း ၁၄ ရက်ညနေ ၅ နာခွဲအချိန် မြို့ပျက်၍၊ လေးရက်ကြာ ကာလ မြို့ဝန်ဦးမြတ်

လေးက မြို့ကိုဝင်လိုကြောင်း၊ အင်္ဂလိပ် စစ်ဗိုလ်ထံ အကြောင်းကြား၍ အင်္ဂလိပ်ဗိုလ်ကြီးနှစ်ယောက်သွားပြီးလျှင် မြို့သို့ယူသွားကြသည်။ ထိုအခါ အကောက် ရေဗ်ရှင်နှင့် ဘရင်ဂျီများ အမြောက်ပစ်ကြောင်းကို အင်္ဂလိပ်စစ်ဗိုလ်တို့က စစ်ဆေးပြီးလျှင် သဘောတွင်ချ၍ အကျဉ်းထားသည်ကို မြို့ဝန် ဦးမြတ်ဒလးက ငင်းလူများသည် ကျွန်ုပ်အမိန့်ကိုခံ၍ ပစ်ရသည်။ ကျွန်ုပ်ကိုယ်တိုင် အင်္ဂလိပ်မင်းလက်တွင်းသို့ ပါလာပြီ ဖြစ်သောကြောင့် ငင်းလူများ သဘောတွင် မချုပ်ထားသင့်။ ခုခံပြောလျှင် လူပေါင်း ၄၇ ယောက်လွှတ်၍ မြို့ဝန်မင်း ဦးမြတ်လေး မယားသားသမီးများပါ ရေဗ်ရှင်အကောက်ဝန်မင်းတို့ကို အကျယ်ချုပ်၍ ယူသွားပြီးလျှင် ဘင်္ဂလာ မြို့၌ ထားလေ၏။ ထိုနောက် မုတ္တမမြို့သို့ ပြန်ခေါ်ပြီးသော် ပင်စင်နှင့်အမြဲထားလေ၏။

တတိယတွဲပြီးပြီ။

ရာဇဝင်တစ်မျိုးက လာသည်မှာ

ဒွါရဝတီမင်းတရားလက်ထက် သက္ကရာဇ် ၁၀၉၇ ခုနှစ် မြင်းချည်တိုင်ကို အစွဲပြု၍ ရှမ်းအားခါ မာရိတ်ကျွန်းအမည်နှင့် သဘောဆိပ်ပြုလုပ်ရန် မြို့သစ်တည်၍ ဖရာမ ကို ရှမ်းပသျှူးတို့ မြို့ဝန်ခန့်ထားသည်။ ၁၁၁၉ ခုနှစ် မင်း၊ ကိုးဆယ်မြောက် ဖရာ ပလီချပဒေါင်းကို မြို့ဝန်ခန့်သည့်အတွင်း ၁၁၂၁ ခုနှစ်တိုင်ရောက်သောအခါ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် မြိတ်တနင်္သာရီမြို့သို့ ချီတက်တော်မူလာ၍ တနင်္သာရီတိုင်းကို အောင်မြင်တော်မူလေသည်။ ထိုအခါမှစ၍ မြန်မာမင်းတို့ အုပ်

စိုးတော်မူ၏။ ရှမ်းမင်းကိုးဆက်တို့မှာ နှစ်ပေါင်း ၇၃နှစ် စိုး အုပ်ရသည်။

အလောင်းမင်းတရားကြီး၏ နန်းစဉ်နန်းဆက်နှင့်
ငယ်နာမည်၊ နန်းတက်သည့်ခုနှစ်သက္ကရာဇ်
မြန်မာသက္ကရာဇ် ၁၁၁၃ ခုနှစ်တွင် မင်းဖြစ်သည်။

ခရစ်သက္ကရာဇ်	ဘွဲ့တော်	ငယ်နာမည်
၁၇၅၃	အလောင်းမင်းတရားကြီး	ဦးအောင်ဇေယျ
၁၇၆၀	နောင်တော်ကြီး	မောင်လောက်
၁၇၆၃	ဆင်ဖြူရှင်	မောင်ယွ
၁၇၇၆	စဥ့်ကူးမင်း	မောင်ရဲလှ
၁၇၈၁	မောင်မောင်	မောင်မောင်
၁၇၈၁	ဘိုးတော်ဘုရားကြီး	မောင်ဝိုင်း
၁၈၁၉	ဘကြီးတော်	မောင်စိန်
၁၈၃၇	သာယာဝတီ	မောင်ခင်
၁၈၄၆	ပုဂံမင်း	မောင်ထောင်
၁၈၅၃	မင်းတုန်းမင်း	မောင်လွင်
၁၈၇၈	သီပေါမင်း	မောင်ရေစက်

ကုန်းဘောင်မင်း ၁၁ ဆက်တို့၏နန်းစံနှစ်များမှာ

၁။ အလောင်းမင်းတရားကြီး ၈–နှစ်
၂။ နောင်တော်ကြီး ၃–နှစ်
၃။ ဆင်ဖြူရှင် ၁၃–နှစ်
၄။ စဥ့်ကူးမင်း ၅–နှစ်
၅။ မောင်မောင် ၇–ရက်
၆။ ဘိုးတော် ၃၈–နှစ်

၁၈–နှစ်

၇။ ဘကြီးတော် ၉–နှစ်

၈။ သာယာဝတီမင်း ၇–နှစ်

၉။ ပုဂံမင်း ၂၅–နှစ်

၁၀။ မင်းတုန်းမင်း ၇–နှစ်

၁၁။ သီပေါမင်း

၂၈။ ကုန်းဘောင်မင်း ၁၁ ဆက်တွင် နောက်ဆုံး ဖြစ်သော သီပေါမင်း၏ ဖွားတော်မူသော သက္ကရာဇ်နှင့် နန်းစည်းစိမ် သက်တော်အကြောင်း

၁၂၂၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၁၂ ရက် စနေနေ့တွင် ဖွားမြင်တော်မူသည်။ သက်တော် ၁၉ နှစ်နှင့် ၉ လတွင် မန္တလေးရတနာပုံနေပြည်တော်ကြီးကို ထီးနန်းနှင့်တကွ သိမ်းမြန်းစိုးစံတော်မူ၏။ သက်တော် ၂၆ နှစ်နှင့် ဆယ်လ၊ ကောဇာသက္ကရာဇ် ၁၂၄၇ ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော် ၈ ရက်နေ့တွင် အင်္ဂလိပ်အစိုးရမင်း လက်တွင်းသို့သက်ဆင်းကျရောက်လျက် အိန္ဒိယနိုင်ငံသို့ လိုက်ပါ ထွက်စံတော်မူရာ ရတနာဂီရိမြို့တွင် ၁၂၇၇ ခု နတ်တော် လပြည့်ကျော် ၆ ရက် သောကြာနေ့ညသန်းခေါင်ယံအချိန် နတ်ရွာစံလွန်တော်မူသည်။ ကုန်းဘောင်မင်း ၁၁ ဆက်နှင့် အလောင်းမင်းတရားကြီးတစ်၍ သီပေါမင်းအထိ နှစ်ပေါင်း ၁၄၀ အုပ်ချုပ်ရသည်။

မှတ်ချက်။ ။ရာဇဝင်အစောင်စောင်၌ မြန်မာမင်းတို့၏နန်းစံနှစ်သည် ၁၄၀ ဟု ဆိုငြားသော်လည်း တွက်စစ်ကြည့်ရှုသောအခါ ၁၃၃ နှစ်နှင့် ၇ ရက်သာ ရှိကြောင်း နှစ်သက်ရာကို ယူကြပါကုန်။

၂၉။ မြိတ်မြို့ဖြစ်ပျက်မည့်အကြောင်း

မြတ်စွာဘုရားသခင် ထားတော်မူသော သိုက်အရနှင့် ဘမားဖြူ သမားညို ရှစ်းယောက်တို့က အနာဂတ်ကို မျှော်၍ ထားသော သိုက်မှာ မြစ်ကြီးကွယ်၍ မြစ်ငယ် ထင်ရှားမည်။ ရှာကြီးကွယ်၍ ရှာငယ် ထင်ရှားမည်။ ခေါင်းပေါင်းကြီးနှင့် ကြေးယီးရောက်မှ မြို့သာယာမည်။ ရှေ့မြောက်ထောင့် မာကော် ရောင်ငါးဆူတည်လိမ့်မည်။ မြို့လယ်ပေါက်၍ ခြေဆင်းလိမ့်မည်။ ခြေဆင်း၍ပြီး ပြည်မထီးအုံ။ မြို့သူမြို့သားကျွက်ကျွက်ဆူနေခင်မှ အလွန်ညိမ်းလိမ့်မည်။ ခြေထောက်အလွန်များလိမ့်မည်။ တရုတ် ကုလားများလိမ့်မည်။ မြို့သားတောမှာ ခိုလိမ့်မည်။ ပထစ်တောင် ထိပ် ဂဠုန်နား ကမ်းပါးအတောင် ထွက်လိမ့်မည်။ ပထော် တောင်မှာ နဂါးမြီးထောင်မှ သိရလိမ့်မည်။ ကလွင်ခရီး ရေပုံး ကြီးဈေးကြီးတည်ခါ အိမ်ရာတစ်ခု ရွှေတစ်ကြက်ဥ အဖိုးတန်လိမ့် မည်။ စုံလေးပါးမှာ ဘုရားလည်းတည် မြို့လည်းတည်၊ ရုံးကြီး ရုံးငယ်ဆောက်လိမ့်မည်။ ထန်းပိန္နဲချောင်း ကွမ်းသီးချောင်း လှော်လောင်းသမ္ဗန် များလိမ့်မည်။ ကျောက်ဖျာ မြို့ကောင်း သဘော်ကြောင်း မြို့ဟောင်းတောင်လို စည်လိမ့်မည်။ ကလွင် မော်ပထော် ကုန်းကြောင်း သွားလိမ့်မည်။ ကျောက်တံဘား အောက် သောင်ကြီးရောက်ခါ ကမ်းပါးတစ်လျှောက် တဲအိမ် ဆောက် ရောက်ပေါက်လူသူများလိမ့်မည်။ ပထစ်ကမ်းပါး ရေ ခြားနား သွားသူအလွန်ဝုက်လိမ့်မည်။ ပထော်ပထစ် ပျက်လိမ့် မည်။ မပြတ်လူတို့သွားလိမ့်မည်။ လက်နက်မိုးကြီး ရွာလိမ့်မည်။ တစ်ယောက်တစ်ဘက် ဖြစ်လိမ့်မည်။

ခယ်တောင် တောင်

ပထော်ပထစ်အတောင်ထွက်သတ္တ။ ကလွင်ခရီး ရေ ကြီး မြို့ကြီးတည်လတ္တ။ မြို့ခြေဆင်းလတ္တ။ စုံလေ့းစုံဘုံပေါက်လတ္တ ဟူ၍ ဘုန်းကြီး ဈေးကြီးတည်လတ္တ။ သိုက်စေတီကိုဆွဲပြု၍ ရေမခြားဘဲမြေ ဝိဇ္ဇာဝိုရ်ရေးထားသော

တစ်ပြင်တည်း တည်ထားသော တောင်ငယ်ကို ပထစ်တောင်ဟု ခေါ်ဆိုကြသည်။

သက္ကရာဇ် ၁၁၂၃ ခုနှစ် ဇေယျပူရ စစ်ကိုင်းမြို့တည် နန်းတည်ဖြစ်တော်မူသော အလောင်းမင်းတရားကြီး၏ ပထမသားတော်ကြီးမင်းသည် ဗလကျော်ထင်ကို တနင်္သာရီမြို့ဝန် ဦးဒိန်ကျော်ကို မာရိတ်မြို့တော်၌ မြို့ဝန်ခန့်ထားတော်မူသည်။ မြိတ်တနင်္သာရီမြို့များကို ပထမအစဘည်၍ မြန်မာမင်းတို့ အုပ်ချုပ်ကြသော အရာရှိများမှာ မြို့ဝန်မင်း၊ ရေဝန်မင်း၊ အကောက်ဝန်မင်း၊ အခွန်ဝန်မင်း၊ လက်ယာစစ်ကဲ၊ လက်ဝဲစစ်ကဲ၊ လက်ယာနားခံ၊ လက်ဝဲနားခံ စာရေးကြီး နှစ်ယောက်၊ မြို့သူကြီး နှစ်ယောက်၊ မြို့စာရေး နှစ်ယောက်၊ အကွက်အုပ်၊ အကွက်စာရေး လေးယောက်၊ ရုံးတော်ဆော် လေးယောက်။ ခုံအမျိုးမျိုး၊ တရားသူကြီး၊ အိမ်ဦးခုံ၊ မြို့အမှုထမ်း၊ လက်နက်ကိုင် ငါးရာ၊ မြို့အရံအတားမှာ သစ်လုံးတပ် တာပေါင်း ၁၁၃၈ တာ၊ မြို့တံခါးရှစ်ပေါက်၊ မြို့ဝက်ခေါင်း ၄ လုံး၊ ဝက်ခေါင်းတစ်လုံးလျှင် အမြောက်လေးလုံး၊ ပြအိုး ၄၊ ပြစ်စင် ၄၊ ကျုံးမြောင်းပတ်လည် မြို့ကိရိယာကျီတော်တစ်လုံး၊ ထိုကျီတော်အတွင်း ဒေဝန်တိုက် အလှူတော်ဝန်ခန့်ထား၏။ အနောက်မျက်နှာက ကျောက်တံတားကြီး တံခါးတစ်ပေါက်၊ အကောက်တော် တံတားတွင် တံခါး တစ်ပေါက်၊ ဆိပ်ငယ်ရပ်တွင် တံခါးတစ်ပေါက်၊ ပြလမ်းကြီး ၄ လမ်း၊ ပြလမ်းငယ် ၁၂ လမ်း၊ မာရိတ်တောင်ကိုအမှီပြုပြီးလျှင် တည်သောမြို့ဖြစ်၍ မာရိတ်ကင်းမြို့ဟု ခေါ်လေ၏။

မြိတ်ဝိဂြိုဟ်

တုရင်္ဂေါ၊ ထမ္မော၊ ဗန္ဒိတပ္ပောတိ၊ မာရိတ်၊ တုရင်္ဂေါ၊ မြင်း၊ ကို၊ ထမ္မော၊ ချည်တိုင်၌၊ ဗန္ဒိတပ္ပော၊ ဖွဲ့ချည်အပ်၏။ ဣတိ တသ္မာ၊ ထိုသို့ မြင်းကို ဖွဲ့ချည်ရာဌာန ဖြစ်သော သတ္တိကြောင့်၊

ဏ်ရှာနံ၊ ထိုအရပ်သည်။ မ ႏရိတ်၊ မာရိတ်မည်၏။ ဝါ၊ ဘိတ်မြို့မည်၏။ ဝါ၊ မြိတ်မြို့မည်၏။

မာဆိုသည်ကား မြင်း၊ ရိတ် ဆိုသည်ကား ခယ်တိုင်၊ နှစ်ခုပေါင်းသော် မြင်းခယ်တိုင် ဖြစ်သည်။ ရှမ်းတို့အခေါ် မာရိတ်မြို့ကို မြိတ်မြို့တွင်စေရမည်ဟု မြန်မာအခေါ်ဖြင့် ဦးဒိန်ကျော်ဝန်က အသစ်တစ်ဖန် ကမ္ပည်းခေါ်ကွန်း ထိုးတော်မူပြန်သည်။

ထိုအခါကစ၍ မြိတ်မြို့တွင်မြို့ဝန်အရာနှင့် ခန့်ထားသော မင်းအဆက်ပေါင်း

မြန်မာသက္ကရာဇ်	မြို့ဝန်မင်းများ
၁၁၂၃ ခု	ဦးဒိန်ကျော်
၁၁၃၀ ပြည့်	ခေမရာဇာ
၁၁၃၄ ခု	မင်းဥတ္တမ
၁၁၃၅ ခု	မင်းခေါင်ရာဇာ
၁၁၃၇ ခု	ဦးဒိန်ကျော်
၁၁၄၁ ပြည့်	ခေါ်တော်ကြီး
၁၁၄၂ ခု	ရွှေတောင်ငယ်
၁၁၄၅ ခု	ယွေးဗိုလ်
၁၁၄၇ ခု	နတ်စုဗိုလ်
၁၁၅၂ ခု	လင်စင်ဗိုလ်
၁၁၅၇ ခု	ဦးသွန်ကြီး
၁၁၆၀ ပြည့်	ပဲ့တောင်စားမင်း
၁၁၆၈ ခု	သစ်တောဝန်
၁၁၇၄ ခု	မောင်လုံး
၁၁၇၅ ခု	ပဲ့တောင်စားမင်း
၁၁၇၈ ခု	မင်းရန်ကူး
၁၁၇၉ ခု	မောင်ဇာမတ်
၁၁၈၁ ခု	မောင်မြတ်လေး

ခန့်ထားတော်မူ၍ ၅ နှစ်ကြာလျှင် အင်္ဂလိပ်စိုးအုပ်တော်မူလာသည်။

F,9

မြန်မာမင်းတို့ အုပ်စိုးသည်မှာ
မြိတ်တနင်္သာရီနှစ်မြို့ကို ... ၁၁၈၆ ခုနှစ်သီတင်း
မင်းပေါင်း ၂၈။ နှစ်ပေါင်း ၆၃ ဖြစ်သည်။ ၁၁၈၆ ခုနှစ်သီတင်း ကျွတ်လဆန်း ၉ ရက်နေ့ နေဝန်းပေါ်အချိန် အင်္ဂလိပ် ကြက်တောင်ပန်းဗိုလ်သည် သင်္ဘောလေးစင်းနှင့်ဝင်လာ၍ တိုက်ဖျက်သောကြောင့် သီတင်းကျွတ်လဆန်း ၁၄ ရက် နေ့ဝင်လုဆဲဆဲ အချိန်တွင် မရပ်မခံနိုင်ကြသည်နှင့် ရဲမက်ပေါင်း သုံးထောင် ကျော်တို့မှာ မြို့မှဆုတ်ခွာထွက်ပြေးကြရာ မြို့ဝန်မင်း ဦးမြတ် လေးသည် မြိတ်တောင်သို့ ထွက်ပြေးပြီးလျှင် ကလွင်ရွာမှာ ပုန်းကွယ်၍နေလေ၏။ ၁၁၈၆ခုနှစ်ကစ၍ အင်္ဂလိပ်မင်း စိုးအုပ် တော်မူရာ ၁၂၉၁ ယခုနှစ်တိုင်နှစ်ပေါင်း ၁၀၅ နှစ်ရှိပြီ။

မြန်မာရာဇဝင်ပြီး၏။

၁၀။ အင်္ဂလိပ်ဝိတိုရိယဘုရင်မဖုရားကြီးနှင့် သားတော် မြေးတော် အစဉ်အဆက် ရာဇဝင် အကျဉ်းချုပ် အကြောင်း

ဝိတိုရိယဘုရင်မကြီး နန်းတက်သည့် ၁၁၉၉ခုနှစ် နန်းစံ တော်မူသည်။ ၁၂၆၂ ခုနှစ် တပို့တွဲ လဆန်း ၄ ရက် အင်္ဂါနေ့ တွင် ဝိတိုရိယဘုရင်မဖုရားကြီးနတ်ပြည်စံလွန်တော်မူရာ ၁၂၆၂ခု တပို့တွဲလဆန်း ၉ ရက်ကြာသပတေးနေ့တွင် သားတော်အိမ်ရှေ့ ဥပရာဇာ ဝေလမြို့စား ဒွေက်မင်းသားသည် သတ္တမမြောက် ဒွေက်ဘုရင်မင်းမြတ်ဟူသော ဘွဲ့တော်နာမံ ခံယူတော်မူပြီးလျှင် ရာဇာဘိသေက မင်္ဂလာကို ခံယူတော်မူသည်။ ထိုဘုရင်မင်းမြတ် လက်ထက်တော်၌ အိန္ဒိယဘုရင်ခံချုပ်မင်းကြီးကား လပ်ကာဇ မြန်မာပြည်ဘုရင်ခံမင်းကြီးကား ဆာဖရိုက်ရာ။ မြိတ်မြို့အရေးပိုင် မင်းကား ဒီရောစသခင်တို့ လက်ထက်တော်တွင် မြို့ပေါ်ရှိ ဆရာ တော် သံဃာတော်များနှင့်တကွ မြို့နေ ဂုဏ်သရေရှိ လူကြီးလူ တောင်းအပေါင်းတို့က သိမ်တော်ကြီး ကုန်းတော်ပေါ်၌တည် ရှိသော လေးကျွန်းဆီမီးစေတီတော်ကြီးသည် နှစ်ပရိစ္ဆေဒကာလ ရှည်လျားသဖြင့် ပျက်ပြားယိုယွင်းသောအခြင်းအရာကိုမျက်ဝါး ထင်ထင်မြင်ကြ၍ သုံးလောက ထွဋ်ထား မြတ်စွာ ဘုရား၏ သာသနာတော်ကို ကြည်ညို [illegible]

အမျိုးသားဖြစ်ကြသည်နှင့်အညီ ဂရုဂါရဝ သဒ္ဓါစိတ် ယိုဖိတ်ခြင်းဖြစ်ကြ၍ အသစ်ထပ်မံ တည်လုပ်ရန်ကို ညီညာစည်းဝေးတိုင်ပင်ကြပြီးလျှင် အရေးပိုင်မင်း အမိန့်ကိုခံယူရာ အရေးပိုင်မင်းက အခွင့်ပြု၍ တိုက်တွန်းချက်အရ စေတီတော်ကြီးကိုပြုပြင်ရန် ကျောက် အုတ် အင်္ဂတေ တို့ဖြင့် ကိရိယာ တန်ဆာတို့ကို စုဆောင်းစီမံကြလေသည်။

ထိုနောက် ၁၂၆၄ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်အင်္ဂါနေ့ ၁၂ နာရီအချိန်တွင် စေတီတော်ကြီး ဖိနပ်တော်ကို တစ်ဖက်နှစ်တောင်စီ တူးခဲ့၍ အုတ်မြစ် ချပြီးလျှင်၊ ရှိရင်းစေတီတော်ကြီးကို ဖို၍တည်ရန် ထီးတော်ကစပြီး ခေါင်းလောင်းပုံအောက်နားခမ်းအထိ ဖြိုဖျက်ရာ၊ စေတီတော်ကြီး အတွင်း၌ ရှေးမင်းတို့ တည်ထားသော ထီးတော်နှင့်တကွ ခယ်စေတီဟောင်းတစ်ဆူကိုထပ်မံတွေ့ရှိသည်မှာရွှေ ငွေကြေးခဲတို့ဖြင့်ပြီးသောဥပနာဆင်းတုတော် အများနှင့်တကွ၊ ဘုရားဓါတ်တော်စစ် ၃ ဆူကိုလည်း ရွှေကြုတ် ငွေကြုတ် ကြေးကြုတ်တို့ဖြင့် အထပ်ထပ် ထည့်ထားသည်များကို တွေ့မြင်ကြရသည်။

ထိုနောက် ဒွေက်ဘုရင်မင်းမြတ်၏ ရင်သွေးတော် ဖွားသောခရစ်သက္ကရာဇ်ကား ၁၈၆၅ ခုနှစ် ဇွန်လ ၃ ရက် စနေနေ့၊ မြန်မာ သက္ကရာဇ် ၁၂၂၇ ခုနယုန်လဆန်း ၁၁ ရက်နေ့ ဖွားမြင်တော်မူသည်။ ထိုဂျော့မင်းသားသည် သက်တော် ၄၆ နှစ်၊ ခရစ်သက္ကရာဇ် ၁၉၁၁ ခုဇွန်လ ၂၂ ရက် ကြာသပတေးနေ့၊ မြန်မာသက္ကရာဇ် ၁၂၇၃ ခုနယုန်လဆုတ် ၁၁ ရက်နေ့ လန်ဒန်နေပြည်တော်ဝယ် ပြည်ပပြည်တွင်းရှိ မင်းညီမင်းသား၊ မှူးမတ် သေနာပတိ၊ ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်၊ ပုဂ္ဂိုလ်သူမှန်တို့နှင့် တိုင်းတစ်ပါးမှကြွရောက်လာကြသော မင်းညီမင်းသား မှူးမတ် သေနာပတိ၊ သံတမန်တို့အလယ်တွင် ပဉ္စမမြောက်ဂျော့ဘုရင်၊ အိန္ဒိယမဟာဧကရာဇ် ဟူသောဘွဲ့ဖြင့် မြင့်မြတ်သော ရာဇာဘိသိက်ခံယူတော်မူပြီးနောက်၊ ကြီးကျယ်ခမ်းနားစွာသော စစ်အင်္ဂါအခြံအရံတို့နှင့်၊ အိန္ဒိယနိုင်ငံတော်သို့ ထွက်စံမွှာယ်တော် မူပြီးလျှင်၊ ခရစ်တော်သက္ကရာဇ် ၁၉၁၁ ခု ဒီဇင်ဘာလ ၁၂ ရက် အင်္ဂါနေ့၊ မြန်မာသက္ကရာဇ် ၁၂၇၃ ခု နတ်တော်လဆုတ် ၇ ရက်နေ့၌၊ ဂုရု

ဖြစ်ခဲ့ဖူး၍ ရှေးရှေးသော မင်းတို့၏ တိုင်း၏ နေပြည်တော် အိန္ဒိယနိုင်ငံ အနောက်မြောက် စံတော်မူရာ ရာဇဌာနီဖြစ်သော အိန္ဒိယနိုင်ငံအတွင်းရှိ ဘုရင်ခံ နယ်ရှိ၊ ဒေလီမြို့ တော်ကြီး၌ အသီးသီးသော ပဒေသရာဇ်၊ ထီး မင်းများ၊ ဘုရင်ခံချုပ်ကြီး အသီးသီးသော ပဒေသရာဇ်၊ ထီးနန်းရှင်မင်းများ၊ ဘုရင်ခံချုပ်ကြီး မဟာရာဇာစော်ဘွားမြို့စားနှင့်တကွ၊ ခမ်းနားကြီး ရန်နှန်းရန်၊ မဟာရာဇာစော်ဘွားမြို့စားနှင့်တကွ၊ ခမ်းနားကြီး ကျယ်စွာ ခင်းကျင်းအပ်သော စစ်အင်္ဂါလေးပါးတို့၏အလယ်၊ တင့်တယ် မွန်မြတ်စွာသော ရတနာမဏ္ဍပ် အတွင်းတွင် အဂ္ဂ မဟေသီ မေရီမိဖုရားကြီးနှင့်အတူ မွန်မြတ်လှစွာ ရာဇာဘိသိက်ကို ဒုတိယအကြိမ် ခံယူတော်မူလေသည်။

နာနာစက္ကေဟိ။ သမ္ပုဏ္ဏ ။ မဟာပုညော၊ မဟိဿရော၊ သုခံတိဋ္ဌတု။ နောရာဇာ။ သပ္ပဗုဒ္ဓါနုဘာဝေန၊ နာနာစက္ကေဟိ။ ရေသွားမြေသွား ကောင်းထင်သွားနှင့်၊ ရထားစကြာသွက်သွက် ခါအောင်။ ပြင်းစွာတုန်ဟီး၊ လက်နက်စကြာကြီး အပေါင်း တို့နှင့်။ သမ္ပုဏ္ဏ ။ ပြည့်စုံပေထသော။ မဟာပုညော၊ မဟာ ပထဝီ၊ မြေဟိပင်။ မတည်ညွတ်ပြောင်း၊ နိမ့်စောင်းပါးနည်း။ ကြီးမားသော ဘုန်းကံလည်း ရှိပေထသော။ မဟိဿရော။ကျွန်း အစိုးစိုး၊ မြို့အတည်တည်၊ ဌာနီတိုင်းကြီး။ ဘုန်းမီးနေလ။ အစိုး ရပေထသော၊ နော၊ င ါတို့၊ ရာဇာ။ နေနှုံးတမျှ၊ ဘုန်းရောင် ရှပေသည့်။ ပဉ္စမကွာပိန်။ နရိန်စောဖျား။ဂျော့ဘုရင်မင်းတရား ကြီးသည်။ သပ္ပဗုဒ္ဓါနုဘာဝေန၊ အလုံးစုံသော ဘုရားရှင်ကိုယ် မြတ်တို့၏၊ တန့်ခိုးတေဇော် မေတ္တာတော်ကြောင့်၊ သဟာညာ တိဘိ။ မေရီသခင် အရှင်မိဖုရား။ သားတော် သမီး၊ ရှုမညီးစံ ပျော်။ ဆွေတော်မျိုးတော်အပေါင်းတို့နှင့်တကွ။ သုခံ၊ ရေတွေ သည့်ပန်းကဲ့သို့ ငြိမ်းချမ်းသာယာစွာ။ တိဋ္ဌတု၊ ဘုန်းကံပွင့်ဖြိုး။ ဆင့်ဆင့်တိုးလျက်၊ ရန်မျိုး ပျောက်ပျက်။ အသက် ရာကျော်။ တည်တော်မူပါစေသတည်း။

ထိုဘုရင်မင်းမြတ် လက်ထက်တော်၌ မြိတ်မြို့ကို စတီဝင် အရေးပိုင် အုပ်ချုပ်သည့်အတွင်း ၁၂၇၂ ခုနှစ် တန်ဆောင်မုန်း လဆုတ် ၃ ရက်နေ့ မြိတ်မြို့ ဘုရားလူကြီးမင်းများနှင့် တကွ မြို့ပေါ်ဂုဏ်အသရေရှိလူကြီး လူကောင်းအပေါင်းတို့သည် ညီညာ မြမြ စည်းဝေးကြပြီးလျှင် အရေးပိုင်မင်း အမိန့်ကို ခံယူ၍ အခွင့်

ရသောအခါ ရှေးရှေးက မင်းတို့ ပြုစီမံထားသော လေးကျွန်းဆီမီး စေတီတော်ကြီး၏ ထီးတော်သည် ဟောင်းနွမ်း ပျက်စီး ထီးတော်အရောင် မပြောင် မဝင်း လင်းထိန်ခြင်း မရှိ၍ ဘုရားလူကြီးမင်းများက အသင့် စီမံပြုပြင်ရန်ကို ရည်သန်၍ ရိုးရင်းနှလုံးသွင်းပြီးခါ ထီးတော်ဟောင်းကိုအောက်သို့ချ၍ ငှက်မနား စိန်ဖူးဟောင်း၌ရှိသော ရွှေကိုချိန်၍ ကြည့်ကြသော် ၄၇ ကျပ် ၆ ပဲ ရရှိသဖြင့် မြို့ပေါ်ရှိ ဘုရားအစ်မကြီးများက နောက်ထပ်ထည့်ရန် ကောက်ခံ၍ရသောရွှေမှာ ၁၃၁ ကျပ်၊ ၁ ပဲ ၂ ရွေး၊ ပေါင်း ၁၇၈ ကျပ် ၂ ရွေးကို ပေါင်းစု၍ ရွှေပန်းထိမ်သည်များကအချိန်ညီထားရအောင် ဘုရားလူကြီးများရှေ့တော်၌ လုံပေါ်မှာ တင်ပြီးလျှင် ဖိုကျင်ထိုး၍ စင်ကြယ်အောင် ပြုကြသော် ၂ ကျပ် ၆ ပဲ လျော့၏ ပကတိ စင်ကြယ်၍ရသော ရွှေပေါင်းအတောင်းဆုံးကျပ်ချိန်မှာ ၁၇၉ ကျပ်၊ ၁၀ ပဲ ၂ရွေး၊ မြူမှုန်မရှိသော ရွှေစင်ကို ငှက်မနား စိန်ဖူး အထူးသဖြင့် ထီးတော်မြတ်နှင့်တကွ အားဇတဖန် စီမံကြ၍ ၁၂၈၃ ခု၊ တန်ခူးလဆုတ် ၂ ရက်နေ့တွင် အရပ်ရပ်သော ပွဲသဘင်တို့ဖြင့် နွှဲရှင်၍ပြုပြီးလျှင် လေယာဉ်ပျံ ရဟတ်ချားတို့ဖြင့် ထပ်ပွား၍ တင်လှူကြလေသည်။ ထိုနောက် ကြည်ရွှင်သော သဒ္ဓါဘုရားတို့နှင့် မြို့သူမြို့သား ဆူဆူသောင်းသောင်း များစုဆောင်း၍ ရွှေဆိုင်းပေါင်း တစ်သောင်းကျော်ကို မြို့ပေါ်ရပ်ကွက်ပတ်လျက် နွှဲရှင် ပွဲသဘင်လှည့်ပြီးလျှင် လေးကျွန်းဆီမီး စေတီတော်ကြီးကို ညီးညီး ထိန်ဝါ ရတနာ ရွှေသင်္ကန်း ကပ်လှူတော် မူကြလေသတည်း။ ဂုဏ်တော်ဓိပတိ၊ တုမရှိသား၊ မုနိပုံဂဝ၊ စောသကျဟု၊ မရနိုင်ဖွယ်၊ ပြိုးမောက်ကြွယ်၍၊ ရှေးဝယ်ဓမ္မ၊ လေးသစ္စဟု၊ ဝိသေသတရား၊ ထင်ရှားစွာဘိ၊ မြင်တွေ့ရှိသော၊ လေးကျွန်းဆီမီး၊ စေတီကြီး၏၊ ရာဇဝင်စာတန်း၊ နည်းလမ်းသေချာ၊ ရှေးစဉ်လာဖြင့် ပညာသုတ၊ ဆန္ဒရှိသူ၊ လွယ်ကူရှုစေ၊ ကျမ်းပေပေသည်၊ မျှဝေဒေပးကမ်း၊ ကျမ်းစာတန်းကို စိတ်ဝမ်းသာယာ၊ သဒ္ဓါကြည်ဆွ၊ မင်္ဂလာဖို့ဗိုလ်ရအောင်၊ ကြိုးပမ်းရေးစီလိုက်ပါသတည်း။

စတုတ္ထတွဲပြီး၏။

ဆက်လက်ခြင်းအကြောင်း

၃၁။ ပဥ္စမတွဲ ဆက်လက်ခြင်းအကြောင်း

၃၁၊ ပဥ္စမတွဲ ဆက်လက်ခြင်းအကြောင်း

အလွင်ခေါ်ခြင်းသည် ရှေးက ပင်လယ်ကမ်းခြေ ဖြစ်၍ ယခု တလွင်ရွာနှင့် မန်းစက်တော်တောင်များအထိ လွင်ပြင်သည် သဲခုံပေါ်ပြီးလျှင် သစ်ပင်ပေါက်၍ တောဖြစ်နေသည်။ ပန်းဇင်းတောင် ခေါ်ခြင်းသည် ရေ၌ ကျက်စား၍ ရေတက် ရေကျကို အော်ဟစ်တတ်သော ပန်းဇင်းခေါ် ငှက်တစ်မျိုးသည် မြေကို တွင်းတူး၍ အသိုက်လုပ်ပြီးလျှင် ဥခြင်း၊ သားဖောက်ခြင်းစသည် ဖြင့် ၎င်းလွင်ပြင်အနီး တောင်မှာ တွင်းများ တူးဖောက်ပြီး နေသောကြောင့် ပန်းဇင်း တောင်ဟု ခေါ်သည်။ ၎င်းတောင်ကို ခုတ်ထွင်၍ လူတို့နေသောအခါ လွင်ပြင်ကို အစွဲပြုပြီး ကလွင်ရွာဟု ခေါ်ကြလေ၏။

ရေပုံးကြီးခေါ်ခြင်းသည် မြို့က ကလွင်သို့ သွားသော တောစခန်းတွင် အလွန်သာယာ၍ ဘယ်အခါမှ မပြတ် မလတ် စီးဆင်းသော မြို့နှင့် ကလွင်ရွာကြားတွင် ရေမြောင်းကြီးတစ်ခုရှိ၏။ ၎င်းရေမြောင်းက ကျသောရေသည် ရေတံခွန် ဖြစ်ပြီးလျှင် အောက်အနိမ့်ပိုင်းသို့ တဟောဟောကျနေသည်ကို မြို့သူမြို့သားတို့သည် ထမင်းမြိန် ပျော်ပွဲစားခြင်း၊ ခေါင်းလျှော်ခြင်း အစရှိသောကိစ္စတို့ဖြင့် အပျော်အရွှင် ထွက်ကြ၏။ အချို့သော မိတ်ဆွေတို့က ခေါ်ကြသည်မှာ 'မိတ်ဆွေတို့သာကြ ကလွင်ကြား ရေတွင်းမှာ ထမင်းမြိန် စားရအောင်' ခေါ်လေသည်။ ၎င်းနောက် ကလွင်ကြားဟူသော အမည်ပျောက်၍ ကြားတွင်းဟု ခေါ်လေ၏။ ၎င်းကြားတွင်း၌ လူတစ်ယောက်သည် ကုသိုလ်ဖြစ်ရန် ရေပုံးလုပ်၍ထားသည်ကို အများသူတို့ မကြာမကြာ ယူဆောင်သွားသောကြောင့် ၎င်းတို့မယူနိုင်အောင် ရေပုံးကြီးတစ်ခု လုပ်ထား၍ ထိုရေပုံးကြီးကို အစွဲပြုပြီးလျှင် ရေပုံးကြီးဟု ခေါ်ကြလေသည်။ တပ်ပြင်ခေါ်ခြင်းသည် မြောက်ဘက် ကင်းတပ်အပြင်ကျခြင်းကြောင့် တပ်ပြင်ဟု ခေါ်ကြ၏။ ဘိတ်တောင် ခေါ်ခြင်းသည် မြို့အရှေ့တွင် ရွာတည်ခြင်းကြောင့် မြိတ်တောင်၊ ၎င်းနောက် ဘိုတ်တောင်ဖြစ်သည်။ ကြံတောခေါ်ခြင်းသည် တရုတ်လူမျိုး

ဘို့ကြံပင် အမြောက်အမြားစိုက်ပျိုး၍ စားသောက်နေထိုင်ကြသောနေရာကို ကြံတောရွာဟု ခေါ်၏။ ဘုတ်ချောင်းခေါ်ခြင်းသည် ကုသိန္ဒရုံချောင်းဖျားတွင် ဘုတ်ပင်ခေါ်သောသစ်ပင်တို့သည် များစွာ ပြန့်နှံ့၍ပေါက်၏။ ၎င်းအပင်တို့ကို ခုတ်ထွင်ရှင်းလင်း၍နေကြသည်ကို အစွဲပြုပြီး ဘုတ်ချောင်းရွာဟု တွင်သည်။ ရှမ်းချောင်း ခေါ်ခြင်းသည် ရှမ်းများလှေနှင့် လာ၍ ကလွင်ရွာမှ မြန်မာလူမျိုးတို့ကို ဖမ်းယူပြီးလျှင် လှေထဲသို့ချ၍ ဆောင်ယူသွားကြ၏။ ၎င်းရှမ်းများလှေနှင့် ဝင်သောချောင်းကို ရှမ်းချောင်းဟု ယခုတိုင် တွင်လေသည်။ စန္ဒဝတ် ခေါ်ခြင်းသည် ရှေးက ကြက်မဝင်ခေါ်ကြ၍ ၎င်းရွာ၌ ပထမ တည်ထောင်သည့်အခါ တောင်ပေါ်ပိုင်းဟု ရှိသည်။ ၎င်းတောင်ပေါ်ပိုင်းမှာ ကြက်မဝင်သိုက်တစ်ခုရှိ၏။ ထိုသိုက် အနောက်စူးစူးတွင် စမ်းချောင်းတစ်ခုရှိသည်။ သို့ဖြစ်ခြင်းကြောင့် ကြက်မဝင်ပျောက်၍ စန္ဒဝတ်ဟု ခေါ်ကြလေ၏။ ၎င်းရွာသည် ရှေးကများစွာမြုပ်ထားသော ဥစ္စာအပါများ၏။ ဥစ္စာစောင့်လည်း ပေါများသောရွာဖြစ်သည်။ ရှေးကလူကြီးတို့ ကတိသစ္စာမှန်သောအခါ က ကျောက်ဖြူတောင်မှာ ရွှေငွေကစ၍ ပန်းကန်ပြား၊ ပန်းကန်လုံး၊ လင်ပန်းစသော ပစ္စည်းများကို ငှားယူ၍ရကြ၏။ နောက် အခါကာလသို့ ရောက်လျှင် ငှားယူထားသော ပန်းကန်ပြား၊ ပန်းကန်လုံး အတောင်းတို့ကို အိမ်မှာရှိသော ပန်းကန်ပြား ပန်းကန်လုံး၊ လင်ပန်းကွဲတို့နှင့် လဲလှယ်၍ယူကြသောကြောင့် နောက် ကိုငှားယူ၍မရဘဲ ကျောက်တိုက်ကြီးကိုဥစ္စာစောင့်နတ်အပေါင်းတို့သည် ပိတ်ထားကြလေ၏။ ရွှေပေးရွာသည် ရှေးကထားဝယ် မြို့သား ဘိုးရွှေပေး ပထမ ၎င်းနေရာ၌ တောကို ခုတ်ထွင်၍ ဥယျာဉ်လုပ်ကိုင်နေထိုင်သောကြောင့် ၎င်းအဘိုးကြီးကိုအစွဲပြု၍ ရွှေပေးရွာ ဖြစ်သည်။ ရွာသစ်ခေါ်ခြင်းသည် ပြင်တောင်ဘုရား စည်ပင်သာယာသည့်အခါ နှစ်စဉ် တံခူးလနှင့် သီတင်းကျွတ်လသို့ကျလျှင် ပွဲတော်ဖြစ်သည်။ ၎င်းဘုရား တောင်ခြေရင်းတွင် အလွန်သာယာသော တောသည်ရှိ၍ ဘုရားပွဲတော်ကို ခြေကျင် လာနိုင်သည်။ ခတ်လှေ လှော်လှေတို့နှင့်လည်း များစွာလာကြ၏။ လှေဆိုက်ရန် သာယာသောဆိပ်ကမ်းနှင့်တကွ မြို့မနှင့်

လည်း ဝင်ထွက်သွားလာနိုင်သော ရေကြောင်း၊ ကုန်းကြောင်း ခရီးတို့သည် အလွန်သင့်လျော်သောဒေသဖြစ်၍ ၎င်းဘုရားပွဲတော်ကြီးကို စ၍ဖြစ်ခြင်းအကြောင်းမှာ သက္ကရာဇ် ၁၂၄၃ ခုနှစ်က ဆိပ်ငယ်ရပ်တွင် နေသော ဘိုးရွှေမင်း၊ ဘိုးမြတ်သာမွေး၊ ဘိုးကြား၊ ဘိုးတော်တို့သည် ၎င်းဘုရားတောင်ရင်းတွင် နေခင် ထာဝရရွာဖြစ်အောင် ကြံဆောင်၍ သစ်သီး၊ သစ်ပင်အမျိုးမျိုးတို့ဖြင့် ပြည့်စုံအောင်ဥယျာဉ်ကြီးပြု၍ နေကြ၏။ ထိုအဘိုးကြီးများကစပြီး လူအပေါင်းတို့သည် ဥယျာဉ်စိုက်မျိုး နေထိုင်ကြ၏။ အဘိုးကြီး ဘိုးကြားက ငါတို့အသစ်တည်ထောင်သော နေရာကို ရွာသစ်ခေါ်ကြရမည်ဆို၍ယခုတိုင်ရွာသစ်ဟုခေါ်တွင်လေသည်။ ထိုရွာသစ်က အရှေ့မြောက်ကျသောတောင်ကိုဗိုလ်တောင်ခေါ်ခြင်းသည် ရှေးက ရွာသူရွာသားတို့သည် ၎င်းတောင်ကို ဘဂ်လားတောင်ဟု ခေါ်ကြ၏၊ မြိတ်မြို့ကိုအင်္ဂလိပ်မင်းပိုင်လျှင် ထိုတောင်ထိပ်က သင်္ဘောကိုမီးပြလေ၏။ ဤတောင်ကို မီးပြတောင်ဟု ခေါ်ကြပြန်သည်၊ ထိုနောက် မြို့ရွာတို့၏ အကျယ်အဝန်းတိုင်းထွာ၍ မြေကိုသေချာစွာ အဝေးအကွာနှင့် တကွ ပြုပြင်ထားသော အိန္ဒိယမြေတိုင်းသမားခေါ် . တောင်တိုင်းဗိုလ်သည် မြင့်သောတောင်ပေါ်သို့ တက်၍မြေပြွန်မြှုပ်ထား၏။

ထိုတောင်ထိပ်မှ တခြားသော တောင်ထိပ်သို့ မှန်ဘီလူးဖြင့် ကြည့်လေသည်။ ၎င်း တောင်တိုင်းဗိုလ်သည် မီးပြတောင်ထိပ်သို့ တက်ပြီးလျှင် တစ်ဆယ့်ငါးရက်နေသည်။ ထိုတောင်ထိပ်တွင် မြေပြွန်တစ်ခုမြှုပ်ထား၍ အခြားတောင်က မြင်နိုင်အောင် နေ့ကိုအလံပြသည်။ ညကိုမီးပြသည်။ ၎င်းမီးပြတောင်ကို ဗိုလ်ကြီး ခေတ္တနေသောကြောင့် ဗိုလ်တောင်ဟု ယခုအထိ ခေါ်ကြပြန်၏။ ရွှေဒူးရွာ ခေါ်ခြင်းသည် ရှေးပဝေသဏီ အခါက ယိုနေရာတွင် ရွှေတွင်းရှိသည်ဟု ရှေးလူကြီးများ ပြောဆိုကြသည်။ ၎င်း ရွှေတွင်းရှိရာသို့ သင်္ဘောနှစ်စင်းသည် လာ၍တူးပြီးလျှင် ပြန်ထွက်သွားရာ ထိုရွာ၏အနီး မြစ်ကြီးတွင် ၎င်းရွှေ မြောက်မြားစွာ တင်သော သင်္ဘောနှစ်စင်း တိုက်မိသောကြောင့် မှောက်သွားသည်ဟု ပြောဆိုကြ၏။ ထိုရွာ၏အနီးတွင် ရေဝိုင်း၍ နေသည်။ သင်္ဘောမှောက်ခေါ်သော တောင်နှစ်လုံး ယခုအထိ ရှိချေသည်။

ရှေးက ရွှေတူး၍ ယခု ရွှေတူးဟုခေါ်ကြ၏။ အခြားသောမြို့က လူများသည် ရွာသစ်ကို ရွှေတူးဟု ခေါ်ကြလေသတည်း။ မြိတ်မြို့၌ ရွှေတူးဘုရားပွဲတော်သည် တန်ခူးလနှင့် သီတင်းကျွတ်လတွင် များစွာစည်ပင်သာယာသည်။ ဤတွင် တစ်ခန်းရပ်။

၃၂။ တနင်္သာရီတိုင်းမင်းတို့၏ စံပျော်ရာမြို့တော် အစဉ်အဆက် ရာဇဝင် သက္ကရာဇ်အကျဉ်းချုပ်

သက္ကရာဇ် ၇၅–ခုနှစ်၊ ယောနကတိုင်း သာဂရမြည် ကျမိုင်းမြို့တော်ဟောင်းက ကျမိုင်းမင်းကြီး ပြောင်းရွှေ့ဘော်မူသည်။

သက္ကရာဇ် ၁၁၇ ခုနှစ်၊ ကော့ဘိန်း အရပ်၌ ရမ္မာပူရ၊ ရမ္မာဝတီ နှစ်မည်ရမြို့ တည်တော်မူသည်။ သက္ကရာဇ် ၁၄၅-ခုနှစ် ကြက္ကလင်းမြို့ တည်တော်မူလေသည်။ သက္ကရာဇ် ၂၆၁–ခုနှစ် ထောင့်ကွာမြို့ တည်တော်မူသည်။ ထိုထောင့်ကွာမြို့တော်၌ နှစ်ပေါင်း ၂၂၀၊ မင်းပေါင်း ၄၉ ဆက် စံတော်မူကြ၍ ဗျန်စက္ကပိတ် မင်း နောက်ဆုံးဖြစ်၏။ ထိုဗျန်စက္ကပိဘ် မင်ကြီးသည် သက္ကရာဇ် ၄၇၃-ခုနှစ် ရောက်သောအခါ ထောင့်ကွာမြို့က ပြောင်းရွှေ့တော်မူပြီးလျှင် ယခုခေါ်တွင်သော မောင်းတုန်းရွာ အရှေ့မြောက် နှစ်မိုင်ကွာ၌ သက္ကရာဇ် ၄၇၄–ခုနှစ်တွင် ဘန်ရှောင်မြို့ ဘည်တော်မူသည်။ ထိုမြို့၌ မြို့သစ်တည်၍ပြီးလျှင် တစ်နှစ်သာ စံနေတော်မူ၏။ ထို့နောက် တနင်္သာရီ မြစ်ညာသို့ ဆန်တက်တော် မူ၍ သိမ်ဒွာရွာအထက် သက္ကရာဇ် ၄၇၇–ခုနှစ် မော်စွန်းကြီးမြို့ တည်လေသည်။ ထိုမြို့က ပြောင်းရွှေ့တော်မူပြီး သက္ကရာဇ် ၅၁၄–ခုနှစ်တွင် အောင်သာဝရမြို့ တည်တော်မူသည်။ ထိုမြို့တည် နန်းတည် ဗျန်စက္ကပိတ် မင်းတရားကြီးသည် အောင်သာဝရ မြို့တော်၌ နန်းသက် ၄၅ နှစ် စံနေတော်မူ၍ သက်တော် ၈၀ တွင် နတ်ရွာ စံလွန်တော်မူသည်။ သားတော် ပရမရာဇာမင်း ထီးနန်း စိုးစံ တော် မူလေသည်။

ဗျန်စက္ကပိတ်မင်းမှစ၍ မင်း ၄ ဆက်တို့မှာ နှစ်ပေါင်း ၁၁၇ နှစ် ထီးနန်းစိုးစံတော်မူပြီးလျှင် သက္ကရာဇ် ၆၃၀ ပြည့်နှစ်

တနသ်ာတိုင်း–မြိတ်ရာဇဝင်တော်ကြီး

ထိုအခါ သမီးတော်တစ်ပါး
တွင် ကျူမိုင်းမင်းဆက်ဆုံးလေ၏။ ထိုအခါ သမီးတော်တစ်ပါး
သာ ရှိသောကြောင့် မှူးမတ် ပညာရှိတို့နှင့် တိုင်ပင် ကြည့်
အရှင်ဇ္ဇယတိုင်း သာဂရတိုင်းပြည်သို့ သွားပြီးလျှင် မင်းလောင်း
တောင်းကြလေ၏။ ထိုအခါ လင်းဇင်မင်းကြီးက သားတော် သုံး
ပါးတွင် အလယ် သားတော်ကို အမတ်တို့အား အပ်လေ၏။
ထိုမင်းသားသည် အမတ်များနှင့်တကွ အောင်သာဝရ မြို့တော်သို့
လိုက်၍ သမီးတော်ကို သိမ်းပိုက်တော်မူပြီးလျှင် ဤအောင်သာ
ဝရ မြို့တော်၌ ခေတ္တထီးနန်း စိုးစံ၍ မကြာမီပင် ထိုမင်းသည်
သက္ကရာဇ် ၆၃၅-ခုနှစ် ခရင်းသေ အရပ်၌ စ၍ မြို့တည်တော်မူ
သည်။ ထို ကေဒယ်မင်းသည် တနင်္သာရီမြို့ကို သုံးနှစ်တိုင် တည်
ရလေ၏။ သက္ကရာဇ် ၆၃၉–ခုနှစ် ကျောက်တိုင်စိုက်ပြီးမှ ရေ
မဖျက်နိုင်ဘဲ အမြဲ တည်တံ့၍ ယခုထက်တိုင် ရှိလေသတည်း။
ယခု တောနေ့ာက်လယ်ခေါ်သော သန်းဒုတ်ရွာကို ရှေးအခါက
ဆင်တုတ်မြို့ဟု သမုတ်၍ သက္ကရာဇ် ၆၃၉-ခုနှစ်မှာပင် သဘော
ဆိပ်မြို့ တည်လေသည်။ သမုဒ္ဒရာကင်းမြို့လည်း ခေါ်ကြ၏။

သက္ကရာဇ် ၁၀၉၃ ခုနှစ် ဗြဟ္မသွန်တိဿာမင်းသည် ခယ်
တောင်ခနရာသို့ ပြောင်းရွှေ့ပြီးလျှင်၊ မာရိတ်မြို့ဟု သဘောဆိပ်
မြို့တည်သည်။ ထိုဗြဟ္မသွန်တိဿာမင်း မာရိတ်မြို့၌ အုပ်ချုပ်စိုးစံ
တော်မူ၍ ၂၈ နှစ်ရှိသောအခါ သက္ကရာဇ် ၁၁၂၁ ခုနှစ်သို့ရောက်
လျှင်၊ မြန်မာ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည်
ရေး၊ ထားဝယ်၊ မာရိတ်၊ တနင်္သာရီတိုင်းကို အောင်တော်မူ၍၊
မာရိတ်မြို့ကို မြိတ်မြို့ဟု ကမ္ပည်းမော်ကွန်းထိုးစိုက်တော် မူလေ
သတည်း။ မြိတ် တနင်္သာရီနှစ်မြို့ကို မြန်မာမင်းတို့အုပ်စိုးသည်မှာ
င်းပေါင်း ... ပြည့်သူ့စာကြည့်တိုက် ... နှစ်ပေါင်း ၆၃ နှစ်ဖြစ်၏။

တနင်္သာရီတိုင်း၊ မြိတ်ရာဇဝင်အကျဉ်းချုပ်

ပြီး၏။

စာအမှတ် ....
ရက်စွဲ ....
ရှမ်း-မြိတ်မြို့။

29.12.15/2

17.6.16/10

ပြန်ပေးရမည့်

26.9.16/58

14.6.17/1

11.12.17/2

စာပေးစီစစ်	ပညာရေး [illegible] တလေဘက	[illegible] ချူ
[illegible]နို့ စက် [illegible]	[illegible] ဆိုပ် ရှိ	[illegible]
[illegible] အားဝို [illegible]	တိုက်ပိုးသွင်[illegible]	[illegible] သွား
စင်စာရင်း[illegible]	[illegible]ဘယ်[illegible]	စင်တင်

ဆရာကြီး ဦးကြီးဝဍ္ဎ